ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ စနေနေ့။ Saturday, 21 January 2017 (၈၀၁၃)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၀

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေအိမ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။**

စာမျက်နှာ ၃ ကော်လံ ၆ သို့ ❖



■ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)



# တောင်ငူပညာရေးကောလိပ်အဆောက်အအုံသစ်ဖွင့်

## ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ အဆင်ပြေပြေသင်ကြားနိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေး ဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

**တောင်ငူပညာရေးကောလိပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေအား ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းငြိမ်းက အထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။** (သတင်းစဉ်)

တောင်ငူပညာရေးကောလိပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ကျင်းပစဉ် ဒုတိယသမ္မတက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တတဲရှိ ဟီဂူချီတို့ထံ ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းငြိမ်းက

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳



## ပြည်တွင်းရေးရာ

**✱ တောင်ငူမှ**

တောင်ငူပညာရေးကောလိပ် အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းကို ပေးအပ်ခဲ့သည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက လက်ရှိအစိုးရ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများတွင် မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိသည့်ကာယ၊ ဉာဏစွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများအတွက် အလေးထားဆောင်ရွက်သည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ သင့်လျော်သော ဆရာနှင့် ကျောင်းသားအချိုးရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းအသီးသီးရှိ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားရေးစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း စသည့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု၏ ဦးစားပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေးဆိုင်ရာ လုပ်ငန်းများကို ဖော်ဆောင်နိုင်ရန် ဆရာအတတ်ပညာပြည့်မီမြင့်မားရေးနှင့် သင်ကြားရေးစွမ်းရည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အတွင်း တည်ရှိနေသည့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ်မှန်ကန်ရေး၊ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် အမျိုးသားပညာရေးစနစ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားပညာရေး၏ ရည်မှန်းချက်များဖြစ်သည့် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးကို လေ့ကျင့်ပေးရန်၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကိုလေးစားလိုက်နာသော နိုင်ငံသားများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်လာစေရန် အစရှိသည့် အမျိုးသားပညာရေး ရည်မှန်းချက်များကို ပေါက်မြောက်အောင်မြင်အောင်လည်း မိဘပြည်သူ၊ ဆရာဆရာမများ၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လည်း အလေးထားပြောကြားလိုပါကြောင်း။

မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း မူလတန်းဆရာ အင်အားပြည့်စုံရေး၊ ဆရာအရည်အသွေးပြည့်ဝရေးသည် အရေးကြီးသည့်အလျောက် လုပ်ငန်းခွင်အကြို ဆရာ အတတ်ပညာသင်တန်းများဖြစ်ကြသည့် DTEd (Diploma in Teacher Education) နှင့် PPTT (Pre - service Primary Teacher Training) သင်တန်းများကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်လေ့ကျင့် သင်တန်းပေးလျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍ ခေတ်မီဆန်းသစ်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးအခြေခံအဆောက်အအုံများ ပြည့်စုံရေးသည် အရေးကြီးသော အနေအထား၌ ပါဝင်နေပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်တိုးမြှင့်သုံးစွဲနေသကဲ့သို့ နိုင်ငံတကာကူညီထောက်ပံ့မှုများကို အကျိုးရှိရှိနှင့် ထိထိရောက်ရောက် အသုံးပြုနိုင်ရန် အထူးအရေးကြီးပါကြောင်း၊ ယခုလို ကျောင်းဆောင်သစ်များ



တောင်ငူပညာရေးကောလိပ် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်အား ကျောင်းအုပ်ကြီးဒေါ်ငြိမ်းငြိမ်းက အထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။ (သတင်းစဉ်)

အဆင့်မီမီ ပေါ်ထွန်းလာသည့်အတွက် ဆရာ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများပါ အဆင်ပြေပြေသင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ ခေတ်မီပညာရေးစနစ်ဖြစ်ပေါ်လာရန် ခေတ်မီပညာရေးအခြေခံများလည်း လိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းကူညီပေးသည့်အတွက် နိုင်ငံတော်ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ နောက်ထပ်လည်း ထောက်ပံ့ကူညီမှုများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်လည်း မျှော်လင့်ထားပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

အခမ်းအနားတွင် တောင်ငူပညာရေးကောလိပ်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် တောင်ငူပညာရေးကောလိပ် ကျောင်းအုပ်ကြီးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခြင်း၊ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် အခမ်းအနားတက်ရောက်လာကြသူများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ တောင်ငူပညာရေးကောလိပ်ဆိုင်းဘုတ်ကို ဒုတိယသမ္မတဦးမြင့်ဆွေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တောင်ငူပညာရေးကောလိပ်အတွင်းရှိ စာကြည့်တိုက်၊ အုပ်ချုပ်မှုခန်း၊ ဆေးပေးခန်း၊ အနားယူအပန်းဖြေနေရာ၊ အိမ်တွင်းမှုသိပ္ပံလက်တွေ့ခန်း၊ စာသင်ခန်းများ၊ အနုပညာခန်း၊ ကွန်ပျူတာလေ့ကျင့်ခန်းနှင့် သင်တန်းသား အိပ်ဆောင်များတည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုကြပြီး သင်တန်းသား၊ သင်တန်းသူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ခဲ့သည်။

တောင်ငူပညာရေးကောလိပ်ကို ၁၉၆၇ ခုနှစ်တွင် ဆရာအတတ်သင်ကျောင်း၊ ၁၉၉၃ ခုနှစ်တွင် ဆရာအတတ်သင်သိပ္ပံ၊ ၁၉၉၈ ခုနှစ်တွင် ပညာရေးကောလိပ်အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပညာရေးကောလိပ်များကို မြန်မာ့လူ့ဘောင်နှင့် လိုက်လျောညီထွေပြုမူပြောဆိုနေထိုင်တတ်ပြီး ဆရာဟူသော ဂုဏ်သိက္ခာနှင့် ပြည့်စုံသည့် ဆရာမွန်များ ပေါ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးရန်၊ မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန် ဘက်စုံပညာရေးလုပ်ငန်းများတွင် ကိုယ်တိုင်ဦးဆောင်နိုင်ပြီး အစဉ်လေ့လာသင်ယူနေသော ပညာရေးအဖွဲ့အစည်းအဖြစ် ပြုစုပျိုးထောင်လေ့ကျင့်ပေးရန်နှင့် ပညာရေးဌာနတွင် တာဝန်ယူနေကြရသော ဆရာ ဆရာမများ၏ ပညာဗဟုသုတ တိုးပွားရင့်သန်ရေး အတွက်လည်းကောင်း၊ သင်နည်းများ ပိုမိုကောင်းမွန်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းရပ်များကျွမ်းကျင်စွာ ဆောင်ရွက်နိုင်မှုအတွက်လည်းကောင်း ကြံဆတီထွင်စမ်းသပ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**❖ ရွှေဖုံးမှ**

ညစာစားပွဲသို့ တက်ရောက်လာကြသူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အင်ဒရူး ပတ်ထရစ်တို့လည်း တက်ရောက်ကြသည်။

ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာခြင်းဖြစ်ပြီး ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်မှာ ဇန်နဝါရီ ၂၂ ရက်ထိ ၃ ရက်ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

**ငြိမ်းချမ်းချစ်ကြည် တွဲလက်ညီ ပြည်ထောင်စုသား သွေးချင်းများ**

# မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် နားလည်မှုနှင့် အပြုသဘောဆောင် ပူးပေါင်းကူညီပေးရန်လို

**သတင်းထုတ်ပြန်ချက်**

- မလေးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စ ဖြစ်သည့် ရခိုင်ပြည်နယ် ပြဿနာကို ဆွေးနွေးရန် အိုအိုင်စီ အထူးအစည်းအဝေး ခေါ်ယူကျင်းပခြင်းအတွက် အထူးစိတ်မကောင်း ဖြစ်မိပါသည်။
- မလေးရှားနိုင်ငံ၏ စိုးရိမ်ပူပန်မှုများသည် အဖြစ်မှန်ကို စိစစ်ခြင်းမပြုဘဲ လူ့အခွင့်အရေးဆိုးရွားစွာ ချိုးဖောက်မှု အခြေအနေများရှိနေသယောင် ရည်ရွယ်ချက်ရှိရှိ ပုံဖော်၊ ထုတ်ပြန်လျက်ရှိသည့် သတင်းမီဒီယာအချို့၏ သတင်းဖော်ပြချက်အပေါ် အခြေခံသည်ဟု ယူဆပါသည်။ ယင်းကဲ့သို့ ထိရှလွယ်သည့် ပြဿနာမျိုးအား ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်အတွက် အသုံးချနေခြင်းမှာ စိုးရိမ်စရာ ဖြစ်ပါသည်။
- မလေးရှားနိုင်ငံ၏လုပ်ဆောင်ချက်သည် မြန်မာနိုင်ငံအစိုးရက ယင်းပြဿနာအား ဖြေရှင်းရေးအတွက် ကြိုးပမ်းအားထုတ်နေမှုများကို လုံးဝလျစ်လျူရှုထားရာလည်းကျပါသည်။ ယခုဖြစ်ပွားသည့် အခြေအနေသည် ဘာသာရေးဖိနှိပ်မှုမဟုတ်ဘဲ၊ ပြည်သူတို့၏ အသက်နှင့် လုံခြုံရေးကို အစွန်းရောက် အကြမ်းဖက်တိုက်ခိုက်မှုမှ ကာကွယ်ရေးအတွက် ဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန် အစိုးရမှ ညွှန်ကြားထားပြီးဖြစ်ပါသည်။
- ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ၉-၁၀-၂၀၁၆ ရက်နေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် စနစ်ကျကျ ကြိုတင်ကြံစည်ပြင်ဆင်၍ အကြမ်းဖက်သည့် ပုံစံမျိုးဖြင့် ပြည်ပမှ ကူညီပံ့ပိုးပေးထားသည့် အစွန်းရောက်အကြမ်းဖက် တိုက်ခိုက်သူများက လုံခြုံရေးတာဝန်ယူသည့် ရဲစခန်းများကို တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ၁၉-၁-၂၀၁၇ ရက်နေ့၌ ပြုလုပ်သော အိုအိုင်စီအစည်းအဝေး၏ရလဒ် စာရွက်စာတမ်းများတွင် ဖော်ပြမှုမရှိသည်ကိုလည်း များစွာအံ့သြမိပါသည်။ ဤအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် (၉) ဦး အသက်ဆုံးရှုံးခဲ့ပြီး၊ လက်နက်ခဲယမ်းများ ဆုံးရှုံးခဲ့ပါသည်။
- ရခိုင်ဒေသ ငြိမ်းချမ်းတည်ငြိမ်ရေး၊ လုံခြုံရေးအတွက် မည်သူမျှ မြန်မာအစိုးရနှင့် ပြည်သူများထက် စိုးရိမ်မည့်သူ မရှိပါ။ ထို့ကြောင့်လည်း ဤပြဿနာရပ်ကို ဖြေရှင်းရန်နှင့် ရခိုင်ပြည်နယ်အတွင်း သဟဇာတရှိမှု၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် ကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်သွားရန် စစ်မှန်သော ဆန္ဒနှင့် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။
- အစိုးရအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များအားလုံးကို လုပ်ဆောင်လျက်ရှိနေပါသည်။ ပြဿနာကို လက်တွေ့ကျကျဖြေရှင်းနိုင်မည့် ယန္တရားများကိုချမှတ်ထားရှိပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် လုပ်ငန်းကော်မတီလေးရပ်ပါဝင်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို လည်းကောင်း၊ ပြည့်စုံကောင်းမွန်စွာနှင့် ထိရောက်စွာ ဖြေရှင်းရေးကို အထောက်အကူပြုစေမည့် ရေရှည်နည်းလမ်းကောင်းများ ရရှိရေးအတွက် ဒေါက်တာကိုဖီအာနန် ခေါင်းဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို လည်းကောင်း၊ မကြာမီက ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် စွပ်စွဲမှုများကို စုံစမ်းစစ်ဆေးရန် ဒုတိယသမ္မတ ဦးဆောင်သည့် ကော်မရှင်တစ်ရပ်ကိုလည်းကောင်း ဖွဲ့စည်းထားပြီးဖြစ်ပါသည်။
- ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသသို့ လူသားချင်းစာနာမှု အကူအညီပေးမှုများကိုလည်း လုံခြုံရေး အခြေအနေ ပိုမိုတိုးတက်လာသည်နှင့်အမျှ တဖြည်းဖြည်းနှင့် တိုးချဲ့ပေးအပ်လျက်ရှိပါသည်။
- ရခိုင်ပြည်နယ် ပြဿနာနှင့်ပတ်သက်၍ ရေရှည်တည်တံ့မည့် ဖြေရှင်းမှု တစ်ရပ်ရရှိရေးကို အာရုံစိုက်ဆောင်ရွက်ခြင်းသည်သာ အသိုက်အဝန်းနှစ်ရပ်လုံး၏ အကျိုးကို အကောင်းဆုံး ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ မလိုလားအပ်သော ဖိအားပေးမှုများ ပြုလုပ်ခြင်းသည် နဂိုကပင် ရှုပ်ထွေးနေသည့် ပြဿနာရပ်ကို ပိုမိုရှုပ်ထွေးမှုများ ဖြစ်ပေါ်စေမည်သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် နားလည်မှုနှင့် အပြုသဘောဆောင် ပူးပေါင်းကူညီပေးရန် လိုပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်**

**ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်။**

# ရွေးကောက်ခံသမ္မတ ဒေါ်နယ်လ်ထရန့် သမ္မတရာထူးတာဝန်များ စတင်ထမ်းရွက်





**ဝါရှင်တန် ဇန်နဝါရီ ၂၀**

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ပြည်သူများရွေးချယ်တင်မြှောက်ခဲ့သည့် ရွေးကောက်ခံသမ္မတ ဒေါ်နယ်လ်ထရန့်သည် (၄၅)ယောက်မြောက် အမေရိကန်သမ္မတအဖြစ် သမ္မတရာထူးတာဝန်များကို ယနေ့ (ဇန်နဝါရီ ၂၀ ရက်)တွင် စတင်ထမ်းရွက်မည်ဖြစ်ပြီး ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။

သမ္မတအိုဘားမားက ရွေးကောက်ခံသမ္မတဒေါ်နယ်လ်ထရန့်အား သမ္မတရာထူးတာဝန်များကို တရားဝင်လွှဲပြောင်းပေးအပ်သည့် ယနေ့အခါသမယကို အမေရိကန်ပြည်သူများက တီဗွီရုပ်သံလိုင်းများမှတစ်ဆင့်(သို့) အမေရိကန်အောက်လွှတ်တော်ကွန်ဂရက်သို့ သွားရောက်ကာ အမေရိကန်နိုင်ငံ၏ (၄၅)ယောက်မြောက်သမ္မတအား ကြိုဆိုချီးမြှောက်ကြမည်ဖြစ်သည်။

ဇန်နဝါရီ ၂၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် သမ္မတရာထူးတာဝန်များလွှဲပြောင်းမှုကို အစဉ်အလာအတိုင်း ကျင်းပမည်ဖြစ်သည်။

သမ္မတအိုဘားမားနှင့်ဇနီးတို့သည် ရွေးကောက်ခံသမ္မတ ဒေါ်နယ်လ်ထရန့်နှင့်အတူ ကွန်ဂရက်သို့ သွားရောက်ကာ သမ္မတရာထူးတာဝန်များ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်မည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရန့်ကို ရှုံးနိမ့်ခဲ့သော ဟီလာရီကလင်တန်လည်း အဆိုပါ အခမ်းအနားသို့ တက်ရောက်ဖွယ်ရှိသည်။ (၄၃) ယောက်မြောက် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့်ဇနီးအပြင် (၃၉)ယောက်မြောက် သမ္မတ ဂျင်မီကာတာလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် (၄၁)ယောက်မြောက် သမ္မတဂျော့ဟားဘက် ဝေါ်ကာဘုရှ်သည် နာမကျန်းဖြစ်နေသဖြင့် အဆိုပါအခမ်းအနားသို့ မတက်ရောက်နိုင်ကြောင်း ဒေါ်နယ်လ်ထရန့်ဆီသို့ စာလွှာပို့ခဲ့ကြောင်း သိရသည်။

ဒေါ်နယ်လ်ထရန့်၏ သမ္မတရာထူးအာဏာ စတင်လက်ခံသည့် အခမ်းအနားသို့ အမေရိကန်ပြည်သူ ရှစ်သိန်းမှ ကိုးသိန်းထိ တက်ရောက်နိုင်ဖွယ်ရှိသည်။

လွန်ခဲ့သော ရှစ်နှစ်အကြာက သမ္မတဘာရက်အိုဘားမား ရာထူးအာဏာစတင်လက်ခံခဲ့သည့်နေ့တွင် အမေရိကန်ပြည်သူ ၁ ဒသမ ၈ သန်းခန့် တက်ရောက် ချီးမြှောက်ခဲ့ကြောင်းသိရသည်။

သမ္မတတစ်ဦးအဖြစ် ပထမဆုံးအကြိမ် အဖွင့်မိန့်ခွန်းမပြောကြားမီ ဒေါ်နယ်လ်ထရန့်က သူ၏တွစ်တာစာမျက်နှာတွင် 'ဒီနေ့ အလုပ်တာဝန်များ စတင်ပြီ'ဟု ရေးသားခဲ့သည်။ သို့သော် ဒေါ်နယ်လ်ထရန့်၏ သမ္မတရာထူးတာဝန်များ စတင်ထမ်းရွက်သည့် ယနေ့အခါသမယတွင် ကောင်းချီးသြဘာပေးသူများနှင့် ထရန့်အား ဆန့်ကျင်သူများရောပြွမ်းနေမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ကြသည်။

ဒေါ်နယ်လ်ထရန့်သည် အမေရိကန်နိုင်ငံ၏ အသက်အကြီးဆုံး သမ္မတတာဝန် ထမ်းရွက်မည့်သူဖြစ်သည်။ ထို့ပြင် စစ်ရေးနှင့်နိုင်ငံရေးနယ်ပယ်များတွင် အတွေ့အကြုံမရှိသည့် အမေရိကန်နိုင်ငံ၏ ပထမဆုံးသော စစ်ဦးစီးချုပ်တစ်ဦးဖြစ်သည်။ အမေရိကန်နိုင်ငံပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရန်၊ အခြေခံအဆောက်အအုံများဆောက်လုပ်ရန်နှင့် နိုင်ငံအတွင်း လူဝင်မှုကြီးကြပ်မှုကိုလည်း တင်းကျပ်စွာကိုင်တွယ်မည့်အပြင် အမေရိကန်ပြည်သူများကို ပိုမိုချစ်ခင်ရင်းနှီးမှုရှိစေရန် ဖန်တီးမည်ဖြစ်သည်ဟု ၎င်းပြောကြားခဲ့သော မိန့်ခွန်းများတွင် ဒေါ်နယ်လ်ထရန့်က ထည့်သွင်းပြောကြားလေ့ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# ဒုံးကျည်ဖျက်စနစ်သစ် အစ္စရေးဖြန့်ကြက်

**ဂျေရုဆလင် ဇန်နဝါရီ ၂၀**

အစ္စရေးနိုင်ငံသည် အဆင့်မြှင့်တင်ထားသည့် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး စနစ်သစ်တစ်မျိုးကို ဇန်နဝါရီ ၁၉ ရက်တွင် စတင်လည်ပတ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ယင်းပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်ကို ကြယ်တာရာစစ်ပွဲများဟု အမည်ပေးထားပြီး နိုင်ငံတွင်းရှိ ပစ်မှတ်များကို အာကာသအတွင်းမှ ဝင်ရောက်တိုက်ခိုက်လာမည့် ပဲ့ထိန်းဒုံးကျည်များကို လုံခြုံစိတ်ချစွာ ဖျက်ဆီးနိုင်မည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ၏ အဲရိုး-၃ အမည်ရှိ ဒုံးကျည်ကို အမေရိကန်နိုင်ငံမှ ဘိုးရင်း စစ်လက်နက်ပစ္စည်းကုမ္ပဏီနှင့် အစ္စရေးအစိုးရပိုင် လေကြောင်း အာကာသစက်မှုလုပ်ငန်းတို့ပူးတွဲ အဆင့်မြှင့်တင်လုပ်ဆောင်ခဲ့ပြီး အစ္စရေးလေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဲရိုး-၃ ဒုံးကျည်စနစ်နှင့်အတူ အဲရိုး-၂ ဒုံးလက်နက်စနစ်များသည် ၂၀၀၀ ပြည့်နှစ်အတွင်းကပင် အစ္စရေးနိုင်ငံ၌ စတင်အသုံးပြုလျက်ရှိပြီး ၎င်းနိုင်ငံအား ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်ထိမှန်လာနိုင်မှုများကို ထူးခြားစွာလျော့ကျစေခဲ့သည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အဲရိုး-၂ အမျိုးအစားဒုံးကျည်သည် ကမ္ဘာ့လေထုလွှာအထက်ပိုင်းနှင့် အောက်ပိုင်းမှ ဝင်ရောက်လာသည့် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားပစ်ခတ်နိုင်ရန် ပုံစံထုတ်တည်ဆောက်ထားခြင်းဖြစ်ပြီး အဲရိုး-၃ ဒုံးကျည်မှာ အာကာသအတွင်းထိတိုင် ပစ်လွှတ်နိုင်ပြီး ၎င်းတွင် တပ်ဆင်ထားသည့် လက်နက်ထိပ်ဖူးများသည် ပစ်မှတ်ရှိရာအတွင်းသို့ အသေခံဂြိုဟ်တုများသဖွယ် ဝင်ရောက်ထိမှန်နိုင်သည်ဟု သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**





# အောလ်နိပွန်လေကြောင်းမှ ခရီးသည်တင်လေယာဉ် ဟော့ကိုင်းဒိုးရှိလေဆိပ်တစ်ခုတွင် ပြေးလမ်းချော်

**ဆာပိုရို(ဂျပန်) ဇန်နဝါရီ ၂၀**

အောလ်နိပွန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၁၉ ရက် မွန်းတည့်ချိန်ဝန်းကျင်က ဟော့ကိုင်းဒိုးကျွန်းရှိ ရှင်ချီတိုစ်လေဆိပ်သို့ ဆင်းသက်ပြီးနောက် ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း ယင်းဖြစ်ရပ်ကြောင့် ထိခိုက်ဒဏ်ရရသူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒီအိတ်ချ်စီ-၈ ကျူ-၄၀၀ အမျိုးအစားလေယာဉ်တွင် ခရီးသည် ၂၁ ဦးနှင့် လေယာဉ်အမှုထမ်း လေးဦးတို့ လိုက်ပါလာပြီး ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း အာကီတာမြို့မှ ပျံသန်းလာခြင်းဖြစ်သည်။ ရှင်ချီတို့စ်လေဆိပ်သို့အဆင်းတွင် ပြေးလမ်းပေါ်ရှိ ဆီးနှင်းပုံကို ဝင်တိုက်မိကာ ရပ်နားသွားခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

အဆိုပါလေဆိပ်တွင် လေယာဉ်ပြေးလမ်းနှစ်ခုရှိပြီး အခင်းဖြစ်ပွားပြီးနောက် ပြေးလမ်းတစ်ခုကို ပိတ်ထားလိုက်ရသည်။

အာတီကာမြို့မှ ဒေသစံတော်ချိန် ၁၀ နာရီ မိနစ် ၃၀တွင် ပျံသန်းထွက်ခွာခဲ့သည့် ယင်းလေယာဉ်သည် ပြေးလမ်းဘီးချော်မှုကြောင့် လေယာဉ်မြေပြင်ပြေးလမ်းသို့ ဝင်ရောက်ရန် ကြိုးပမ်းရာမှ ပြေးလမ်းပြင်ပသို့ ရောက်ရှိသွားကြောင်း အောလ်နိပွန်လေကြောင်းကုမ္ပဏီက ပြောကြားသည်။လေယောဉ်ပေါ်ပါခရီးသည်များအား အခင်းဖြစ်ပွားပြီး တစ်နာရီခန့်အကြာတွင် လေယာဉ်ကွင်းမှ ထွက်ခွာခွင့်ပြုခဲ့သည်။

လေယာဉ်မတော်တဆမှုဖြစ်ပွားချိန်၌ လေဆိပ်ဝန်းကျင် ဆီးနှင်းများကျဆင်းနေပြီး လေယာဉ်ပြေးလမ်းအနီးတွင် ဆီးနှင်းထုထည်သည် ၃၂ စင်တီမီတာထိ ထူထပ်စွာကျဆင်းနေသည်။ လေဆိပ်ဝန်းကျင်၏ မွန်းတည့်ချိန် အပူချိန်မှာ အနုတ် ၂ ဒသမ ၅ စင်တီဂရိတ်အထိ ကျဆင်းနေပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၂၄ ဒသမ ၄၈ ကီလိုမီတာရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။ **ကျိုဒို။**

# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**မွန်ဂိုလီးယားသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ မွန်ဂိုလီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဇာတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂျ်က မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်း မြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးသည် အာရှ-ပစိဖိတ်ဒေသဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အကျိုးစီးပွား အတွက် ဆက်လက်တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်ပါသည်။ အဆွေတော် သမ္မတကြီး ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝ တိုးတက်ပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

အလားတူ မွန်ဂိုလီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထန့်လန်ခ်အော်ဂီကလည်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**ပေါ်တူဂီနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူများအနေဖြင့် သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်ဟု ပေါ်တူဂီသမ္မတ မစ္စတာ မာဆယ်လို ရီဘယ်လိုဒီဆိုဆာက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

**ဘူတန်ဘုရင့်နိုင်ငံ**

ဘူတန်ဘုရင့်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒါရှိုရှာရင်းတော့ဂေးက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံကြားတည်ရှိနေသော ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများသည် ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါသည်။ အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများအနေဖြင့် ငြိမ်းချမ်းသာယာဝပြောပါစေဟု ဆန္ဒပြုပါသည်။

အလားတူ ဘူတန်ဘုရင့်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒမ်ချိုဒိုဂျီကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်)

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုဗဟိုကော်မတီ(၁/၂၀၁၇) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုဗဟိုကော်မတီ (၁/၂၀၁၇) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်၍ ရွေးကောက်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုဖြစ်သော ကယား၊ ချင်း၊ စစ်ကိုင်း၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ရှမ်းပြည်နယ်တို့တွင် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်ကိုးနယ်ကို အကျုံးဝင်သော မြို့နယ်ကိုးမြို့နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် သုံးနယ်ကို အကျုံးဝင်သော မြို့နယ် ၁၀ မြို့နယ်၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ခုနစ်နယ်ကို အကျုံးဝင်သော မြို့နယ်ငါးမြို့နယ်တို့တွင် မဲဆန္ဒနယ် ၁၉ ခု၊ မဲရုံပေါင်း ၂၀၀၀ တွင် နိုင်ငံရေးပါတီပေါင်း ၂၅ ပါတီမှ ကိုယ်စားလှယ်ပေါင်း ၉၅ ဦးတို့က ရွေးချယ်ခံသွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပွင့်လင်းမြင်သာစွာပြုလုပ်သွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအကြိုကာလ၊ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲလွန်ကာလ လုံခြုံရေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပစဉ်ကာလက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေးသည် အရေးကြီးဆုံးဖြစ်၍ ရွေးကောက်ပွဲပျက်ပြားစေမည့် သတင်းလှုပ်ရှားမှုများကို လုံခြုံရေးရှုထောင့်မှ ရှုမြင်သုံးသပ်ပြီး လုံခြုံရေးစီမံချက်များ စနစ်တကျရေးဆွဲဆောင်ရွက်သွားကြရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ပြီး လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ထားကြရန်မှာကြားသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယရဲ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတို့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၌ သီးခြားစီတွေ့ဆုံသည်။

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်း၍ လုပ်ဆောင်နေမှုများ၊ လွှတ်တော်အပါအဝင် စာနယ်ဇင်းသမားများ၏ သတင်းရယူဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းရင်းသား မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် ဖြစ်စဉ်များနှင့် ပတ်သက်၍ သတင်းအမှန် ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး၏ သတင်းထုတ်ပြန်ရေးအဖွဲ့၊ တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသခံ သတင်းထောက်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ စာနယ်ဇင်းသမားများ၏ ဘေးကင်းလုံခြုံရေး (Safety of Journalists) နှင့် ပတ်သက်သည့် သဘောထားအမြင်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။




မစ္စ ရန်ဟီလီ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်တွေ့ဆုံစဉ် ကုလသမဂ္ဂနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တွေ့ဆုံစဉ် တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ လုပ်ငန်းများ၌ လူ့အခွင့်အရေးအခြေအနေဖြစ်ပေါ်တိုးတက်မှုများ၊ ဥပဒေပြုရေး အခန်းကဏ္ဍတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ပြဋ္ဌာန်းမည့် ဥပဒေများနှင့် တည်ဆဲဥပဒေများအကြား လိုက်လျောညီထွေမှုရှိစေပြီး အခြေခံ လူ့အခွင့်အရေးများကို မထိခိုက်စေရေးအတွက် ဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။



မစ္စ ရန်ဟီလီ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် မြေယာသိမ်းဆည်းခံရမှု ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများ၊ မြေယာလျော်ကြေးပေးမှုနှင့် စွန့်လွှတ်မြေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် မစ္စရန်ဟီလီနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

# ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၈ ဒသမ ၈၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၇၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၂ဒသမ ၆၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၂ ဒသမ ၈၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၇၅ သန်းနှင့်စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၆ ဒသမ ၅၅ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၃၉ ဒသမ ၁၉ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၁၃ ဒသမ ၉၁ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၂၇ ဒသမ ၀၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၅၂ ဒသမ ၅၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄၇၉ ဒသမ ၅၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၆၂ ဒသမ ၇၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၅၆ ဒသမ ၁၂ သန်းနှင့်စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၈၁၈ ဒသမ ၈၂ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၇၂၉၈ ဒသမ ၃၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၃၃၉ ဒသမ ၂၈ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

■

# ဖတ်ကြည့်ကို ဖတ်ကြည့်ခြင်း

## ရဲသျှမ်း

**ဆရာကျော်စောမင်း(ကြည်မင်း)ရဲ့"ဖတ်ကြည့်"** ဆောင်းပါးများစုစည်းမှုစာအုပ် သည်ရက်ပိုင်းမှာ လင်းလွန်းခင်စာပေက ထုတ်ဝေလာပါတယ်။ ပြည်သူ့အရေးဂျာနယ်နဲ့ ကြေးမုံသတင်းစာမှာရေးခဲ့တဲ့ ဆောင်းပါးစုစည်းမှုပါ။ ဟန်သစ်မဂ္ဂဇင်းမှာရေးခဲ့တဲ့ ဆောင်းပါးများကိုတော့ ချန်ထားခဲ့ပုံရပါတယ်။

ဖတ်ကြည့်ကို ကျွန်တော်တို့စာရေးသူများ စောင့်ဖတ်ခဲ့ရပါတယ်။ ဆရာပေးတဲ့ သစ်ခက်သရဖူကို ရင်ခုန်ခဲ့ဖူးပါတယ်။ အယူအဆတချို့မတူတာ၊ သဘောမတူတာရှိခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆရာ့ရဲ့အားထုတ်မှုစေတနာကိုတော့ လေးစားအားကျခဲ့တာပါပဲ။

အခု "ဖတ်ကြည့်"စုစည်းမှုမှာ ဆရာက စာပေဆုနဲ့ပတ်သက်ပြီး ဆောင်းပါးသုံးပုဒ်ရေးထားတာရှိပါတယ်။ "စာပေဆုပြဿနာ"၊ "ဆုကိစ္စဂယက်"၊ "စာပေယဉ်ကျေးမှုကောင်စီ" ဆိုတဲ့ဆောင်းပါးတွေပါ။

**စာပေဆုပြဿနာ**

သည်ဆောင်းပါးကိုဖတ်ပြီးတဲ့အခါ မြန်မာနိုင်ငံမှာ အဖွဲ့အစည်းအသီးသီးကပေးတဲ့ စာပေဆုတွေအကြောင်း၊ ပြောင်းလဲလာတဲ့စာပေဆုတွေ၊ Ethic တို့ကို တွေ့ရပါမယ်။ အနှစ်ချုပ်ထုတ်ပြပါရစေ။

- ယုဝတီဂျာနယ်က အရည်သွေးတက်လာသောစာမူရှင်များကို ယုဝတီဘွဲ့ချီးမြှင့်။
- ရှုမဝမဂ္ဂဇင်းကလည်း စာမူပြိုင်ပွဲကျင်းပပြီး ငွေတစ်ထောင်ဆုချီးမြှင့် (၁၉၆၀ ဝန်းကျင်)။
- ပြန်ကြားရေးဝန်ကြီးဌာန၏ အတောင်အလက်တစ်ခုအဖြစ်"စာပေဗိမာန်ဆု"ပေါ်ထွက်လာ။
- တော်လှန်ရေးကောင်စီတက်ပြီး သုံးနှစ်အကြာမှာ အနုပညာဆိုင်ရာစာပေဆုဟုအမည်ပြောင်းပြီး စာမူအဆင့်များကိုပါ ယှဉ်ပြိုင်ခွင့်ပြု။ (ယခုစာပေဗိမာန်ဆုနှင့် သဏ္ဌာန်တူ)။

"စာပေဆုရွေးချယ်ရေးအဖွဲ့မှာပါဝင်သူတွေက မိမိပါဝင်ကြောင်းထုတ်ဖော်ပြောဆိုခွင့်မရှိ။ အကဲဖြတ်သုံးသပ်ချက်ကို ပြင်ပစာနယ်ဇင်းများတွင် မရေးရ။ စိစစ်အကဲဖြတ်နေသော စာအုပ်များအကြောင်း စာနယ်ဇင်းများတွင် မရေးရ။ ဆုကြေညာပြီးလျှင်လည်း ၎င်းအတွေ့အကြုံကို ငါးနှစ်အတွင်းမရေးသင့်" ဆိုပြီး ဆရာကျော်စောမင်းက ဆုရွေးချယ်သူတွေလိုက်နာသင့်တဲ့ (Ethics) ကျင့်ဝတ်ကို ရေးထားပါတယ်။

နိုင်ငံတကာမှာရော ဒီလိုပဲလား။ ဆုရွေးချယ်မယ့်သူတွေရဲ့ အမည်ကို လျှို့ဝှက်ထားတာပဲလား။ ကျွန်တော်တို့နိုင်ငံမှာတော့ လျှို့ဝှက်သလိုလိုနဲ့ မလျှို့ဝှက်ဘဲ လူသိရှင်ကြားဖြစ်နေတာကရော ဘာကြောင့်ပါလဲ။ ကျွန်တော့်အမြင်ကတော့ ဆုရွေးချယ်ရေးအဖွဲ့ကို ပွင့်လင်းမြင်သာစွာ ကြေညာပေးသင့်တယ်လို့မြင်ပါတယ်။

ကိုယ်တိုင်က အဆင့်မြင့်ရသစာပေ (ဘာသာပြန်) မဖန်တီးနိုင်ဘဲ ဘာသာပြန်ဆုအကဲခတ်တာမျိုး၊ ရာသီဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့၊ အထိမ်းအမှတ်ဘွဲ့လောက်ကို ခံစားမှုမပါဘဲ ကဗျာစပ်နည်းကျွမ်းကျင်ရုံနဲ့ ကဗျာဆုအကဲဖြတ်တာမျိုးတွေ ရှိကောင်းရှိနိုင်တယ်လို့ ထင်မြင်ချက်ပေးလာရင် ရှင်းပြနိုင်ရပါမယ်။

နောက်တစ်ခုက စာပေဗိမာန် စာမူဆုပြိုင်ပွဲတွေပါ။ တချို့က ကိုယ့်စာမူတွေ စာအုပ်ထုတ်ဝေခွင့်မသာလို့၊ ကိုယ်တိုင်လည်းငွေကြေးမစိုက်ထုတ်နိုင်တော့ စာပေဗိမာန်မှာ ဝင်ပြိုင်၊ ဆုရွေးချယ်ခံရရင် စာအုပ်ကလေးလည်းဖြစ်လာမှာဆိုတဲ့ စိတ်အရင်းခံနဲ့ပြိုင်ကြတာပါ။ တချို့ကတော့ ပြဇာတ်၊ ကဗျာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ယဉ်ကျေးမှုစတဲ့ ဘာသာရပ်အစုံမှာ ဝင်ပြိုင်ကြတော့တာပါပဲ။ ရည်ရွယ်ချက်ကိုက စာမူဆုရချင်တဲ့ ရည်ရွယ်ချက်ဖြစ်နေတယ်။ ဆုအတွက်ရည်ရွယ်လုပ်တာဖြစ်တဲ့အတွက် ရင်ထဲက၊ နှလုံးသားထဲကလာတဲ့စာ ဟုတ်ချင်မှဟုတ်ပါတော့မယ်။

ကိုယ်သန်ရာစာပေအမျိုးအစားကို ဖန်တီးတာမဟုတ်ဘဲ ဆုအတွက်ရေးတာဆိုတော့ ရည်ရွယ်ချက်မှားနေတယ်လို့ ထင်တာပါပဲ။

နောက် စာပေအိမ်ဦးခန်းမှာ အခုံသားဝင်ထိုင်ချင်ကြတဲ့သူတွေက စာပေဗိမာန်စာမူပြိုင်ပွဲတွေမှာ တိမ်းညွှတ်လာကြတာပဲဖြစ်တယ်။ တချို့ကိုယ်တိုင်မရေးလို့ သိုးသိုးသန့်သန့် သတင်းတွေထွက်ကြတယ်။ ကိုယ့်ကိုယ်ကိုယ်မရှက်တတ်ကြ၊ လိပ်ပြာသန့်သန့်မနေတတ်ကြသူတွေကတော့ နေရာတိုင်းမှာရှိနေကြတာပဲမဟုတ်လား။

**ဆုဂယက်ကိစ္စ**

"အမျိုးသားစာပေဆု" ဆိုတဲ့ အမည်ကို ဆရာကျော်စောမင်း ဘဝင်မကျဖြစ်ပုံရတယ်။ နိုင်ငံတော်အဆင့်ဆိုရင်(နိုဘယ်ဆုလို) စာရေးသူတစ်ဦးက တစ်ကြိမ်ပဲ ရနိုင်ခွင့်ရှိပါတယ်။ စာအုပ်ကိုပေးတာဖြစ်တဲ့အတွက် အကြိမ်ကြိမ်ရကြတာရှိပါတယ်။ Booker's Prize တို့၊ ပူလစ်ဇာဆုသဘောမျိုးဖြစ်နေတဲ့အတွက် "အမျိုးသားစာပေဆု"အစား အမျိုးသားစာပေဝတ္ထုရှည်စာအုပ်ဆု"၊ "အမျိုးသားစာပေကဗျာစာအုပ်ဆု"လို့ ပြင်သင့်ကြောင်း ထောက်ပြပါတယ်။ ဆရာထောက်ပြတာအလွန်ပဲသင့်ပါတယ်။ အမည်ရွေးချယ်တာကို ဝိုင်းဝန်းစဉ်းစားအကြံဉာဏ်ယူပြီး အကောင်းဆုံး၊ အသင့်ဆုံး ရွေးချယ်ပေးဖို့ ဆန္ဒပြုပါတယ်။

ဆရာကျော်စောမင်းက အမျိုးသားစာပေဆု(နိုင်ငံတော်စာပေဆု) ရွေးချယ်ရေးအဖွဲ့ကို လွှတ်တော်ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့ပေးဖို့ပါတောင်းဆိုအကြံပြုထားပါတယ်။ မူ၊ နည်းဥပဒေ ပြဋ္ဌာန်းပြီး ကိုယ်ပိုင်ရုံးအဖွဲ့၊ ရုံးခန်းနဲ့ တင့်တင့်တယ်တယ်ဖြစ်တဲ့ လွတ်လပ်တဲ့ကောင်စီဖြစ်ဖို့အထိ တိုက်တွန်းရေးသားထားပါတယ်။ ဆရာ့ရည်ရွယ်ချက်၊ စေတနာ အလွန်ပဲကောင်းမွန်လှပါတယ်။ ဆရာ့ရည်ရွယ်ချက် အမြန်ဆုံးဖြစ်ပေါ်လာမယ်လို့ ကျွန်တော်လည်း မျှော်လင့်မိပါတယ်။

**စာပေယဉ်ကျေးမှုကောင်စီ**

သည်ဆောင်းပါးမှာ ခေတ်ပေါ်ကဗျာဆု ရွေးချယ်ပေးနိုင်ရေးအတွက် ဆရာတိုက်တွန်းထားတာပါ။ ဖြစ်သင့်တာကြာပါပြီ။

အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ ပိုမိုအားကောင်းလာဖို့အတွက် ဆရာအကြံပြုရေးထားတာကို ဆရာရေးတဲ့အတိုင်း မခြွင်းမချန် ဖော်ပြလိုက်ပါတယ်။

"သတင်းမီဒီယာကောင်စီဟာ နိုင်ငံတော်အဆင့် အဖွဲ့အစည်းပါ။ လွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးပြီး ဥပဒေပြဋ္ဌာန်းချက်အတိုင်း ရွေးကောက်တင်မြှောက်တာကို သမ္မတက အတည်ပြုရတာပါ။ စာပေနဲ့ ယဉ်ကျေးမှုကောင်စီကိုလည်း ဒီအတိုင်းလုပ်သင့်တယ်ပြောတော့ တစ်ဦးတလေက ကန့်ကွက်ပါတယ်။ ဒီလောက် မလိုပါဘူးတဲ့။ လိုတယ်လို့ ကျွန်တော်မြင်တယ်။ အရှည်မျှော်ပြီးပြောတာပါ။ ဥပဒေပြဋ္ဌာန်းပြီး ခိုင်ခိုင်မာမာဖွဲ့စည်းထားရင် လိုတစ်မျိုး၊ မလိုတစ်မျိုး အုပ်စုတစ်စုရဲ့ ထားရာနေ စေရာသွားဆိုတာမျိုး မဖြစ်တော့ဘူး။ မူကိုခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောင်းနေတာ မဖြစ်တော့ဘူး။ အဖွဲ့မှာစည်းကမ်းတစ်ခုရှိပါတယ်။ ကိုယ့်စာအုပ်ပါနေရင် ပဏာမအဆင့်မှာပဲ အဖွဲ့ကထွက်ပေးရတဲ့မူပါ။ အားလုံးရဲ့ သဘောတူညီမှုနဲ့ ပြဋ္ဌာန်းခဲ့တာပါ။ ဒီလိုလုပ်မှလည်း ကိုယ်ဖတ်၊ ကိုယ်ရွေး၊ ကိုယ်ယူဆိုပြီး အပြောခံရတာမျိုးလွတ်မယ်။ နိုင်ငံတော်အဆင့်ဆိုတာ သတိကြီးကြီးထားနိုင်မှ ရတယ်။ သို့သော် ဥပဒေနဲ့ ပြဋ္ဌာန်းထားတာမဟုတ်တော့ ငါဘုရင်၊ ဘယ်နှပတ်လှည့်လှည့်ဆိုတာမျိုးလည်း ဖြစ်လာနိုင်တာပါပဲ။

ဥပဒေအရ ဦးရေ ၂၀ ဝန်းကျင်ပါဝင်တဲ့ ကောင်စီဖွဲ့မယ်။ အဖွဲ့ရဲ့ ဖွဲ့စည်းရေးကိုတော့ လုပ်ထုံးလုပ်နည်းဥပဒေနဲ့ ပြဋ္ဌာန်းပေးမယ်။ စာအုပ်စုဆောင်းရေးနဲ့ အကဲဖြတ်ရေးအတွက် အခြေခံမူတွေ သတ်မှတ်ပေးမယ်။ နိုင်ငံတော်က ဘတ်ဂျက်ချပေးတဲ့အတွက် ရုံးခန်းနဲ့၊ ရုံးအဖွဲ့နဲ့၊ လုပ်ပိုင်ခွင့်နဲ့ ဖြစ်လာတဲ့အခါ လုပ်ငန်းတွေပိုပြီးထက်မြက်လာမှာပဲ။ ဥပဒေအရ ခန့်အပ်တဲ့ကောင်စီဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးတွေဟာ ကူညီသူနေရာမှာပဲ နေရတော့မယ်။ ဩဇာပေးခြင်း၊ ကိုယ့်လူတွေသွတ်သွင်းခြင်းလုပ်လို့မရတော့ပါဘူး။

သတင်းမီဒီယာကောင်စီလို စာပေရေးရာကောင်စီ ပေါ်ပေါက်လာမယ်ဆိုရင် လုပ်ငန်းခွဲဝေမှုတွေရှိပြီး ပိုမိုထိရောက်လာမယ်လို့ ထင်မြင်မိပါတယ်။ စာပေဆုရွေးချယ်ရေး၊ စာမူပြဿနာ၊ ကျင့်ဝတ်ကိစ္စတွေပါ အကောင်းဆုံးဖြေရှင်းနိုင်လိမ့်မယ်လို့ မျှော်လင့်မိတာပါပဲ။" ဖတ်ကြည့်ကို ဖတ်ကြည့်ပါလို့ စာဖတ်သူများကိုလည်း တိုက်တွန်းလိုက်ပါတယ်။ ။

# အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်

နိုင်ငံတိုင်းတွင် သမိုင်းစဉ်များရှိကြသည်။ အရင်းရှင်နိုင်ငံ၊ ကွန်မြူနစ်နိုင်ငံ၊ ဆိုရှယ်လစ်နိုင်ငံစသည်ဖြင့် မည်သည့်ဝါဒစနစ် ကွဲပြားကြသည်ဖြစ်စေကာမူ မိမိတို့နိုင်ငံနှင့်ဆိုင်ရာ သမိုင်းဖြစ်စဉ်များရှိကြသည်ချည်းဖြစ်ပါသည်။ အရင်းရှင် နိုင်ငံများအနေဖြင့် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ကျူးကျော်မှု၊ ကျွန်ပြုမှု၊ ကိုလိုနီစနစ်အတွင်း အတင်းအကျပ်သွတ်သွင်းမှုစသည့် အတိတ်ဖြစ်စဉ်ဖြစ်ရပ်များရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်ဆိုရပါလျှင် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့သမားအင်္ဂလိပ်တို့၏ လက်အောက်သို့ရောက်ရှိပြီး ကိုလိုနီနိုင်ငံအဖြစ် ကျွန်ပြုခြင်းခံရသည်။ နယ်ချဲ့တို့၏ လက်အောက်တွင် မြန်မာ့နိုင်ငံရေး နာလန်မထူနိုင်အောင် တင်းကျပ်စွာ ဖိနှိပ်ချုပ်ချယ်ခြင်းခံခဲ့ရသည်။ စီးပွားရေးတွင် မြန်မာနိုင်ငံသားအားလုံး အိုးတစ်လုံး ဖျာမရှိ ဘူမိကမ္ပလာ မြေမွေ့ရာနှင့် ချူချာမွဲတေအောင် အဆီကိုညှစ်၊ အနှစ်ကိုထုတ် ကုပ်သွေးကိုစုပ်ခြင်း ခံခဲ့ကြရသည်။ လူမှုရေးနယ်ပယ်တွင်လည်း အစစအရာရာမှာ နယ်ချဲ့တို့က ပါဝင်ပတ်သက်ဝင်ရောက်ခြယ်လှယ်ကာ မလှုပ်သာအောင် ချုပ်ကိုင်ထားခြင်းခံခဲ့ရသည်။

တစ်နိုင်ငံလုံးရှိ ပြည်သူအပေါင်း လူနှင့်လူချင်း အဆင့်အတန်းချင်းမတူ၊ ကျွန်သပေါက်ဘဝနှင့် မျက်နှာမွဲအပယ်ခံ မတန်မရာသည့်သဖွယ် အညှာကိုကိုင် နိုင်စားခြင်းခံခဲ့ရသည်။ စင်စစ်မြန်မာတို့သည် ဇာတိမာန်ပြင်းထန်သည်။ အမျိုးကိုချစ်သည်။ ဆတ်ဆတ်ထိမခံတတ်သောလူမျိုး။

"ထီးသုဉ်းနန်းသုဉ်း၊ ကြငှန်းသုဉ်းနှင့်၊ မြို့သုဉ်း သုညသုဉ်းဘဝနှင့် ဆုံးရပြန်လစ်၊ သုညခေတ်တွင်၊ လူဖြစ်ရလေ၊ တို့တစ်တွေမှာ၊ သေသော်မှတည့်၊ သြော် ကောင်း၏" ဟူသော ဆီဘန်းနီဆရာတော်၏ စာဆိုနှင့်အညီ နယ်ချဲ့တို့၏ လက်အောက်တွင် ကျွန်ဖြစ်မခံလိုကြ။ ထို့ကြောင့် မျိုးချစ်ပုဂ္ဂိုလ် အသီးသီးတို့က ရရာလက်နက် စွဲကိုင်လျက် မျက်နှာဖြူနယ်ချဲ့ကို ကြီးမြတ်သော စိတ်ဓာတ်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ သမိုင်းတွင်ထင်ရှားကျော်ကြားသော ဗိုလ်ရာညွန့်၊ ဗိုလ်မြတ်ထွန်း၊ ရှိန်းမကားဗိုလ် စသောမြန်မာသူရဲကောင်းများ၊ မြန်မာ့သမိုင်းတွင် နယ်ချဲ့တို့အား အများဆုံးဒုက္ခပေးခဲ့ကြသော မြင်စိုင်းမင်းသား၊ မိုင်းပွန်စော်ဘွား စောခွန်တီ၊ လင်းပင်မင်းသားနှင့် ကျိုင်းတုံစော်ဘွားစောခမ်းပု၊ ကျောင်းကုန်းကရင်အမျိုးသားမန်းပေါ်၊ ကချင်ပြည်နယ်မှ ဖုန်ကန်ဒူးဝါး၊ ဘီးလင်းမှ ကျောက်ညှပ်ဘုန်းတော်ကြီး၊ ဇလွန်မှ ရွှေလုံဗိုလ်၊ ရှမ်းအမျိုးသား ထွက်ငလူ၊ ဝန်သိုစော်ဘွား ဦးအောင်မြတ်၊ ကယားစော်ဘွား စောလဖော်၊ ချင်းအမျိုးသား ကွန်ဘိစ်နှင့် ရွှေချိုးဖြူ မင်းသား၊ ရခိုင်မှ ဗိုလ်မောင်ပိုင်၊ ဗိုလ်တော၊ ဝစော်ဘွား စောမဟာနှင့် နောင်ခမ်ဦး၊ ပုဂံမှ ဗိုလ်ချို၊ ဝဲလောင်မှ ဗိုလ်ရာညွန့်၊ မင်းဘူးမှ ဗိုလ်ဥတ္တမ၊ ဗိုလ်ရွှဲ၊ နတ်မောက်မှ ဗိုလ်ရွှေလရောင် စသူတို့အများအပြား တော်လှန်စစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။

အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားပြီးသည့်နောက်တွင် တော်လှန်ရေးသမားများက မိမိတို့နယ်မြေဒေသအလိုက် လက်နက်စွဲကိုင်ကာ တွန်းလှန်တိုက်ခိုက်ခြင်းသာ ဖြစ်သောကြောင့် တစ်မျိုးသားလုံး တစ်သွေးတည်း၊ တစ်သံတည်း အင်အားများစုစည်းလျက် စည်းလုံးညီညွတ်စွာ တွန်းလှန်တိုက်ခိုက်ခြင်း မဟုတ်သဖြင့် ပရိယာယ်ကြွယ်လှသည့် နယ်ချဲ့တို့အား အရေးနိမ့်ခဲ့ရပေသည်။ သို့စေကာမူ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်များ ပျောက်ပျက်မသွားဘဲ မီးခဲပြာဖုံးဘဝဖြင့် နေခဲ့ကြရသည်။

နယ်ချဲ့တို့အား ကျူပင်ခုတ် ကျူငုတ်ပင်မကျန်အောင် လက်စတုံးချေမှုန်းနိုင်ရန် အခါအခွင့်ကို ငံ့လင့်နေခဲ့ကြရသည်။ အချိန်အခါကျရောက်လာသည်နှင့် တစ်ပြိုင်နက် လှုပ်ရှားမှုများကို စတင်ခဲ့ကြ၏။ နိုင်ငံရေးအသင်းအဖွဲ့များ စည်းရုံးဖွဲ့စည်းကာ လှုပ်ရှားမှုများပြုလုပ်လာကြသည်။ နိုင်ငံရေးစိတ်ဓာတ်များလည်း နိုးကြားလာကာ တက်တက်ကြွကြွ ဖြစ်လာကြ၏။

နယ်ချဲ့သမားသည် မြန်မာနိုင်ငံကို ထင်သလို ခြယ်လှယ်နိုင်သည့် အခြေအနေတွင် ရှိနေသည့်တိုင် တင်းတိမ်ရောင့်ရဲခြင်းမရှိသေးသဖြင့် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို အင်အားဖြည့်တင်းရန် ကိုလိုနီပညာရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ယင်းပညာရေးစနစ်ဖြင့် မြန်မာတို့အား ကျွန်ဘဝမှ နာလန်မထူအောင် နှိပ်ကွပ်ဖို့ဖြစ်သည်။ နယ်ချဲ့တို့က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုလိုက်သည့်အခါ တက္ကသိုလ်ကျောင်းသားများက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်နေ့ (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) တွင် သပိတ်တိုက်ပွဲကို ရဲရဲဝံ့ဝံ့ ဆင်နွှဲခဲ့ကြလေသည်။ ယင်းသပိတ်တိုက်ပွဲမှ စတင်လျက် ဆရာစံခေါင်းဆောင်သည့် လယ်သမားတိုက်ပွဲ၊ တို့ဗမာအစည်းအရုံး လှုပ်ရှားမှုများ၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၊ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲနှင့် ပြည်သူ့လွတ်လပ်ရေးတိုက်ပွဲများအထိ တိုင်းရင်းသားပြည်သူအပေါင်း တစ်ခဲနက်ပါဝင်ကာ အောင်အောင်မြင်မြင် ဆင်နွှဲခဲ့ကြပြီး မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာကို ပိုင်စိုးသော လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ပေသည်။

မြန်မာ့သမိုင်းတစ်ကွေ့၏ ပြယုဂ်ကိုဖော်ကျူးထားသည့် သူရဲကောင်းစစ်သည်ဗိမာန်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး မြေနေရာတွင် ၁၉၄၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်နေ့တွင် "ဗိုလ်ချုပ်အောင်ဆန်း"မှ အထိမ်းအမှတ်စိုက်ထူထားရှိခဲ့သည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက် ၁၉၈၉ ခုနှစ် ဇွန်လတွင် မြင့်မြတ်ဖြူစင်သော စိတ်ဓာတ်ဖြင့် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များကို ရည်ညွှန်းပြီး ၁၁ ပေအမြင့်ရှိသည့် စကျင်ကျောက်သားကျောက်တိုင်ကို တည်ဆောက်ခဲ့ကြသည်။

အထိမ်းအမှတ် ကျောက်တိုင်၏ အောက်ခြေတွင် ကိုလိုနီနယ်ချဲ့များကို တွန်းလှန်ပြီး လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းခဲ့သည့် တိုက်ပွဲတွင် အသက်စွန့်ခဲ့ကြသည့် သူရဲကောင်းများအား အလေးပြုပါ၏ဟု ရေးထိုးထားပြီး ဝင်ပေါက်၏ ညာဘက်ခြမ်းတွင် အမွန်မြတ်ဆုံးသော "စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်" ဘယ်ဘက်ခြမ်းတွင် "ရဲဘော်မသေ သေသော်ငရဲမလား" ဆိုသည့် ကျောက်စာတိုင်များ ထားရှိသည်။

ကျဆုံးသွားခဲ့ကြသော သူရဲကောင်းများအတွက် ရည်ရွယ်ကာ ဂုဏ်ပြုရန်အတွက် နှစ်စဉ်ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပခဲ့ကြပါသည်။ မမေ့နိုင်သည့်၊ မေ့လည်းမမေ့သင့်သည့် သူရဲကောင်းများအား ကျွန်တော်တို့ထာဝစဉ် ချစ်ခင်မြတ်နိုး တန်ဖိုးအနဂ္ဃထားရှိကြသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်စိုက်ထူထားခဲ့သည့် အထိမ်းအမှတ်ကျောက်တိုင်သည် မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်သို့ ကျရောက်စဉ် နယ်ချဲ့ကိုတိုက်ခိုက်ရင်း ကျဆုံးသွားရသည့် အမျိုးသားသူရဲကောင်းများ၊ လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲတွင် ကျဆုံးသွားရသော သူရဲကောင်းများနှင့် လွတ်လပ်ရေးရရှိပြီးနောက် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ကြိုးပမ်းရင်း ကျဆုံးခဲ့ရသောသူရဲကောင်းများအားဂုဏ်ပြုရန် တည်ဆောက်ခဲ့ခြင်းပင်ဖြစ်ပါသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသော သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ နှစ်မိနစ် ငြိမ်သက်ဂါရဝပြုခြင်း၊ ပြည်ထောင်စုကြီး အမြန်ဆုံးငြိမ်းချမ်းစေရန် ရည်ရွယ်ကာ ငြိမ်းချမ်းရေးသင်္ကေတ ချိုးဖြူငှက်များလွှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းများ၏ မိခင်၊ ဖခင်များ၊ ဇနီးမယား၊ သမီးနှင့်သားများ တက်ရောက်လာကြသည်ကို ရင်နင့်ဖွယ်ရာ မြင်တွေ့ရပါသည်။ ဘဝတူအချင်းချင်း တစ်ယောက်နှင့် တစ်ယောက် အားပေးနှုတ်ဆက်လိုကြသော ရည်ရွယ်ချက်လည်းပါဝင်ပါသည်။ တက်ရောက်လာကြသည့် မိသားစုဝင် တစ်ဦးဖြစ်သော ဒေါ်ညွန့်ညွန့်စိန် လည်း ပါဝင်လာသည်။ ဒေါ်ညွန့်ညွန့်စိန်၏ ခင်ပွန်းဖြစ် သည့် ဗိုလ်မှူးဟိန်းသူမှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က ရှမ်းပြည်နယ် မိုင်းနောင်နယ်မြေအတွင်း တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သည်။

ဒေါ်ညွန့်ညွန့်စိန် အပါအဝင် ကျဆုံးသူရဲကောင်းများ၏ ဆန္ဒကတော့ "တိုက်ပွဲတွေလည်း ပြီးဆုံးစေချင်ပါပြီ။ တိုင်းပြည်လည်း အမြန်ဆုံးငြိမ်းချမ်းစေချင်ပါပြီ"တဲ့။ အလားတူစွာ ကျွန်တော်အပါအဝင် ပြည်သူတစ်ရပ်လုံးကလည်း "ငြိမ်းချမ်းသာယာ ပြည်မြန်မာ"ကို မြင်လို၊ တွေ့လိုနေကြပါပြီ။ ။

**ခင်မောင်အေး(မန္တလေး)**

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**
ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး The Rt Hon Boris Johnson MP အား ယနေ့ ညနေ ၄ နာရီခွဲတွင် ရုံးအမှတ်(၂၀)ရှိ ၎င်း၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးကို မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပထမအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်) အောင်မြင်စွာကျင်းပပြီးစီး

**ဘားအံ ဇန်နဝါရီ ၂၀**
လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်)ကို ယနေ့ နံနက် ၉ နာရီတွင် သီရိဘားအံဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ နော်စူဇဲနာလှလှစိုးက အဖွင့်အမှာစကားပြောကြားကာ တောင်ကလေးဆရာတော် ဒေါက်တာအရှင်ပညာသာမိက ဩဝါဒစကား ချီးမြှင့်သည်။

ဆက်လက်၍ ဆွေးနွေးပွဲဒုတိယနေ့က ဆွေးနွေးခဲ့သည့် နိုင်ငံရေးကဏ္ဍအစုအဖွဲ့၊ စီးပွားရေးကဏ္ဍအစုအဖွဲ့၊ လူမှုရေးကဏ္ဍအစုအဖွဲ့၊ မြေယာနှင့် သဘာဝသယံဇာတ ကဏ္ဍအစုအဖွဲ့တို့မှ ဆွေးနွေးရရှိထားသော အမြင်သဘောထား စုစည်းချက်များအပေါ် အခြေခံ၍ ကဏ္ဍအလိုက်စာတမ်းများကို ပြန်လည်ဖတ်ကြားတင်သွင်းပြီး ကရင်လူမှု အဖွဲ့အစည်းများ၊ ကရင်အမျိုးသမီးများ၊ ကရင်လူငယ်များ၊ ကျင်းပရေးကော်မတီ၊ ဒေသအလိုက်နှင့်ကရင်နိုင်ငံရေးပါတီများမှ အဆိုပြုတင်ပြချက်များအပေါ် မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲမှရရှိထားသော ကဏ္ဍအလိုက်စာတမ်းများ တင်ပြချက်အပေါ် သဘာပတိဆရာတော်အရှင်စန္ဒာဝရက တက်ရောက်လာသူများ၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်ပြီး (၂၁) ရာစုပင်လုံညီလာခံသို့ တင်သွင်းနိုင်ရေး ကဏ္ဍအလိုက် စာတမ်းများအား KNU/KNLA-PC မှ စောကျော်ညွန့်က လွှဲပြောင်းပေးအပ်ကာ KNU အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် KNU/KNLA-PC မှ နော်ကပေါ်ထူးတို့က လက်ခံရယူသည်။

ယင်းနောက် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကျင်းပရေးကော်မတီကိုယ်စား စောကျော်ညွန့်တို့က ကျေးဇူးတင်စကားပြောကြားကြပြီး သဘာပတိ အရှင်စန္ဒာဝရက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ပထမအကြိမ် လူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)ကို ကရင်ပြည်နယ် ဘားအံမြို့တွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်ထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုဆွေးနွေးပွဲတွင် နိုင်ငံရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက်အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်စနစ်စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာမှ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးအခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မြေယာနှင့်သဘာဝသယံဇာတအခြေခံမူများကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံတွင် တင်ပြသွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ KNU ကရင်အမျိုးသားအစည်းအရုံး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် DKBA ၊ KNU/KNLA -PC၊ ကရင်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကယား၊ ကရင်၊ မွန်ပြည်နယ်၊ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဒေသကိုယ်စားလှယ်များ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ ကရင်အမျိုးသမီး၊ ကရင်လူငယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊UPDJCမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံတကာ သံတမန်များ စုစုပေါင်းအင်အား ၆၀၀ ကျော်တက်ရောက်၍ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **စောမိုးမင်းသိန်း(ပြန်/ဆက်)**



# နှစ်ပေါင်း ၉၀ ကျော်သက်တမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် အပြာရောင်ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် ဇန်နဝါရီ ၂၀**
ရှေးဟောင်းအဆောက်အအုံများ၊ နေရာများနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် သမိုင်းဝင်လူပုဂ္ဂိုလ်များ၊ သမိုင်းအဖြစ်အပျက်များ အကြောင်းကို ဖော်ပြသော ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားများတပ်ဆင်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) တို့က ပူးပေါင်းဆောင်ရွက်လျက် ရှိရာ ယနေ့နံနက် ၉ နာရီတွင် ၁၆ ခုမြောက် အပြာရောင်ကမ္ပည်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး၌ တပ်ဆင်သည်။

"အဓိက ကတော့ လူသိထင်ရှားတဲ့ အဆောက်အအုံကြီးတွေဆိုရင်လည်း သူတို့သမိုင်းနဲ့ မြို့ပြသမိုင်း ဆက်စပ်တဲ့ဟာကို လူတွေသိအောင်လုပ်တယ်။ လူသိနည်းတဲ့အဆောက်အအုံဆိုရင်လည်း ပိုပြီးတော့ သိလာအောင်လုပ်မယ်။ ပိုပြီးတော့သိလာတာက နေပြီးတော့ တန်ဖိုးထားလာအောင်၊ တန်ဖိုးထားမှ ဒါထိန်းသိမ်းစောင့်ရှောက်တဲ့အပိုင်းကိုရောက်မှာ ဖြစ်လို့ ဒီအပြာရောင် ကမ္ပည်းပြားတပ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောသည်။



**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အပြာရောင်ကမ္ပည်းပြားအား အမွှေးနံ့သာ ပက်ဖျန်းစဉ်။**

ယနေ့တပ်ဆင်သော ကမ္ပည်းပြားတွင် ဗိုလ်ချုပ်အောင်ဆန်းဈေးကို ၁၉၂၆ ခုနှစ်တွင် စတင်ခဲ့ပြီး ကိုလိုနီခေတ်၌ မြူနီစီပယ်ကော်မရှင်မင်းကြီးတစ်ဦး၏အမည်ကို အစွဲပြု၍ စကော့ဈေးဟု မူလက အမည်တွင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် မြန်မာ့လွတ်လပ်ရေးသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသောအားဖြင့် ဈေးကို အမည်ပြောင်းခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

"ဒီဈေးကြီးဟာ အထူးအောင်မြင်တဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဈေးကြီးရဲ့ အနှစ်သာရနဲ့ သဟဇာတဖြစ်အောင် ထိန်းထားနိုင်ပါတယ်။ ဗိုလ်ချုပ်ဈေးကြီးက လာရောက်လည်ပတ်သူတွေအတွက် ရွှေတိဂုံဘုရားပြီးရင် ဒုတိယမြောက် အကြီးဆုံးဆွဲဆောင်မှုတစ်ခုဖြစ်တယ်။ တစ်ချိန်တည်းမှာပဲ မြို့နေပြည်သူတွေအတွက် အရေးကြီးနေရာဖြစ်ပါတယ်။ ဒါ့အပြင် မြို့လယ်ပြန်လည်သက်ဝင်လှုပ်ရှားလာစေရန်အတွက် မှီခိုအားထားရာနေရာတစ်ခုဖြစ်လာနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ဒီအမွေအနှစ်နေရာကို မသင့်လျော်တဲ့ ပြန်လည်ပြင်ဆင်မှုတွေ အနီးဝန်းကျင်မှာလည်း မဆီလျော်တဲ့ ဖွံ့ဖြိုးမှုတွေ ဥပမာ လမ်းချဲ့တာမျိုးပေါ့။ ဒါ့အပြင် မီးနဲ့တခြား ဘေးအန္တရာယ်တွေကနေ သတိရှိရှိ ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်ပါတယ်"ဟု ဒေါက်တာသန့်မြင့်ဦးက ပြောသည်။

အဆိုပါ ကမ္ပည်းပြားတပ်ဆင်ခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၁၉၉၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော စာရင်းများအရ ရန်ကုန်မြို့တွင် ရှေးဟောင်းအဆောက်အအုံ ၁၈၉ လုံးရှိပြီး အပြာရောင်ကမ္ပည်းပြားများကို ၂၀၁၄ ခုနှစ်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ပထမဆုံးတပ်ဆင်ခဲ့ပြီး ယနေ့ဗိုလ်ချုပ်ဈေးတွင် တပ်ဆင်သည့် ကမ္ပည်းပြား အပါအဝင် ကမ္ပည်းပေါင်း ၁၆ ခု တပ်ဆင်ပြီးစီးပြီး ကျန်ရှိသည့် အမွေအနှစ်အဆောက်အအုံများနှင့် နေရာများ၌ ဆက်လက်တပ်ဆင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-စိုးဝင်း(MLA)**

# အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno LP Marsudi နှင့်အဖွဲ့ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**
အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno LP Marsudi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Ito Sumardi နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ပြီး အင်ဒိုနီးရှားအစိုးရမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် မြန်မာ့မီးရထားမှ အထူးရထားများဖြင့် ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း Yangon Bus Service (YBS) ဘတ်စ်ကားလိုင်းစနစ် စတင်ပြောင်းလဲပြေးဆွဲသည့် ဇန်နဝါရီ ၁၆ ရက်မှစ၍ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် မြန်မာ့မီးရထားမှ ရန်ကုန်မြို့တွင်းမြို့ပြင် ပုံမှန်ပြေးဆွဲပေးနေသည့် မြို့ပတ်ရထားများအပြင် အထူးရထားများဖြင့် ပြေးဆွဲပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး တိုင်း(၇)ရုံး မြန်မာ့မီးရထား (အောက်မြန်မာပြည်)က သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်မြို့ပတ်ရထားစီးခရီးသည် တစ်နေ့လျှင် လူဦးရေ ရှစ်သောင်းဝန်းကျင်ခန့် ရှိခဲ့ရာမှ ယာဉ်လိုင်းစနစ်သစ် စတင်ကျင့်သုံးခဲ့သည့်နေ့မှစပြီး ရထားစီးခရီးသည် ၉၆၀၀၀ ကျော်ရှိလာကြောင်း၊ မြို့ပတ်ရထားစီးခရီးသည် ဦးရေ နှစ်သောင်းခန့်တိုးလာကြောင်း သိရသည်။

"ယာဉ်လိုင်းသစ် စပြေးမယ်ဆိုကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတယ်။ အခု ရထားစီးခရီးသည်က ပုံမှန်ထက် နှစ်သောင်းလောက်တိုးလာတယ်။ အဲဒီအတွက်လည်း ရထားတွဲဆိုင်းတွေ အရန်သင့်လုပ်ထားတယ်"ဟု မြန်မာ့မီးရထား ရန်ကုန်တိုင်းဒေသကြီး တိုင်း(၇)ရုံး မန်နေဂျာ ဦးဇော်လွင်က ပြောသည်။

မြန်မာ့မီးရထားမှ ယခင်ပုံမှန် ပြေးဆွဲနေသည့် မြို့ပတ်ရထားအတွဲဆိုင်း ၂၃ ဆိုင်းအပြင် အထူးရထားအတွဲနှစ်ဆိုင်းဖြင့် အားဖြည့်ပြေးဆွဲပေးနေပြီး အင်းစိန်ဘူတာတွင် RBEသုံးတွဲ ရထားတွဲအဆိုင်းတစ်ခု၊ ရန်ကုန်ဘူတာကြီးတွင် အတွဲ လေးတွဲစက်ခေါင်းတစ်ဆိုင်းအရန်ထားရှိကာ ရွှေပြည်သာကွန်ပျူတာတက္ကသိုလ်မှ ကျောင်းကြိုပို့ရထားကိုလည်း ကျောင်းပို့ပြီးကြားအချိန်တွင် လိုအပ်ပါက ပြေးဆွဲပေးနိုင်ရန် အရန်အဖြစ်ထားရှိထားကြောင်း မြန်မာ့မီးရထား ရန်ကုန်တိုင်းဒေသကြီး တိုင်း(၇)ရုံးမှ သိရသည်။

မြို့ပတ်ရထားခများမှာ ၁၅ မိုင်လျှင် ကျပ် ၁၀၀ ၊ ၁၅ မိုင်အထက်ကို ကျပ် ၂၀၀ သတ်မှတ်ထားကာ ရုံးချိန်တွင် ရထား ၁၂ စင်း သတ်မှတ်ပြေးဆွဲနေပြီး နံနက်ပိုင်းတွင် ၁၀ မိနစ်၊ ၁၅ မိနစ်ခြားဖြင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် မိနစ် ၃၀ ခြား၊ ၄၅ မိနစ်ခြားဖြင့်လည်းကောင်း ခရီးသည်များသည့် လမ်းကြောင်းများကို စိစစ်၍ အထူးရထား တိုးချဲ့ပြေးဆွဲပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး တိုင်း (၇)ရုံးမန်နေဂျာ ဦးဇော်လွင်က ပြောသည်။



ရထားစီးနင်းမှုများလာသည့်အတွက် ရုံးချိန်များတွင် ရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် တိုင်းမန်နေဂျာနှင့် ကြီးကြပ်ရေးမှူးများ၊ မီးရထားရဲတပ်ဖွဲ့ဝင်များက ကြီးကြပ်မှုများ ပြုလုပ်ပေးနေကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲပေးနေသည့် မြို့ပတ်ရထားပတ်လမ်း ၂၉ ဒသမ ၅ မိုင် ရှိပြီး မြို့ပတ်ဘူတာ ၃၈ ခု၊ ဆင်ခြေဖုံးဘူတာ ၁၇ ခု စုစုပေါင်း ၅၅ ဘူတာရှိကာ နံနက် ၄ နာရီခန့်မှ ည ၁၀ နာရီအထိ ရထားတွဲ ၂၃ ဆိုင်းဖြင့် နေ့စဉ်ပြေးဆွဲပေးနေကြောင်း သိရသည်။

ထို့ပြင် မြန်မာ့မီးရထားမှ ဇန်နဝါရီ ၂၁ ရက်မှစ၍ အင်းစိန်-တိုက်ကြီး RBE ပြေးဆွဲနေသည့်ရထားအား ဥက္ကံ-ရန်ကုန် မြို့ပတ်ရထားခရီးစဉ်ကို တိုးချဲ့ပြေးဆွဲမည်ဖြစ်ရာ ဥက္ကံဘူတာမှ နံနက် ၆ နာရီထွက်၍ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အပြန်ခရီးတွင် ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီခွဲစထွက်၍ ဥက္ကံဘူတာသို့ ည ၈ နာရီရောက်မည်ဖြစ်ကြောင်း၊ ခရီးစဉ်အစအဆုံး ရထားလက်မှတ်ခမှာ ၆၀၀ ကျပ် ကျမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)၊သန့်ဇင်ဝင်း**
**ဓာတ်ပုံ - ဇော်မင်းလတ် (သတင်းစဉ်)**

---

**❖ ကျောဖုံးမှ**

အစိုးရအနေနဲ့ ကားအစီးရေ ဖြည့်တင်းနိုင်ပြီး ကတ်စနစ်သုံး ငွေပေးတဲ့စနစ်ကို ကျင့်သုံးနိုင်ပြီဆိုရင် လက်ရှိဖြစ်ပေါ်နေတဲ့ အခက်အခဲအကျပ်အတည်းတွေ အတော်ကို အဆင်ပြေသွားမှာပါ။ ကားတွေ အမြန်ဆုံးဝယ်ယူနိုင်ဖို့လည်း လုပ်နေပါတယ်။ ကားအသစ်တွေ ဝယ်ဖို့က ဈေးကြီးမြင့်တာရယ်၊ အချိန်ကြာမြင့်နိုင်တာရယ် ရှိနိုင်တဲ့အတွက် Used ကား၊ ၂၀၀၇ မိုဒယ် အသစ်နီးပါး ကောင်းမွန်တဲ့ကားတွေကို ဝယ်ဖို့ပြင်ဆင်နေပါတယ်။ ဥပမာ၂၀၀၈ ပေကျင်း အိုလံပစ်ပြိုင်ပွဲပြုလုပ်ခဲ့တုန်းက သုံးခဲ့တဲ့ ဘတ်စ်ကားတွေရှိပါတယ်။ ပွဲတော်မှာ အသုံးပြုခဲ့တဲ့ကားတွေ အသစ်အတိုင်း ကောင်းမွန်နေတဲ့ကားတွေကို ဝယ်ယူဖြည့်တင်းသွားဖို့ရှိပါတယ်။ ပြီးရင်ကတ်စနစ်သုံး ငွေပေးချေတဲ့စနစ်ကိုလည်း အမြန်ဆုံး သုံးနိုင်အောင် လုပ်နေတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ခရီးသည်တင်ယာဉ်များ၏ ပြေးဆွဲမှုပုံစံကို ပြောင်းလဲလိုက်ပြီး အများပိုင်ဘတ်စ်ကားလိုင်းကုမ္ပဏီ ထူထောင်ရန် ပြင်ဆင်နေသည့် ကုမ္ပဏီရှစ်ခုဖြင့် ယာဉ်လိုင်းပေါင်း ၇၀ ခန့် သတ်မှတ်ထားသော လမ်းကြောင်းများအလိုက် ပြေးဆွဲရန် သတ်မှတ်လိုက်သည်။ ယခင်က မထသ (ဗဟို)၏ စီမံခန့်ခွဲမှုအောက်တွင် ယာဉ်လိုင်းအဖွဲ့အစည်းပေါင်း ၁၈ ခုခန့်ရှိပြီး ယာဉ်လိုင်းငယ်ပေါင်း ၃၀၀ ကျော်ဖြင့် ပြေးဆွဲလျက်ရှိသည်ကို ယခု ယာဉ်လိုင်းကုမ္ပဏီ ရှစ်ခုခန့်၊ လိုင်းပေါင်း ၇၀ ဖြင့် ပြောင်းလဲပြေးဆွဲစေခြင်းဖြစ်သည်။ ယခင်က နေ့စဉ်ပျမ်းမျှ ယာဉ်အစီးရေ ၄၀၀၀ ကျော်ခန့် ပြေးဆွဲလျက်ရှိသော်လည်း ယခု စနစ်သစ်တွင် ယာဉ်ပိုင်ရှင်အချို့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ ယာဉ်အစီးရေ ၃၆၀၀ ခန့်သာ ပြေးဆွဲနိုင်ခြင်းရှိသေးကြောင်း သိရသည်။

"အရင် စာရင်းရှိ ယာဉ်အစီးရေမှာလည်း ခရီးသည်နဲ့ ယာဉ်အစီးရေက မမျှပါဘူး။ အခုဆိုရင် ရထားစီး ခရီးသည် တိုးလာတယ်ဆိုပေမယ့် ဘတ်စ်ကားစီးခရီးသည်က ၈၅ ရာခိုင်နှုန်းကျော်လောက်ရှိတဲ့အတွက် ဘတ်စ်ကားလိုအပ်ချက်ရှိနေပါတယ်။ နောက်ပြီး ကြံ့ခိုင်မှုအနေအထားနဲ့ ယာဉ်ရဲ့အနေအထားက ဟောင်းလာတာတွေ ရှိတဲ့အတွက် ကားအသစ်စက်စက် မဟုတ်တောင် သတ်မှတ်ထားတဲ့ ၂၀၀၆ မိုဒယ်နဲ့အထက် အသစ်နီးပါး ကောင်းမွန်တဲ့ ကားမျိုးတွေနဲ့ ပြေးဆွဲနိုင်ဖို့ လုပ်နေပါတယ်။ ယာဉ်ပိုင်ရှင်တွေလည်း မထိခိုက်အောင်၊ လက်ရှိပြေးဆွဲနေတာလည်း မထိခိုက်အောင် ဆက်လက်ပါဝင်ပြေးဆွဲနေစေတာပါ။ အခု ယာဉ်ပိုင်ရှင်တချို့က ညစ်တာမျိုးတွေရှိပါတယ်။ အခေါက်ရေပြည့် မပြေးဆွဲတာတွေရှိတယ်။ ဒီတော့ ခရီးသည်တွေ အခက်အခဲဖြစ်တဲ့အပြင် ငွေအပ်တဲ့စနစ်၊ ငွေကောက်တဲ့စနစ်မှာလည်း အခက်အခဲတွေ အများကြီးဖြစ်နေတယ်။ မှန်မှန်ကန်ကန်နဲ့ ပူးပေါင်းနေတဲ့ ယာဉ်ပိုင်ရှင်တွေမှာလည်း အခက်အခဲတွေ အများကြီး ကြုံနေရပါတယ်။ ဒါကြောင့် ကားတွေအမြန်ဆုံး ဖြည့်ဆည်းနိုင်အောင်လုပ်နေတယ်။ ပြီးရင် ကတ်စနစ်သုံး ငွေပေးတဲ့စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်သွားမယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

ရန်ကုန်မြို့တွင် ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ် စတင်ခဲ့သည့် ဇန်နဝါရီ ၁၆ ရက်တွင် ခရီးသည်တင်ယာဉ်အစီးရေ ၂၈၀၀ ခန့်သာ ပြေးဆွဲနိုင်ခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်တွင် အစီးရေ ၃၀၀၀ ကျော်ခန့်၊ ဇန်နဝါရီ ၁၈ ရက်တွင် အစီးရေ ၃၄၀၀ ခန့်နှင့် ဇန်နဝါရီ ၁၉ ရက်တွင် ၃၆၀၀ ခန့် ပြေးဆွဲခဲ့ပြီး စေတနာရှင်များ၊ အဖွဲ့အစည်းနှင့် ကုမ္ပဏီများ၏ အခမဲ့ယာဉ်များကလည်း ပါဝင်ပြေးဆွဲပေးခဲ့ရသည်။ ယနေ့ ဇန်နဝါရီ ၂၀ ရက်တွင်လည်း ၃၆၀၀ ကျော်ခန့် ပြေးဆွဲနိုင်မည်ဟု ခန့်မှန်းထားပြီး စေတနာရှင်များ၏ အခမဲ့ ကူညီပြေးဆွဲမှုများရှိသော်လည်း ယာဉ်အစီးရေ လိုအပ်ချက်ရှိနေမှုအပေါ် အမြန်ဆုံးဖြည့်တင်းဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့တွင်းခရီးသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ယခင်က စာရင်းရှိ ဘတ်စ်ကားစီးရေမှာ ၆၀၀၀ ကျော်ခန့်ဖြစ်ပြီး နေ့စဉ်ပျမ်းမျှ အစီးရေ ၄၀၀၀ ကျော်ခန့် ပြေးဆွဲခဲ့သည်ဟု ယခင် မထသ (ဗဟို)၏ စာရင်းများအရ သိရသည်။ အဆိုပါ စာရင်းအရ နေ့စဉ် ဘတ်စ်ကားစီးခရီးသည်နှင့် ယာဉ်အစီးရေ လုံလောက်မျှတမှုမရှိသေးဘဲ ယာဉ်လိုအပ်ချက်များရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် လိုအပ်ချက်ရှိနေသော ယာဉ်အစီးရေအပေါ် ဝယ်ယူဖြည့်တင်းရန်မှာလည်း အသုံးပြုပြီး တစ်ပတ်ရစ်ကားဈေးနှုန်းသည်ပင် ကြီးမြင့်နေမှုကြောင့် ယာဉ်ပိုင်ရှင်တို့အနေဖြင့် ငွေကြေးတတ်နိုင်ခြင်း မရှိကြောင်း သိရသည်။

ယင်းကြောင့် မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍသည် အစိုးရမှ ဝင်ရောက်စွက်ဖက်ကာ အရှုံးခံဆောင်ရွက်ပေးရသည့်သဘောရှိသောကြောင့် ယခုကဲ့သို့ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းစေခြင်း၊ အဆိုပါ ကုမ္ပဏီများတွင် ငွေကြေးထည့်ဝင်ရင်းနှီးပေးရန် ပြင်ဆင်နေခြင်း၊ လိုအပ်ချက်ရှိနေသော ခရီးသည်တင်ယာဉ်အစီးရေကို အစိုးရချင်းတိုက်ရိုက်ချိတ်ဆက်ကာ သင့်တော်သောဈေးနှုန်းဖြင့် ဝယ်ယူဖြည့်တင်းပေးခြင်း၊ ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ကာ ခရီးသည်တင်ယာဉ်အသစ် အစားထိုးပြေးဆွဲမည့် ယာဉ်ပိုင်ရှင်များကို ဘဏ်စနစ်ဖြင့် ငွေချေးပေးခြင်း စသည့် ဘတ်စ်ကားအခြေပြုသယ်ယူပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဆုနှင်းလှဲ)**

---

**❑ အကယ်ဒမီ ရွေးကြိုမှ**

ရောက်ပြီးတော့ လူထုအာရုံစိုက်ခံရပြီဆို ထုတ်လုပ်သူတွေကခေါ်ပြီး ရုပ်ရှင်၊ ဗီဒီယိုကားတွေရိုက်ဆိုတော့ ဝါသနာပါတဲ့ ကလေးတွေက အဲဒါလေးကို မက်တာပေ့ါ" ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။**(ယာပုံ)**

အကယ်ဒမီရွေးကြိုအတွက် လျှောက်ထားသူများ အနေဖြင့် မတ်လတွင် အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၂၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ အမျိုးသား အရပ်အမြင့် ဖိနပ်မပါ အနိမ့်ဆုံး ၅ ပေ ၆ လက်မ မှ ခြောက်ပေအထိ ရှိရမည်။ အမျိုးသမီး အရပ်အမြင့် ဖိနပ်မပါ အနိမ့်ဆုံး ၅ ပေ ၃ လက်မ မှ ၅ ပေ ၈ လက်မ အတွင်း ဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းနှင့် ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်လှပခြင်း စသည့် အရည်အချင်းများ ပြည့်စုံရမည်။ ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ နိုင်ငံတကာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် မောင်မယ်များ မဟုတ်ပါက မည်သူမဆိုလျှောက်ထားနိုင်ကြောင်း သိရသည်။

"ဒီနှစ် စည်းကမ်းချက်မှာ တစ်ခုတိုးတယ်။ နိုင်ငံတကာသွားတဲ့ မောင်မယ်တွေ ဆုရတဲ့သူဆို ပြိုင်ခွင့်မရှိဘူး။ ကျန်တဲ့သူတွေ ပြိုင်ခွင့်ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက နောင်အငယ်တွေ တက်နိုင်အောင်လုပ်ပေးထားတာပါ"ဟု ဦးအေးကြူလေးက ဆက်လက်ပြောသည်။ လျှောက်ထားသူများထဲမှ အကယ်ဒမီရွေးကြိုအတွက်



ပဏာမ လူတွေ့ရွေးချယ်ခံရခြင်းစာရင်းကိုမူ ဖေဖော်ဝါရီ ၇ ရက်မှ စတင်ကာ မြန်မာနိုင်ငံရုပ်ရှင်ချစ်သူများဆုံဆည်းရာ အင်တာနက်စာမျက်နှာမှတစ်ဆင့် ဖော်ပြပေးသွားမည်ဖြစ်ပြီး ယခုနှစ် အကယ်ဒမီဆုပေးပွဲကြီးအတွက် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ရွေးကြို ၁၆ ဦး ရွေးချယ်မည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချိုကိုဟန်**

---

**OMNL အမှတ်ပေးပြိုင်ပွဲမှ**

နိုင်ပွဲဆက်ရန် ရှန်းကန်ရဖွယ်ရှိနေပြီး ရခိုင်နှင့် GFA အသင်းတို့၏ရုန်းကန်မှုများကြောင့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့မှာ အမှတ်ပြည့်ရရန် ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။ အဖွင့်ပွဲတွင် မထင်မှတ်ဘဲ သရေကျခဲ့သည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ကစားပုံမတည်ငြိမ်ခြင်း၊ နိုင်ငံခြားသားကစားသမားတစ်ဦးသာ ပါဝင်နေခြင်းတို့အပြင် ဇွဲကပင်အသင်း၏ လက်ရှိခြေစွမ်းကြောင့် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။ ရခိုင်အသင်းသည် အိမ်ကွင်းပွဲစဉ်များ ဆက်တိုက်ကစားနေရပြီး ယခုတစ်ပတ်တွင် ရန်ကုန်နှင့် တွေ့ဆုံနေသောကြောင့် အမှတ်ရယူနိုင်ရန် အခက်တွေ့ဖွယ်ရှိနေသည်။

**သတင်း၊ဓာတ်ပုံ-ရှိုင်းထက်ဇော်**

---

## ကျေးရွာချင်းဆက် လမ်း၊ တံတားများ ဆောင်ရွက်

**ဗန်းမော် ဇန်နဝါရီ ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးသောင်းညွန့်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီမှစတင်၍ မံစီမြို့နယ် မံစီမြို့နှင့် ၂၉ မိုင်မျှဝေးကွာသော သံတံတားကျေးရွာအုပ်စု မလင်ရွာရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြင်ဆင်ထိန်းသိမ်းခြင်း (မွမ်းမံ)ရန်ပုံငွေဖြင့် ဆောင်ရွက်သော သံတံတား-မလင်ကြိုးတံတားပြုပြင်ခြင်း ပေ ၂၂၀ တစ်စင်း၊ မလင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် မွန်းလွဲပိုင်းတွင် ဆွတ်ဖယ်မလီဂရု(ပ်) ကုမ္ပဏီ လီမိတက်မှ တာဝန်ယူဆောင်ရွက်သည့် မံသာ-ကံကြီး-စီမွန်းတစ်မိုင် အကျယ် ၁၆ ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့၍ လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းမြင့် (ဗန်းမော်)**

# စာပေဖတ်ရှုခြင်းအလေ့အကျင့်ကောင်းများရရှိစေဖို့ ကလေးစာပေပွဲတော်ကိုဆင်နွှဲစို့

ကျောင်းစာတစ်ခုတည်းတွင်နစ်မြုပ်မနေဘဲ ပြင်ပစာပေဗဟုသုတများ ဖတ်ရှုလေ့လာကာ စိတ်ကူးအကြံဉာဏ်နှင့် အတွေးအခေါ်ကောင်းများရရှိစေရန်နှင့် ငယ်စဉ်ကတည်းက စာပေဖတ်ရှုခြင်းအလေ့အကျင့်ကောင်းများ မွေးမြူပေးရန် ရည်ရွယ်၍ ကလေးစာပေပွဲတော်ကို မန္တလေးမြို့ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် MIIT တွင် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက် အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ကလေးငယ်များ စိတ်ဝင်တစား ဖတ်ရှုလိုစိတ်ကို ဖြစ်ပေါ်စေမည့် စာအုပ် စာစောင်များ ပြသရောင်းချပေးသွားမည့်အပြင် ကလေးများ စိတ်လှုပ်ရှားပျော်ရွှင်စေရေးအတွက်လည်း ဖျော်ဖြေပွဲများ၊ ဂိမ်းကစားနည်းများနှင့် ပြိုင်ပွဲအသီးသီးတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ပွဲတော်ဖြစ်မြောက်ရေးအတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသူများအား ပွဲတော်တွင် ပါဝင်မည့် အစီအစဉ်များနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။




**ဆရာညီစေမင်း(စာရေးဆရာ)**

နိုင်ငံတစ်နိုင်ငံကို ထူထောင်မယ်ဆိုရင် ကလေးတွေဟာ အခြေခံကျတဲ့ အင်အားစုဖြစ်ပါတယ်။ အခြေခံကစ ပြောင်းလဲမယ်ဆိုရင် ကလေးတွေကိုပညာရေးနဲ့ အတွေးအခေါ်မြှင့်တင်ပေးဖို့လိုပါတယ်။ အဆင့်အတန်းမီတဲ့ ကလေးစာပေတွေ များများထွန်းကားဖို့လိုပါတယ်။ အခုခေတ်ကလေးတွေမှာ စာဖတ်ချိန်နည်းပြီး စာဖတ်တဲ့ဓလေ့ ကွယ်ပျောက်လုနီးပါး ဖြစ်နေတယ်။ အီလက်ထရွန်နစ်မီဒီယာတွေနဲ့ပဲအချိန်တွေ ကုန်နေကြတယ်။



ဆရာညီစေမင်း



ဒေါ်ဝေဝေဖြိုး



ဦးမြင့်ဇော်



ဦးထွန်းဦး



ဦးဇော်ဝင်း



ဦးအောင်မော်

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေ ၂၅ သန်းလောက်ရှိတဲ့ ၁၉၅၀ ခုနှစ် လောက်ကစာအုပ်ထုတ်ဝေရာမှာ အုပ်ရေ ၁၀၀၀ လောက်ထုတ်ဝေခဲ့ရတယ်။ အခုသန်း ၅၀ ကျော်လာတော့လည်း အုပ်ရေ ၁၀၀၀ လောက်ပဲ။ ဒီကြားထဲမှာ ကလေးစာပေဆိုတာမရှိသလောက်ဘဲ။ အရင်က ကလေးဂျာနယ်တို့၊ မဂ္ဂဇင်းတွေမှာ ကလေးကဏ္ဍထည့်ပြီး ကလေးစာပေတိုးတက်ဖို့ ဆောင်ရွက်ခဲ့ကြတယ်။ ကလေးစာပေပညာရှင်တွေလည်း ပေါ်ထွန်းခဲ့တယ်။

အခုနောက်ပိုင်းမှာ ကလေးစာပေဆိုတာ တေဇနဲ့ ရွှေသွေးလောက်ပဲရှိတော့ပြီး တေဇကထုတ်လိုက်၊ ရပ်လိုက်နဲ့ ကလေးတွေမှာ ရွှေသွေးလောက်နဲ့ပဲ ကျေနပ်နေရတယ်။ ကလေးတွေရဲ့ စာဖတ်အရည်အသွေး တိုးတက်လာဖို့ စာဖတ်ချင်စိတ်များလာဖို့ဆောင်ရွက်တဲ့ ကလေးစာပေပွဲတော်ကျင်းပခြင်းကို ကြိုဆိုပါတယ်။

**ဒေါ်ဝေဝေဖြိုး(တိုင်းဒေသကြီးဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

ကလေးတွေရဲ့စွမ်းရည်တွေကို မြှင့်တင်ပေးဖို့ရည်ရွယ်ပြီး ဒီကလေးစာပေပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်။ နေပြည်တော်မှာ တစ်ရက်တည်းသာကျင်းပခဲ့ပေမယ့် မန္တလေးမှာ သုံးရက်တိုင်တိုင် ကျင်းပမှာဖြစ်တဲ့အတွက် မန္တလေးရဲ့ ထူးခြားတဲ့အစီအစဉ်ကောင်းတွေကိုလည်း ဒေသခံပြည်သူတွေနဲ့ တိုင်ပင်ဆွေးနွေးပြီး ထည့်သွင်းထားပါတယ်။ ပွဲတော်ရဲ့ အဓိကအချက်ကတော့ ကလေးစာပေတွေကို သီးသန့်တစ်ခန်းစီစဉ်ပြီး ပြသထားမှာပါ။ နောက်ထပ် ကလေးတွေ ဆော့ကစားဖို့ ဂိမ်းတွေအပြင် ကာတွန်းပုံ ၁၀၀ ကျော်ကိုလည်း ပြသထားမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်ကျောင်း၊ ဘကကျောင်းနဲ့ အခြေခံပညာကျောင်းအသီးသီးကပြသမယ့် ပြခန်းတွေကိုလည်း သီးသန့်တစ်ခန်းစီ ပြသထားဖို့စီစဉ်ထားပြီး ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနဲ့ မန္တလေးရဲ့ ထူးခြားထင်ရှားတဲ့ ရိုးရာရုပ်သေးပြသခန်းတွေကို စီစဉ်ထားပါတယ်။ ဒုတိယထပ်မှာတော့ စာပေဟောပြောပွဲတွေကို နံနက်ခင်းပိုင်းမှာ သုံးရက်စလုံး နှစ်ကြိမ်စီဟောပြောမှာဖြစ်ပြီး ညနေပိုင်းမှာတော့ စာပေစကားဝိုင်းတွေကို လေးယောက်တစ်ဝိုင်းနှုန်းနဲ့ သုံးရက်တိုင်တိုင် ကျင်းပပေးမှာဖြစ်ပါတယ်။

ပျော်ပွဲရွှင်ပွဲအနေနဲ့ကတော့ ဂိမ်းကစားနည်းတွေ၊ ဆေးရောင်ခြယ်တာတွေ၊ အမှတ်တရ ဓာတ်ပုံရိုက်တာတွေအပြင် Happy world အကူအညီနဲ့ မျက်လှည့်ပြမယ့် အစီအစဉ်နဲ့ ကမ္ဘာကျော်အရုပ်ကြီးတွေနဲ့ ဓာတ်ပုံတွဲရိုက်လို့ရမယ့်အစီအစဉ်တွေလည်း ထည့်သွင်းထားပါတယ်။ အထူးအစီအစဉ်အနေနဲ့ ပြပွဲကိုလာရောက်ကြမယ့် ကလေးငယ်တွေရဲ့ ပုံတူပန်းချီကိုလည်း မန္တလေးပန်းချီဆရာတွေက အခမဲ့ရေးဆွဲပေးမယ့် အစီအစဉ်လည်းပါဝင်ပါတယ်။ ဆုရွေးချယ်ပေးမယ့် အစီအစဉ်အနေနဲ့ကတော့ ပြိုင်ပွဲကြီးတွေအနေနဲ့ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီဆွဲပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲနဲ့ ဆေးရောင်ခြယ်ပြိုင်ပွဲတွေ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေရဲ့ ဆုတွေကို နောက်ဆုံးနေ့မှာ အခမ်းအနားနဲ့ ဆုချီးမြှင့်မှာဖြစ်ပြီး ချက်ချင်းပြိုင်ပြီး ချက်ချင်းဆုရမယ့် ပြိုင်ပွဲတွေကတော့ အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲနဲ့ အိမ်ဆောက်ပြိုင်ပွဲတွေပဲ ဖြစ်ပါတယ်။

ဒီပွဲတော်ကို အနာဂတ်မျိုးဆက်သစ်ကလေးငယ်တွေ တစ်ကြိမ်ပါဝင်ဆင်နွှဲလိုက်ရုံနဲ့ ဘဝတစ်သက်တာအတွက် မမေ့နိုင်တဲ့ အတွေးပေါင်းများစွာကို ရရှိစေနိုင်မှာဖြစ်တဲ့အတွက် ပါဝင်ဆင်နွှဲနိုင်အောင် ကျွန်မတို့က ဘက်ပေါင်းစုံကနေ ဖိတ်ခေါ်နေပါတယ်။ မိဘ၊ ဆရာ ဆရာမတွေကလည်း မိမိတို့ရဲ့ သားသမီး၊ တပည့်တွေနဲ့အတူ ပါဝင်ဆင်နွှဲကြဖို့ တိုက်တွန်းလိုပါတယ်။

**ဦးမြင့်ဇော်(ညွှန်ကြားရေးမှူး-ပညာ) တိုင်းဒေသကြီးပညာရေးမှူးရုံး**

ကလေးစာပေပွဲတော်အတွက် ကျွန်တော်တို့ပညာရေးဌာနက ကဏ္ဍတစ်ခုချင်းအလိုက် ပါဝင်ဆင်နွှဲဖို့ဆောင်ရွက်ထားပါတယ်။ ဖွင့်ပွဲနေ့မှာ အခမ်းအနားတက်ရောက်ဖို့ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် ဖိတ်ကြားထားပါတယ်။ အခြေခံပညာကျောင်းက ၃၀၀၊ ဘကနဲ့ ကိုယ်ပိုင်ကျောင်းက အင်အား ၁၀၀ စီခွဲပြီးတက်ရောက်မှာပါ။ ဖွင့်ပွဲအခမ်းအနားမှာ ကျွန်တော်တို့ အခြေခံပညာကျောင်းက ဘင်ခရာအဖွဲ့နဲ့ ပန်းပွားအက တာဝန်ယူထားပါတယ်။ ၂၈ ရက်နေ့နဲ့ ၂၉ ရက် နေ့တွေမှာလည်း ဒီပွဲကိုတက်ရောက်လေ့လာဖို့ အခြေခံပညာကျောင်းအသီးသီးက ၃၀၀ နဲ့ ဘကနဲ့ ကိုယ်ပိုင်ကျောင်းတွေက ၁၀၀ စီသွားရောက်လေ့လာကြမှာ ဖြစ်ပါတယ်။ ပြခန်းကဏ္ဍအနေနဲ့ကလည်း အခြေခံပညာကျောင်းပြခန်း ဘကနဲ့ ကိုယ်ပိုင်ကျောင်း ပြခန်းတွေဆိုပြီး သီးခြားစီခွဲပြီး ပြသပေးထားမှာပါ။ ဒါ့အပြင် ဖျော်ဖြေရေး၊ ပုံပြောပြိုင်ပွဲနဲ့ ကျပန်းစကားပြောပြိုင်ပွဲတွေကိုလည်း အခြေခံပညာဘကနဲ့ ကိုယ်ပိုင်ကျောင်းတွေက ကျောင်းအလိုက် အလှည့်ကျပါဝင်ဆင်နွှဲကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျောင်းအသီးသီးက ကျောင်းသား၊ ကျောင်းသူတွေ အားလုံး သွားရောက်လေ့လာကြည့်ရှုကြဖို့ လှုံ့ဆော်မှုတွေပြုလုပ်ထားပါတယ်။ ဒီပွဲတော်ကြီးဟာ ကလေးတွေသာမက အသက်အရွယ်မရွေး အသိပညာဗဟုသုတတွေရရှိကြမှာဖြစ်လို့ အချိန်ပေးပြီးသွားရောက်ကြည့်ရှုသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

**ဦးထွန်းဦး(ထွန်းဦးစာပေ)**

ဒီပွဲတော်ဟာ ကလေးတွေအားလုံးအတွက် အကျိုးရှိစေမယ့် ပွဲတော်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆိုင်တွေက ပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်ဖြစ်တဲ့အတွက် မြေညီထပ်မှာ စာအုပ်အရောင်းဆိုင်ပေါင်း ၅၀ ကျော် ပါဝင်ရောင်းချမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်တဲ့ ကလေးစာပေတွေကိုစာအုပ်စင်ပေါင်း ၅၀နဲ့ ခင်းကျင်းပြသထားပြီး ဆရာကြီးမင်းသုဝဏ်ရဲ့ စာအုပ်ရောင်းချတဲ့ စာအုပ်တွေအပြင် ကလေးတွေအတွက် ရည်ရွယ်ပြီး ပြသမယ့်စာအုပ်တွေကလည်း သူတို့အတွက် ဗဟုသုတတွေ အများကြီးရရှိသွားမှာပါ။ ဒီပွဲတော်မှာ ကျွန်တော်တို့မန္တလေးကစာအုပ်ဆိုင်တွေအပြင် ရန်ကုန်က ထုတ်ဝေသူတွေနဲ့ အရောင်းဆိုင်တွေကပါ လာရောက်ရောင်းချကြမှာပါ။ စာအုပ်ဈေးနှုန်းတွေကိုတော့ လောလောဆယ် ဈေးလျှော့မပေးသေးပေမယ့် နောက်ဆုံးရက်ကို အခြေအနေကြည့်ပြီး ဈေးလျှော့ပေးနိုင်ဖို့ ကျွန်တော်တို့ ရောင်းချသူအချင်းချင်း တိုင်ပင်ဆွေးနွေးမှာဖြစ်ပါတယ်။ ရောင်းချပေးမယ့် စာအုပ်အမျိုးအစားကတော့ ကလေးစာပေအပြင် လူကြီးကြိုက်စာအုပ်တွေလည်း မျိုးစုံပါဝင်မှာပါ။ ကြုံတောင့်ကြုံခဲ ဒီလို စာပေပွဲတော်ကို လာရောက်လေ့လာကြပါလို့ ပြောချင်ပါတယ်။

**ပန်းချီဆရာကြီး ဦးဇော်ဝင်း(သစ်ထွင်း)**

ကလေးတွေအတွက် အခုလိုစာပေပွဲတော်လုပ်ပေးတာ လုပ်သင့်တဲ့အလုပ်ဖြစ်တဲ့အတွက် ကောင်းပါတယ်။ ငယ်စဉ်ကတည်းက စာပေဖတ်ရှုလိုစိတ်နဲ့ စာပေတန်ဖိုးကို သိမှဖြစ်မှာပါ။ ဒီပွဲမှာ ကျွန်တော်တို့ ပန်းချီအဖွဲ့တွေက မူလတန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူတွေကို ပန်းချီပြိုင်ပွဲတွေ ပြုလုပ်ပေးပြီး အမှတ်ပေးဒိုင်အဖြစ် ပါဝင်ကူညီရမှာပါ။ ကလေးအရွယ်ကတည်းက အလှအပကို မြတ်နိုးတန်ဖိုးထားလိုစိတ်ရှိလာမယ့် အကျိုးတရားတွေကို ခံစားရမှာပါ။ ရှေ့လျှောက် ဒီလိုပွဲမျိုးတွေ မကြာခဏ ကျင်းပပေးစေလိုပါတယ်။

**ကိုလှမင်းဦး(နှောင်-ရှုပ)**

ကလေးစာပေပွဲတော်မှာ ကျွန်တော်တို့ ဇာတိမာန် ကလေးသတင်းစာ စာတည်းအဖွဲ့က ပွဲတော်အထိမ်းအမှတ် သတင်းလွှာ ထုတ်ဝေမှာဖြစ်ပါတယ်။ ဒီသတင်းလွှာကို ဇာတိမှန် သတင်းစာပညာသင်တန်းမှာ တက်ရောက်နေတဲ့ ကလေးငယ်တွေက ရေးသားကြမှာ ဖြစ်ပါတယ်။ ဒီသတင်းလွှာမှာ ပွဲတော်နဲ့ပတ်သက်တဲ့သတင်းတွေ၊ ဆောင်းပါးတွေ၊ ကာတွန်းတွေအပြင် ပွဲတော်ကိုလာကြတဲ့ ကလေးတွေနဲ့ ပြည်သူတွေရဲ့ ခံစားမှုရသတွေကို ရေးသားကြမှာဖြစ်ပါတယ်။ ပွဲတော်သုံးရက်စလုံးမှာ တစ်ရက်ကို သတင်းလွှာစောင်ရေ ၂၅၀၀ ကို ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ ယနေ့ခေတ်မှာ လူငယ်တွေ စာဖတ်စွမ်းရည်တွေ အားနည်းနေတယ်။ ဒါကို အခုပွဲတော်က စာဖတ်ချင်စိတ်ဖြစ်ပေါ်လာအောင် အသိပညာဗဟုသုတတွေ အများကြီးပေးနိုင်မှာဖြစ်တဲ့အတွက် အကျိုးရှိမှာပါ။ ကျွန်တော်တို့အဖွဲ့ကလည်း ဒီလို ကြုံတောင့်ကြုံခဲပွဲတော်ကြီးမှာ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ မိဘတွေ၊ ဆရာ ဆရာမတွေကလည်း ဒီပွဲတော်မှာပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းလိုပါတယ်။

**ဦးအောင်မော်(ကာတွန်းဆရာ)**

မန္တလေးမှာကျင်းပမယ့် ကလေးစာပေပွဲတော်ကို အထက်မြန်မာနိုင်ငံက ကာတွန်းဆရာတွေ စုပေါင်းရေးဆွဲထားတဲ့ ကာတွန်းကားပေါင်း ၆၀ ကျော် ရေးဆွဲပြသသွားမှာပါ။ ပွဲတော်ကာလအတွင်းမှာလည်း လက်တွေ့ကာတွန်းရေးဆွဲသရုပ်ပြခြင်းနဲ့ ကလေးများအတွက် ဆေးရောင်စုံခြယ်ပြိုင်ပွဲတွေ ထည့်သွင်းကျင်းပပေးသွားမှာ ဖြစ်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ အေးမြ(မန္တလေး)**

■




# (၃၇)ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း ညီလာခံကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

သွားဘက်ဆိုင်ရာဆေးပညာလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု သွားနှင့်ခံတွင်းရောဂါ နိုင်ငံတကာ အဆင့်မီ ကုသနိုင်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်သည့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ (၃၇)ကြိမ်မြောက် ညီလာခံကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် Melia ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

"ဒီညီလာခံက အကျိုးကျေးဇူး ဘာတွေရစေလဲဆိုရင် အခု ဆေးကုမ္ပဏီတွေကလာပြီးတော့ သူတို့ရဲ့ ဆေးတွေ၊ နောက်ဆုံးပေါ် နည်းပညာတွေကို ဖြန့်ဖြူးတယ်ဆိုတော့ ဆေးလောကက တက်လာတာပဲ။ သွားဘက်ဆိုင်ရာက နည်းပညာတွေ အများကြီးပါတယ်။ အသစ်အသစ် ထွက်ပေါ်လာလေ သူတို့ရဲ့ကောင်းတာတွေ ဆိုးတာတွေ သိလာရတော့ ဆေးလောက တိုးတက်လာတာပေါ့" ဟု မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ဆွေဆွေဝင်းက ပြောသည်။ ညီလာခံတွင် ကမ္ဘာ့ သွားနှင့်ခံတွင်း ဆရာဝန်အသင်းမှ ကိုယ်စားလှယ်များနှင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ သွားဘက်ဆိုင်ရာ နောက်ဆုံးပေါ် နည်းပညာများနှင့် ကုသမှုဆိုင်ရာဟောပြောပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲ၊ ပြိုင်ပွဲများအပြင် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပစ္စည်းပြခန်းများကို နှစ်ရက်ကြာ ပြုလုပ်သွားမည်ဟု သိရသည်။

ညီလာခံကို ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ညီလာခံသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သွားကျန်းမာရေး နယ်ပယ်ရှိ အနယ်နယ်အရပ်ရပ်မှ သွားနှင့်ခံတွင်းဆိုင်ရာ သွားဘက်ဆိုင်ရာ ဆရာဝန်များတက်ရောက်ခဲ့ကြသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချီကိုဟန်**

# ပုသိမ်ကြီးမြို့နယ်မှ မီးဘေးသင့်အိမ်ထောင်စုများနှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စစ်ဘေးရှောင်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မန္တလေး ဇန်နဝါရီ ၂၀**



မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်မှ မီးဘေးသင့်အိမ်ထောင်စုများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စစ်ဘေးရှောင် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းက ပုသိမ်ကြီးမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ ဦးဇာနည်အောင်၊ ဦးမျိုးသစ်နှင့် ဦးမြတ်သူတို့က ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာ မီးဘေးသင့် အိမ်ထောင်စုငါးစုနှင့် ပုသိမ်ကြီးမြို့ အောင်သုခရပ်ကွက် မီးဘေးသင့် အိမ်ထောင်စု ရှစ်စုတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော Family Kit တစ်စုံ၊ ရေသန့်ဘူးနှင့် ထီးများ ထောက်ပံ့ပေးအပ်ကြပြီး မီးဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားကြသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး ဝန်ကြီးများသည် မန္တလေး မဟာအောင်မြေမြို့နယ် မြင်းဝန်မင်းကြီးတိုက် ဇရမ်းကြီးကျောင်း၌ ကျင်းပသော ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စစ်ဘေးရှောင် အိမ်ထောင်စု ၃၁ စု တို့အတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ငါးသောင်းစီနှင့် Family Kit တစ်စုံ၊ ရေသန့်ဘူးတို့အား ထောက်ပံ့ပေးအပ်ကြရာ စစ်ဘေးရှောင်ပြည်သူများကိုယ်စား အလယ်တန်းပြ ဆရာမ ဒေါ်ဟိန်းသီရိမေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး ဝန်ကြီးများသည် စစ်ဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍အားပေးစကားပြောကြားကာ လိုအပ်သည့် ကူညီမှုများကို ဆောင်ရွက်ပေးခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

# စက်မှု/စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် ထိရောက်စွာအသုံးပြုခြင်းဆိုင်ရာသင်တန်း အခမဲ့ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization- UNIDO) နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် အထိရောက်ဆုံးအသုံးပြုခြင်းဆိုင်ရာ (Energy System Optimization) သင်တန်းများကို အခမဲ့ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း UNIDO မှ သိရသည်။

အဆိုပါ သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာတွင် Compressed Air Energy System Optimization (CASO) User Level သင်တန်းအမှတ်စဉ်(၆)ကို ရန်ကုန်မြို့ ဘွိုင်လာစစ်ဆေးရေးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဝင်းရှိ သင်တန်းခန်းမ၌ International Expert မှ ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်တန်းကြေး အခမဲ့ဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းသို့ Compressed Air အသုံးပြုသည့် ပုဂ္ဂလိက၊ အစိုးရ စက်ရုံများမှ အင်ဂျင်နီယာများ၊ Operator များ၊ စွမ်းအင်ကုန်ကျစရိတ် လျှော့ချလိုသော စက်ရုံ၊ အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်စနစ် အထိရောက်ဆုံး အသုံးပြုခြင်းဆိုင်ရာ Energy System Optimization ပညာရပ်ကို စိတ်ပါဝင်စားသူများ၊ မိမိစက်ရုံတွင် Compressed Air Energy အတွက် ကုန်ကျစရိတ်များပြားနေပြီး ယင်းကုန်ကျစရိတ်ကို လျှော့ချလိုသူများ တက်ရောက်နိုင်ကြောင်းနှင့် User နှင့် Expert Level တက်ရောက်အောင်မြင်ပြီးပါက Compressed Air System Optimization Expert အဖြစ် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း သိရသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပြီး သင်တန်းကို ကနေဒါနိုင်ငံသား Compressed Air System Optimization Expert က သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းသို့ အင်ဂျင်နီယာဘွဲ့ရရှိထားသူ (Bachelors in Engineering) သို့မဟုတ် Compressed Air System ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်နှင့်အထက်ရှိသူ၊ အင်္ဂလိပ်ဘာသာဖြင့် နားလည်ပြောဆိုနိုင်သူဖြစ်လျှင် ပိုမိုသင့်တော်မည်ဟု သိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာကို www.ieemyanmar.com/?page_id=4452 တွင် ဒေါင်းလုပ်ရယူဖြည့်စွက်၍ email: A.ZIN@unido.org, T.OO@unido သို့ လည်းကောင်း၊ ဖုန်း- ၀၉၄၂၁၁၃၁၀၈၅၊ ၀၉၅၁၉၀၉၇၉ တို့သို့ ဇန်နဝါရီ ၂၆ ရက် နောက်ဆုံးထားဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း UNIDO မှ သိရသည်။ **(၀၀၁)**



**ပုဇွန်တောင် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက် နံနက်က သယ်ယူပို့ဆောင်ရေး စနစ်သစ်တွင် ပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်ဈေးရှေ့ ကားမှတ်တိုင်တွင် ပြည်သူများအား ကူညီဆောင်ရွက်ပေးစဉ်။** (ကြေးမုံ)

မူဆယ်မြို့တွင်း မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် ဇုန်ပြင်ပ ပြည်ထောင်စု လမ်းမကြီး တစ်လျှောက်တွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၏ လမ်းညွှန်မှုဖြင့် အမှတ်(၁၂၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲမှူး ကျော်ကျော်ထွန်း ဦးစီးသောယာဉ်ထိန်းတပ်ဖွဲ့ဝင် ၂၁ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မထသအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ယာဉ်ကြောပိတ်မှု



အများဆုံးဖြစ်ပွားတတ်သော နေရာများ၌ နေ့စဉ်ကြိုတင်၍ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ **ဆရာမောင်(မူဆယ်)**

**မီးသတိပြု**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်(ရွှေဈေး) ၈၇၂၀၀၀ - ၈၇၂၀၀၀ မန္တလေး(ရွှေဈေး) ၈၇၂၀၀၀ - ၈၇၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၈.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆.၄၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၁၅၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃.၄၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၂၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၂.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၆၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၆.၀၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# မုဒုံမြို့နယ် ကမာဝက်-ကမာအုပ်ကွန်ကရစ် ဘီးလမ်းခင်း

**မုဒုံ ဇန်နဝါရီ ၂၀**

မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရွှေကြယ်ပွင့်ကုမ္ပဏီနှင့် ပြည့်ဇာနည်ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကမာဝက်-ကမာအုပ်ကွန်ကရစ်ဘီးလမ်း အရှည် ၆ မိုင် ၄ ဖာလုံခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ကာလ အချိန်မီပြီးစီးရေးတို့ကို ကုမ္ပဏီမှ တာဝန်ရှိသူများအား ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် နွေရာသီတွင် သောက်သုံးရေခက်ခဲသော ဝဲကလိနှင့် ကမာအုပ်ကျေးရွာများသို့ ရေပေးဝေနိုင်ရန် ကမာအုပ်ကျေးရွာနှင့် သုံးမိုင်ကွာဝေးသော ပျဉ်းမကုန်းရေထွက်ရှိရာသို့ သွားရောက်၍ ရေထွက်နှုန်းအား စစ်ဆေးခဲ့ကြသည်။ ပျဉ်းမကုန်းရေထွက်မှ ပိုက်လိုင်းသွယ်ကာ ရေစင်ပေါ်တင်၍ ရေပေးဝေနိုင်ရန် စီစဉ်လျက်ရှိသည်။ **(ကြေးမုံ)**

# TNLA လက်နက်ကိုင်အဖွဲ့က အရပ်ယာဉ်များအား အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်၊ ပြည်သူတစ်ဦးသေဆုံး၊ ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိ



**နေပြည်တော် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မန်တုံရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဝန်ထမ်းများပါဝင်သော အရပ်ယာဉ်နှစ်စီးအား ယနေ့နံနက်ပိုင်းတွင် TNLA လက်နက်ကိုင်အဖွဲ့က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ပြည်သူတစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မန်တုံမြို့မှ လားရှိုးမြို့သို့ သွားရောက်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဝန်ထမ်းများပါဝင်သော အရပ်ယာဉ်များအား TNLA လက်နက်ကိုင်အဖွဲ့က ယနေ့နံနက် ၉ နာရီခွဲတွင် ကြူပန်းကျေးရွာအနီး၌ အဝေးထိန်းမိုင်း ခုနစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်နှစ်စီး မိုင်းစထိမှန်ပျက်စီးခဲ့ပြီး ယာဉ်ပေါ်ပါ ပြည်သူတစ်ဦးသေဆုံးကာ ရဲတပ်ဖွဲ့ဝင်များ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရလူနာများအား တပ်မတော်စစ်ကြောင်းက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**( သတင်းစဉ်)**



# အမျိုးသမီး ရဲတပ်သားသစ်သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်းတွင် အမျိုးသမီး ရဲတပ်သားသစ် သင်တန်းအမှတ်စဉ်(၃၃/၂၀၁၆) စည်သူတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်က အဆိုပါလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၊ သုတေသနစီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှူး ရဲမှူးကြီးဥမ္မာရင်မိ တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၁၉၈ ဦး တက်ရောက်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၆၀၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကိုရဲ)**

# ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း မူးယစ်ဆေးဝါးများ တင်ဆောင်ထားသည့် လှေတစ်စင်း သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီးရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မူးယစ်ဆေးဝါးများတင်ဆောင်ထားသည့် လှေတစ်စင်း ယမန်နေ့နံနက်ပိုင်းက သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီးရှိ မြန်မာ့ပင်လယ်ပြင်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်သည် ပင်လယ်ပြင်လုံခြုံရေးဆောင်ရွက်စဉ် ယမန်နေ့နံနက် ၂ နာရီ မိနစ် ၂၀ ခန့်တွင် ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၁၅ မိုင်ခန့်အကွာ မြန်မာ့ရေပိုင်နက်အတွင်း၌ မသင်္ကာဖွယ် လှေတစ်စင်းအားတွေ့ရှိသဖြင့် သွားရောက်စစ်ဆေးရာ လှေပေါ်မှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃ ပြားနှင့် တစ်ထုပ်လျှင် ၁၀၀ ဂရမ်ခန့်ပါ ဘိန်းစာမှုန့် ၆၃ ထုပ်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိလှေနှင့် မူးယစ်ဆေးဝါးများအား ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■



(၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် အကောက်ခွန် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းဦးစီး၍ ဝန်ထမ်းများနှင့် မိသားစုဝင် ၈၉ ဦးတို့က ဇန်နဝါရီ ၂၀ ရက် နံနက်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ (၃၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြစဉ်။ (ကြေးမုံ)

# ကြူကုတ်(ပန်ဆိုင်း)မြို့အနီး လက်နက်တစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ ကြူကုတ်(ပန်ဆိုင်း)မြို့ အနီးတစ်ဝိုက် တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်တွင် ကြူကုတ်(ပန်ဆိုင်း)မြို့၏ အရှေ့ဘက် ငါးမိုင်ခွဲခန့်အကွာရှိ လူသွားလမ်းဟောင်းဘေးအနီး ချုံအတွင်းမှ အမ်-၂၂ သေနတ်တစ်လက်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု မယင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၀ ရက် နံနက်က အဆိုပါကျောင်း၌ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့်ဖွင့်လှစ်သည်။ ထို့နောက် ဇေယျာသီရိမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသောင်းငွေက အဖွင့်အမှာစကားပြောကြားပြီး မယင်းကြီးကျောင်းအုပ်ဆရာကြီး ဦးကြည်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ ပညာရည်ထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၃၀ တို့အား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် မိဘ၊ ဆရာ၊ ကျောင်းသား ကျောင်းသူများနှင့် ဧည့်သည်တော်များအား ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး **(အပေါ်ပုံ)** ဧည့်ပရိသတ်များအား နေ့လယ်စာ ထမင်း၊ ဟင်းများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

**ကျော်သူရ(ကြေးမုံ)**

# ကလေးငယ်များ စိတ်ကြိုက်ပန်းချီဆွဲပြိုင်ပွဲ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၀**

ကလေးငယ်များ၏ ကိုယ်ပိုင်တီထွင်ဖန်တီးလိုစိတ်နှင့် ဉာဏ်စွမ်းရည်ဖွံ့ဖြိုးစေရန်အတွက် စိတ်ကြိုက်ပန်းချီဆွဲ ပြိုင်ပွဲကို ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ ထိန်တပင်ကျေးရွာအခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုကို မောင်ထက်မြက်ကို၊ ဒုတိယဆုကို မောင်ကောင်းခန့်တင့်၊ တတိယဆုကို မချစ်စုဝေနှင့် အထူးဆုကို မရွှေယမင်းဦးတို့က အသီးသီးရရှိခဲ့ကြသည်။

အဆိုပါဆုများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေရီထွန်း၊ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ရွှေဒီဇင်ဘာအောင်နှင့် တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြပြီး ဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍ လက်ထောက်ပညာရေးမှူး ဦးစိုးနိုင်နှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးမြင့်တို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်ဆောင်ရွက်

**ဥသျှစ်ပင် ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဥသျှစ်ပင်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ လဲရွာတံတားတွင် အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် 12 M ကွန်ကရစ်တိုင် နှစ်တိုင်စင် တည်ဆောက်ခြင်းနှင့် စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လဲရွာတံတားမှ မီးသတ်ဦးစီးဌာနအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၂၀၀၀ ရှိ ACSR ၃၅ မီလီမီတာကြိုးအား ACSR ၉၅ မီလီမီတာကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးမင်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် အများပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**

# ပြိုင်ပွဲဝင်အရေအတွက် တိုးမြှင့်လာခြင်းနဲ့အတူ စည်းမျဉ်းများပြောင်းလဲမှုကိုပါ တွေ့မြင်ရဖွယ်ရှိတဲ့ ၂၀၂၆ ကမ္ဘာ့ဖလား

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အသင်း ၄၈ သင်းအထိ တိုးချဲ့ယှဉ်ပြိုင်ဖို့ အတည်ပြုခဲ့ပြီးနောက်မှာတော့ ပိုမိုရသဆန်တဲ့ ပြိုင်ပွဲဖြစ်လာအောင် စည်းမျဉ်းတွေကိုပါ ပြင်ဆင်သွားဖို့ရှိနေတယ်လို့ ဖီဖာ(ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)ရဲ့ ဒါရိုက်တာတစ်ဦးဖြစ်တဲ့ မာကိုဗန်ဘက်စတန်ရဲ့ ပြောကြားချက်အရ သိရပါတယ်။ ဗန်ဘက်စတန်က ဖီဖာနည်းစနစ်ပိုင်းဆိုင်ရာ အကြီးအကဲတာဝန်ယူထားသူဖြစ်ပြီး နည်းစနစ်ပိုင်း အထောက်အပံ့ပြုတဲ့ စည်းမျဉ်းသစ်တွေကို ပြဋ္ဌာန်းဖို့ ဦးဆောင်ပြင်ဆင်နေသူလည်း ဖြစ်ပါတယ်။ ဖီဖာက ၂၀၂၆ ကမ္ဘာ့ဖလားကို ပြိုင်ပွဲဝင်အသင်း ၄၈ သင်း တစ်အုပ်စု သုံးသင်းနဲ့ ၁၆ အုပ်စုခွဲကာ ပြိုင်ပွဲကျင်းပသွားဖို့ သဘောအတည်ပြုထားပြီးဖြစ်ပါတယ်။

အခုလို ပြိုင်ပွဲဝင်အရေအတွက်များပြားလာတာကို ဘောလုံးအင်အားကြီးနိုင်ငံတွေက မလိုလားကြပေမယ့် ဘောလုံးထွန်းသစ်စ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့လို ဘောလုံးအဖွဲ့ချုပ်တွေကတော့ ကြိုဆိုကြောင်း ဆိုခဲ့ပါတယ်။ ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အရေအတွက် ၃၂ သင်း သတ်မှတ်ခဲ့ပြီးနောက် ဂျပန်လို နိုင်ငံမျိုးက ကမ္ဘာ့ဖလားကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာကြောင့် အခုလို ၁၆ သင်း တိုးချဲ့လာခြင်းက ကျန်အာရှတိုက်ရှိ ခြေတက်အသင်းတွေကို မျှော်လင့်ချက်ပိုမိုရှိလာစေတာ ဖြစ်ပါတယ်။

ဥရောပအသင်းကြီးတွေကတော့ ဒီလိုအရေအတွက် တိုးမြှင့်တာက ပြိုင်ပွဲကာလကြာရှည်ခြင်းနဲ့အတူ အသင်းကြီးတွေ ပွဲပန်းတဲ့ဒဏ်ကို ပိုခံစားရမှာဖြစ်တာကြောင့် ရသဆန်တဲ့ ပွဲမျိုးဖြစ်လာဖို့ ပိုမိုခဲယဉ်းတယ်ဆိုတဲ့ ဝေဖန်မှုတွေလည်း ထွက်နေပါတယ်။ ဖီဖာကတော့ အပြောင်းအလဲတစ်ခု


မာကိုဗန်ဘက်စတန်

လုပ်ရင် ကြိုက်သူရှိသလို မကြိုက်သူလည်း ရှိတာကြောင့် ဒီအတွက် အထူးတလည် ရှင်းပြနေမှာ မဟုတ်ဘူးလို့ တုံ့ပြန်ထားပြီးဖြစ်ပါတယ်။

ဖီဖာ တာဝန်ရှိသူတွေက အပြောင်းအလဲတစ်ရပ် ဖော်ဆောင်ခြင်းနဲ့အတူ အချို့သော စည်းမျဉ်းသစ်တွေ ထပ်တိုးပြဋ္ဌာန်းဖို့လည်း လိုတယ်လို့ ယုံကြည်ထားတာကြောင့် စည်းမျဉ်းသစ် ၁၀ ခုအထိ ပြဋ္ဌာန်းဖို့လည်း စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒီစည်းမျဉ်းတွေက ရသဆန်တဲ့ ကစားဟန်ကို အထောက်အပံ့ပြုမယ်လို့ ဖီဖာတာဝန်ရှိသူများက ယုံကြည်ထားပေမယ့် အချို့ကတော့ ဒီပြဋ္ဌာန်းချက်တွေက အတော်လေးရူးမိုက်တဲ့ စည်းမျဉ်းတွေလို့ ဝေဖန်နေကြပါတယ်။ ဘာစည်းမျဉ်းတွေကို ပြဋ္ဌာန်းမှာမို့ ကန့်ကွက်မှုတွေ



ရှိနေတာလဲဆိုတာ ပရိသတ်တွေ လေ့လာနိုင်အောင် အကျဉ်းချုပ်တင်ဆက်ပေးလိုက်ပါတယ်။ စည်းမျဉ်းသစ် ၁၀ ခုထဲမှာမှ ဝေဖန်ခံရမှုအများဆုံး စည်းမျဉ်းငါးခုကို ဖော်ပြလိုက်ပါတယ်။

**လူကျွံစည်းမျဉ်းကို ပယ်ဖျက်ပေးခြင်း**

ဗန်ဘက်စတန်ကတော့ ဘောလုံးကစားနည်းမှာ လူကျွံအနေအထားကြောင့် သွင်းဂိုးတွေ ပယ်ဖျက်ခံနေရတာကို ပြင်ဆင်ဖို့ လိုလားသူဖြစ်ပါတယ်။ သူ့ရဲ့ အယူဝါဒအရ ဘောလုံးတစ်ပွဲရသဆန်ဖို့ ပြစ်ဒဏ်သတ်မှတ်စေချင်ရင် အလွတ်တည်ကန်ဘော ကန်သွင်းခွင့်ပေးတာမျိုးက ပိုထိရောက်တယ်လို့ ဆိုပါတယ်။

ဗန်ဘက်စတန်က "ကျွန်တော်အနေနဲ့ ဘောလုံးကစားနည်းမှာ လူကျွံဆိုတဲ့ စည်းမျဉ်းသာမရှိရင် ဘယ်လိုဖြစ်မလဲဆိုတာ စူးစမ်းလိုပါတယ်။ ခုနောက်ပိုင်းပွဲစဉ်တွေမှာ လက်ထိဘောတွေ ပိုမိုများလာကြသလို အသင်းတစ်သင်းက ဂိုးသမားအပြင် ကစားသမားကိုးယောက်လောက် ဂိုးပေါက်ကို စုပြုံပြီး ခံစစ်ပိတ်ကစားလာကြတာကြောင့် တံတိုင်းကြီးလို ဖြစ်နေတဲ့အတွက် ဒီကစားသမားတွေကို ကျော်ပြီး ဂိုးရဖို့ဆိုတာ တော်တော်ခက်တဲ့ ကိစ္စပါ။ လူကျွံစည်းမျဉ်းသာမရှိရင် တိုက်စစ်ကစားသမားက နောက်ခံလူတွေရဲ့နောက်မှာ နေလို့ရတဲ့ အနေအထားဖြစ်သွားမှာပါ။ ဒီလိုဆိုရင် တိုက်စစ်ကစားသမားတွေ ဂိုးသွင်းဖို့ အခွင့်အရေးတွေ ပိုရလာကြမှာဖြစ်ပါတယ်"လို့ ဆိုခဲ့ပါတယ်။

ဗန်ဘက်စတန်က ကစားပွဲတစ်ပွဲမှာ ခံစစ်ချည်း ပိတ်ကစားနေရင် ရသပျက်တာကြောင့် အဆင်ပြေသလို အနေအထားနဲ့ ဂိုးရအောင်သွင်းပြီး ဖျော်ဖြေရေးဆန်တဲ့ ဘောလုံးပွဲကို တည်ဆောက်ဖို့ရည်ရွယ်တာဖြစ်ပါတယ်။

**ပင်နယ်တီကန်သွင်း အဆုံးအဖြတ်ခံယူသည့် စနစ်ကို ပယ်ဖျက်၍ ရသဆန်သည့်နည်းဖြင့် အစားထိုးခြင်း**

ဘောလုံးလောကတွင်း ရေရှည်အမြစ်တွယ်လာတဲ့ ရှုံးထွက်အဆင့်တွေမှာ ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး သရေရလဒ်ထွက်ပေါ်နေရင် အချိန်ပို မိနစ် ၃၀၊ ပင်နယ်တီကန်သွင်း အဆုံးအဖြတ်ခံယူတဲ့ အစဉ်အလာတစ်ရပ်ကို ပြုပြင်ဖို့စဉ်းစားလာပါပြီ။ ဒီအယူအဆကို မိတ်ဆက်လာသူကလည်း ဗန်ဘက်စတန်ပဲ ဖြစ်ပါတယ်။ သူက ပင်နယ်တီကန်သွင်းတာက ပွဲရဲ့ရသကို ပျက်စေတာကြောင့် အဲဒီအစား ကစားသမားတွေအနေနဲ့ ၂၅ ကိုက်အကွာကနေ ဘောလုံးကိုယူလာပြီး ရှစ်စက္ကန့်အတွင်း ဂိုးရအောင်သွင်းယူကြမယ့် စနစ်သစ်ကို စဉ်းစားလာတာဖြစ်ပါတယ်။ အသင်းတစ်ခုစီက ဒီလိုမျိုး အခွင့်အရေး ငါးကြိမ်စီ ရရှိကြမှာဖြစ်ပါတယ်။ ဗန်ဘက်စတန်ကတော့ "ဒီလိုဆိုရင် ကစားသမားက ဘောလုံးကိုဆွဲပြေးပြီးမှ ကန်မယ်၊ ဂိုးသမားကလည်း စောင့်ဆိုင်းပြီး အကောင်းဆုံး တုံ့ပြန်မယ်ဆိုတော့ ရသဆန်တဲ့ ကစားဟန်ကို ပိုတွေ့မြင်ရမယ်"လို့ ဆိုပါတယ်။

**အဝါကတ်မဲ့ ပွဲစဉ်များ**

ကစားသမားတစ်ဦးအနေနဲ့ ကြမ်းတမ်းတဲ့ ဖျက်ထုတ်မှုမျိုးကြောင့် အဝါကတ်ပြသ သတိပေးခဲ့ရပြီး နှစ်ကြိမ်အဝါကတ်ထိရင် ထုတ်ပယ်ခံရကြရပါတယ်။ ဒါကြောင့် အဝါကတ်ဆိုတာ ကစားသမားတွေအတွက် ထိတ်လန့်ဖို့ကောင်းတဲ့ ပြစ်ဒဏ်တစ်ရပ်လည်းဖြစ်ပါတယ်။ တစ်ယောက်ထုတ်ပယ်ခံလိုက်တဲ့အသင်းက ၁၀ ယောက် ဖြစ်သွားတဲ့အတွက် ၁၁ ယောက်ဖြစ်နေတဲ့အသင်းကို ဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်တာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားမှာ အဝါကတ်ပြသတာကို ပယ်ဖျက်ပေးဖို့ စဉ်းစားလာတာဖြစ်ပါတယ်။

**အကျိုးရှိသည့် ကစားချိန် သတ်မှတ်ခြင်း**

အသင်းတစ်ခုက အခြားအသင်းဘက်ကို ဦးဆောင်ဂိုးတွေ သွင်းထားပြီဆိုရင် ဒီဦးဆောင်မှုကို ဆက်လက်ထိန်းသိမ်းဖို့ အချိန်ဆွဲကစားတာမျိုး ဖြစ်လာတတ်ပါတယ်။ ဒီလိုမျိုးပြဿနာတွေကိုရှောင်ဖို့ ပွဲချိန်မိနစ် ၈၀ နောက်ပိုင်းကို အကျိုးရှိတဲ့ကစားချိန်အဖြစ် သတ်မှတ်ပြီး လူစားလဲမှုပြုလုပ်ခြင်း၊ ၁၀ စက္ကန့်ထက်ပိုပြီး ဘောလုံးပေးပို့မှု ဆိုင်းငံ့ခြင်း မရှိစေရေး



ကိုလည်း သတ်မှတ်သွားဖို့ရှိနေပါတယ်။

**ပြစ်ဒဏ်ကျူးလွန်မှုအများဆုံးအကြိမ်ကို ကန့်သတ်လိုက်ခြင်း**

ကစားသမားတစ်ဦးအနေနဲ့ အဝါကတ်ပြသ သတိပေးတာထက်ဆို တစ်ပွဲမှာ ပြစ်ဒဏ်အများဆုံး ဘယ်နှစ်ကြိမ် ကျူးလွန်ခွင့်ရှိတယ်ဆိုတာ ကန့်သတ်သွားမယ်လို့ ဗန်ဘက်စတန်က စဉ်းစားထားပါတယ်။ ဒါဟာ ဘောလုံးကစားနည်းအနေနဲ့ ဘတ်စကတ်ဘောယဉ်ကျေးမှုကို အတုယူဆောင်ရွက်တာဖြစ်ပြီး ဒီစည်းမျဉ်းသာ အမှန်တကယ် အသက်ဝင်လာမယ်ဆိုရင် ခံစစ်ကစားသမားတွေနဲ့ ပေါ့ဘာတို့လို ခပ်ကြမ်းကြမ်း ဖျက်ထုတ်တတ်တဲ့ ကစားသမားတွေ သတိထားရတော့မှာ ဖြစ်ပါတယ်။ **(မေလှသင်း)**

# နေမာ၏တန်ဖိုးမှာ မက်ဆီထက် သာလွန်နေကြောင်း လေ့လာချက်တစ်ခုကဆို

ဘာစီလိုနာတိုက်စစ်မှူး နေမာသည် ပေါင် ၂၁၆ သန်းနှင့်အတူ ဥရောပဘောလုံးလောကတွင် တန်ဖိုးအများဆုံးကစားသမားအဖြစ်ရပ်တည်နေကြောင်း ယူရိုသန်း ၁၀၀ ကျော်သည့် ကစားသမား ၁၀ ဦးအား လေ့လာမှုပြုလုပ်ခဲ့သည့် စီအိုင်အီးအက်စ် ဘောလုံးဆိုင်ရာလေ့လာဆန်းစစ်မှုတစ်ရပ်က ဆိုသည်။

တိုက်စစ်မှူးမက်ဆီသည် ပေါင် ၁၄၉ သန်းတန်ဖိုးရှိကြောင်း ဖော်ပြခဲ့ခြင်းကြောင့် တိုက်စစ်မှူး နေမာသည် ဒုတိယနေရာမှ မက်ဆီထက်သာလွန်နေခဲ့ခြင်းဖြစ်သည်။ လေ့လာမှုပြုလုပ်ခဲ့ရာတွင် ထိပ်ဆုံးမှ တန်ဖိုးမြင့်ကစားသမား ၁၀ ဦးကို ရွေးချယ်ခဲ့ရာ၌ အင်္ဂလန်ကစားသမားနှစ်ဦးသာ ပါဝင်ခဲ့ပြီး စပါးအသင်းမှ ဟယ်ရီကိန်းနှင့် ဒီလီ အယ်လ်လီတို့ဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီကာလက မန်ယူအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည့် ပေါ့ဘာမှာမူ တန်ဖိုးအားဖြင့် ပေါင် ၁၃၆ ဒသမ ၄ သန်းဖြစ်ကြောင်း ဖော်ပြထားခြင်းကြောင့် ပေါ့ဘာမှာ အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့သည်။ ဘလွန်းဒီအောဆုရှင်နှင့် ဖီဖာကမ္ဘာ့အကောင်းဆုံး ကစားသမားဆုရှင်ဖြစ်သူ စီရိုနယ်လ်ဒိုမှာမူ ပေါင် ၁၁၁ သန်းဖြင့် အဆင့်(၇)နေရာ၊ ဂါရတ် ဘေးလ်မှာမူ ပေါင် ၇၃ ဒသမ ၈ သန်းဖြင့် အဆင့်(၁၄)နေရာ၌သာ ရပ်တည်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်း၏ တိုက်စစ်မှူး ဂရစ်ဇ်မန်းမှာ ပေါင် ၁၃၂ သန်းဖြင့် အဆင့်(၄)နေရာ၌ ရပ်တည်ခဲ့ပြီး ဘာစီလိုနာတိုက်စစ်မှူး ဆွာရတ်ဇ်မှာ ပေါင် ၁၂၇ သန်းဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့သည်။ အဆင့်(၆)နေရာတွင် ဟယ်ရီကိန်းက ပေါင် ၁၂၂ သန်းဖြင့် ရပ်တည်ခဲ့ပြီး ဂျူဗင်တပ်ကစားသမား ဒိုင်ဘာလာမှာ ပေါင် ၉၉ ဒသမ ၉ သန်းဖြင့် အဆင့်(၈)နေရာတွင် ရပ်တည်ခဲ့သည်။ စပါးအသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် ဒီလီ အယ်လ်လီမှာ ပေါင် ၉၆ သန်းဖြင့် အဆင့်(၉)နေရာတွင် လည်းကောင်း၊ ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်မှာ ပေါင် ၈၉ သန်းဖြင့် အဆင့် (၁၀) နေရာတွင်လည်းကောင်း ရပ်တည်ခဲ့ကြသည်။ **(ငွေကြယ်)**







# မန်ယူ၊ ဘာစီလိုနာနှင့် နယ်သာလန်နည်းပြဟောင်း ဗန်ဟားလ် နည်းပြဘဝ (၂၆)နှစ်ကြာ ဖြတ်သန်းပြီးနောက် အနားယူလိုက်ပြီ

မန်ယူအသင်းနှင့် နယ်သာလန်အသင်းတို့၏ နည်းပြဟောင်းတစ်ဦးဖြစ်သည့် ဗန်ဟားလ်သည် နည်းပြဘဝကို (၂၆) နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် အနားယူလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၆၅)နှစ်အရွယ်ရှိ ဗန်ဟားလ်သည် ၂၀၁၆ ခုနှစ် မေလအတွင်းက မန်ယူအသင်းနှင့်အတူ အက်ဖ်အေဖလားကို ဆွတ်ခူးခဲ့ပြီးနောက် မန်ယူအသင်း၏ ထုတ်ပယ်ခြင်းခံလိုက်ရစဉ်ကတည်းက နည်းပြအလုပ်ကို လုပ်ကိုင်ခဲ့ခြင်းမရှိခဲ့သူဖြစ်သည်။

ဗန်ဟားလ်သည် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းအပြင် နယ်သာလန်ကလပ် အေဂျက်၊ စပိန်လာလီဂါကလပ်ဘာစီလိုနာနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့တွင်လည်း နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဗန်ဟားလ်သည် ဘောလုံးလောကတွင် ၎င်း၏ အထောက်အပံ့ပေးခဲ့မှုအတွက် ဂုဏ်ပြုသည့် နယ်သာလန်အစိုးရကပေးအပ်သော တစ်သက်တာအောင်မြင်မှုဆုကို လက်ခံရယူပြီးနောက် ဇန်နဝါရီ ၁၆ ရက်တွင် နည်းပြဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

နည်းပြဘဝတစ်လျှောက်တွင် မှတ်တမ်းတင်နိုင်ခဲ့သည့် အသင်းများရှိခဲ့ပြီး အေဂျက်အသင်းတွင် ၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိလည်းကောင်း၊ ဘာစီလိုနာအသင်းတွင် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိလည်းကောင်း၊ အယ်လ်ခမာအသင်းတွင် ၂၀၀၈-၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၀၀၉-၂၀၁၀ ခုနှစ်တွင်လည်းကောင်း တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

အောင်မြင်မှုများအဖြစ် အေဂျက်အသင်းအတွက် ၁၉၉၄-၉၅ တွင် ချန်ပီယံလိဂ်ဆုဖလားကိုလည်းကောင်း၊ ၁၉၉၁-၉၂ တွင် ယူအီးအက်ဖ်အေဖလားကိုလည်းကောင်း ရယူနိုင်ခဲ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင်မူ မန်ယူအသင်းနှင့်အတူ အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

# လူသတ်မှုကျူးလွန်ခဲ့သူကို ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက် ရွာမရပ်နေ ဦးတင်ထွန်းဝင်း(ခ)ဘိုတောက်(၃၇)နှစ်၏ နေအိမ်တွင် ဇန်နဝါရီ ၁၉ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

သတင်းအရ ပြည်ကြီးတံခွန်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဦးတင်ထွန်းဝင်း(ခ)ဘိုတောက်၏ နေအိမ်ခန်းအတွင်း ၎င်း၏ဇနီးဖြစ်သူ မနန်းခင်ထွေးဝင်း(၃၇)နှစ်တွင် ဖူးရောင်ပြတ်ရှဒဏ်ရာ၊ သမီးဖြစ်သူ မနန်းရွှေရည်မိုး(ခ)ဝမ်းဝမ်း(၃)နှစ်တွင် မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် အဆိုပါနေအိမ်တွင် လာရောက်နေထိုင်သည့် ကချင်ပြည်နယ် မန်စီမြို့နေ ခိုင်ဝေ(၂၀)နှစ်အား စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် သမဝါယမမှချေးထားသည့် ငွေကျပ် ၁၀ သိန်းကို ပြန်လည်ပေးဆပ်ရန်ရှိသည့်အတွက် မနန်းခင်ထွေးဝင်းနှင့် မနန်းရွှေရည်မိုး(ခ)ဝမ်းဝမ်းတို့ နှစ်ဦးအားသတ်ခဲ့ပြီး ၎င်းတို့ထံမှ ရွှေထည်ပစ္စည်းများရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ သက်သေခံပစ္စည်းများဖြစ်သည့် ရွှေဆွဲကြိုးနှစ်ကုံး၊ ရွှေဟန်းချိန်းတစ်ခု၊ ရွှေလက်စွပ်နှစ်ကွင်း၊ ဆွဲသီးတစ်ခု၊ အရိုးအသွား ၇ ဒသမ ၅ လက်မခန့်ရှိ ဟင်းလှီးဓားတစ်ချောင်းတို့ကိုသိမ်းဆည်းခဲ့ပြီး ခိုင်ဝေအား ပြည်ကြီးတံခွန် မြို့မရဲစခန်း၌(ပ)



၅၅/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၄၃၆ ဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကိုရဲ)**

# အမြန်လမ်းတွင် ပရိုဘောက်ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းဘေး ဘာရီယာတုံးဝင်တိုက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တောင်ငူမြို့နယ် မိုင်တိုင်အမှတ်(၁၄၈/၅) နှင့် (၁၄၈/၆)အကြား၌ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း နေလင်းဦး(ခ)ဝဏ္ဏ မောင်းနှင်လာသော ပရိုဘောက်ယာဉ်မှာ ယနေ့နံနက် ၃ နာရီခွဲက ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းဘေးဘာရီယာတုံးများကို တိုက်မိကာ ရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်း နေလင်းဦးနှင့် ယာဉ်ပေါ်ပါ မမျိုးသန္တာတို့မှာ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ သို့ပါ၍ ဒဏ်ရာရရှိသူနှစ်ဦးအား ဇီးပင်သာ အမြန်လမ်း ရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် တောင်ငူဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ထို့အတူ ယမန်နေ့ည ၈ နာရီခွဲက ပဲခူးမြို့နယ် မိုင်တိုင်အမှတ်(၄၀/၆) နှင့် (၄၀/၇) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း တင်မောင်ထွေး မောင်းနှင်လာသော တိုရိုတာကိုရိုလာ အဖြူရောင်မော်တော်ယာဉ်မှာ ဝဲရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားပေါ်ရောက်ရှိ တိမ်းမှောက်ခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာအနည်းငယ်ပျက်စီးသွားသည်။

သို့ပါ၍ ယာဉ်မဆင်မခြင် မောင်းနှင်သည့် ယာဉ်မောင်းများအား သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# သီပေါမြို့အထွက်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**သီပေါ ဇန်နဝါရီ၂၀**

မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သီပေါမြို့အထွက် ပန်စဝ်မိန်းကျေးရွာအနီး၌ ဇန်နဝါရီ ယနေ့နံနက် ၈ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လားရှိုးဘက်မှ သီပေါဘက်သို့ မောင်းနှင်လာသောတွဲယာဉ်ကြီးတစ်စီးသည် မိုင်တိုင်အမှတ် ၁၃၁(၅/၆)အနီးသို့ အရောက်တွင် ရှေ့မှ ၁၂ ဘီး ယာဉ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် မောင်းနှင်လာသည့် အေဒီဗင်ယာဉ်ငယ်ကို ဝင်တိုက်မိသည်။ အရှိန်ပြင်းထန်သဖြင့် ယာဉ်ငယ်မှာပေ ၁၅၀ ခန့်အထိ ဆွဲပါသွားခဲ့သည်။



အတိုက်ခံရသော ယာဉ်ငယ်သည် တွဲယာဉ်ကြီး ကျော်တက်လာသည်ကို မြင်၍ လမ်းဘေးသို့ဆွဲချရှောင်တိမ်းပေးခဲ့သော်လည်း တွဲယာဉ်မှာ အရှိန်မထိန်းနိုင်တော့သည့်အတွက် ယင်းကဲ့သို့ တိုက်မိမှုဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ယာဉ်တိုက်မှုကြောင့် အေဒီဗင်ယာဉ်ငယ်ပေါ် ပါလာသူခရီးသည် နှစ်ဦးသေဆုံးပြီး ကျန်လေးဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသဖြင့် လားရှိုးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ သီပေါမြို့နယ် တာဝန်ရှိသူများနှင့် သီပေါယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးပရဟိတအဖွဲ့များက သွားရောက်အကူအညီပေးခဲ့သည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ သီပေါမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# ပိုင်ရှင်မဲ့သစ်များသိမ်းဆည်းရမိ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၀**

မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ညာဂမိုးကျေးရွာအုပ်စု သပြေပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း တောင်ဘက် တစ်မိုင်ခန့်အကွာတွင် ပိတောက်သစ်ခွဲသားများ စုပုံထားရှိကြောင်းသတင်းရရှိသဖြင့် ဇန်နဝါရီ ၁၇ ရက်မွန်းလွဲ ၁ နာရီခန့်က တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနနှင့် ရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်းအဖွဲ့သည် သွားရောက်ရှာဖွေခဲ့ရာ ပိတောက်သစ်ဓားရွေတုံးဆိုဒ်စုံ ၈၃ တုံးခန့် (ကာလတန်ဖိုးကျပ် ၂၁၁၄၄၀၀ ခန့်)ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ပိုင်ရှင်မဲ့သစ်များကို မြို့နယ်သစ်တောနှင့် ပူးပေါင်း၍ ပိုင်ရှင်စုံစမ်းဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိပြီး မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောစီမံခန့်ခွဲမှု နည်းဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မေသူလွင်)**

# မူဆယ်မြို့ ဆင်ဖြူဈေးအတွင်း ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေသူများအား အရေးယူ

**မူဆယ် ဇန်နဝါရီ ၂၀**

မူဆယ်မြို့ ကောင်းမူတုံရပ်ကွက် ဆင်ဖြူဈေးဝင်းအတွင်း ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေကြောင်း သတင်းအရ ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသူရိန် ဦးဆောင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လဝကများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ပါဝင်သော ပူးပေါင်းအဖွဲ့က ရှောင်တခင် ဝင်ရောက်ရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေရာ ဆင်ဖြူဈေးရှိ တိုက်ခန်းအမှတ်(K-8)တွင် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေသူ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးငါးဦးကို ဖမ်းဆီးရမိခဲ့ပြီး ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**


## ပဉ္စမအကြိမ်မြောက်(ဘူမိဗေဒ)
## ကျောင်းသားဟောင်းများဂေါက်သီးရိုက်ပြိုင်ပွဲ (၂၀၁၇ ခုနှစ်)

ဘူမိဗေဒကျောင်းသားဟောင်းများ ချစ်ခင်ရင်းနှီးစွာ ပြန်လည်တွေ့ဆုံနိုင်ရေးရည်ရွယ်ချက်ဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီ မြို့တော်စည်ပင်(ငွေသော်တာဂေါက်ကွင်း)တွင် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ဘူမိဗေဒကျောင်းသားဟောင်း ဂေါက်သီးရိုက်ဝါသနာရှင်များ အောက်ပါပုဂ္ဂိုလ်များထံ စာရင်းပေးသွင်း ပါဝင်ယှဉ်ပြိုင်ကြပါရန် အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| ၁၉၆၀ မှ ၁၉၇၀ ခုနှစ် | ဒါရိုက်တာကြည်စိုးထွန်း | ဖုန်း-၀၉-၇၃၂၄၁၇၈၅ |
| | ဒေါက်တာစုံဟန် | ဖုန်း-၀၉-၅၀၁၆၃၁၂ |
| | ဦးမြင့်ဝေ | ဖုန်း-၀၉-၅၁၉၇၆၁၃ |
| ၁၉၇၁ မှ ၁၉၈၀ ခုနှစ် | ဦးမြင့်သိန်းတင် | ဖုန်း-၀၉-၅၀၀၉၆၄၂ |
| | ဦးသောင်းစိန် | ဖုန်း-၀၉-၇၃၂၁၆၉၆၉ |
| ၁၉၈၀ ခုနှစ် | ဦးမင်းအောင် | ဖုန်း-၀၉-၅၀၅၅၅၅၂ |
| | ဦးထွန်းလှိုင် | ဖုန်း-၀၉-၅၀၁၀၉၉၅ |
| | ဦးဇော်မင်း | ဖုန်း-၀၉-၅၀၀၀၆၈၆ |
| | ဦးကျော်ဇေမြင့် | ဖုန်း-၀၉-၈၅၆၈၆၆၅ |

(လူငယ်ကျောင်းသားဟောင်း ဂေါက်သီးရိုက်ဝါသနာရှင်များ မပျက်မကွက်ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)




## ဂုဏ်ပြုမည်

တာမွေမြို့နယ်၊ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း တာမွေတွင် မူလတန်းပညာများသင်ယူခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ (၅)ဘာသာဂုဏ်ထူးနှင့် (၆)ဘာသာဂုဏ်ထူးရရှိသူများကို မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ဂုဏ်ပြုမည်ဖြစ်ပါသဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်မှ ၂၅ ရက်အတွင်း ကျောင်းအုပ်ကြီး အ. မ. က (၇) တာမွေ ဖုန်း-၀၉-၅၁၈၀၉၃၅၊ ၀၉-၇၃၂၂၀၈၁၈ သို့ ဆက်သွယ်သတင်းပေးပို့ရန်ဖြစ်ပါသည်။

**မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

## ပျောက်ဆုံးကြောင်း

ဦးတင်မျိုးနိုင်(၁၄/မမက(နိုင်)၁၇၈၃၆၀)၏ ဒုတိယစက်ခန်းအုပ်လက်မှတ်အမှတ် စမဒ ၂၅၂/၂၀၁၆ မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၄၁၄၁၀၆**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)၊ သတ္တမတန်း(A)မှ နန်းမွေဟွမ်ဆိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းနွံ ဖြစ်ပါသည်။

**ဦးစိုင်းနွံ**

## Probox Taxi

[illegible]

(3I) (1.3) တစ်လက်ကိုင်
အိမ်ပေး
စပေါ်သုံးသိန်း
Ph:09250650102

## မွေးသက္ကရာဇ်အမှန်

တိုက်ကြီးမြို့နယ်၊ ဥတိုကျေးရွာအုပ်စု၊ သဲပြားကျေးရွာနေ အဖ ဦးတင်ထွန်း၏သား ပညာရေးဝန်ထမ်း ဦးမင်းမင်းထွန်း၏ မွေးသက္ကရာဇ်မှာ ၂၆-၄-၁၉၇၄ အမှန်ဖြစ်ကြောင်း။

## ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၆)၊ မြေညီထပ် (ခြေရင်းခြမ်း) တိုက်ခန်းနှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဧရာဝတီလမ်း၊ အမှတ်(၈၆)၊ (၆)လွှာ-အေနေ ဒေါ်လွင်လွင်ချို[၁၀/သဖရ(နိုင်)၀၇၇၁၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၆)၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ်(၂၇၃)၊ အကျယ်အဝန်း ပေ(၂၅×၅၀)ရှိ မြေကွက်ပေါ်တွင် (RC)(၂)ခန်းတွဲ (၅)ထပ်တိုက် ဆောက်လုပ်ဆဲအဆောက်အအုံ၏ မြေညီထပ်(ခြေရင်းခြမ်း)တိုက်ခန်းကို ကန်ထရိုက်တာ ဦးကျော်ကျော်ဦး (Royal Star Construction)၊ [၁၂/ပဘတ(နိုင်)၀၀၃၁၂၀]ထံက ဒေါ်လွင်လွင်ချိုမှ ၇-၁-၂၀၁၆ ရက်တွင် တိုက်ခန်းတန်ဖိုး အပြေအကျေပေးချေ၍ နှစ်ဦးသဘောတူ တိုက်ခန်းကြိုတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုကာ မြေရှင်အသိအမှတ်ပြုလက်မှတ်ရေးထိုး ဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာဘားလားသစ်ခွအထူးဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၇၊ မြေကွက်အမှတ်-၁၃၅၊ ဧရိယာ(၁. ၄၆၃)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၃၅)၊ ရွှေနံ့သာဘားလားသစ်ခွအထူးဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ မြေကွက်အား ဘားလားရွှေနံ့သာ သစ်ခွစိုက်ပျိုးရေး ထုတ်လုပ်ရေးအထူးဇုန်ကြီးကြပ်ရေးကော်မတီလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိသူ ဒေါ်ဝေဝေခိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်တင်လတ်မင်း[၅/မရန(နိုင်)၀၁၂၇၅၉] မှ မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ သစ်ခွလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာမူရင်းတို့တင်ပြ၍ နှစ်(၆၀)မြေငှား (စာချုပ်) ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝန်ထမ်းအလိုရှိသည်
### Marketing Supervisor 4Posts(Female)

- အနည်းဆုံးပညာအရည်အချင်း(၁၀)တန်းအောင်ရမည်။
- အသက်(၃၀)အောက်ဖြစ်ရမည်။
- အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံနှင့် အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။
- အနည်းဆုံး ၂ သိန်းခွဲနှင့်အထက်
- မြန်မာစကားကို ကျွမ်းကျင်သွက်လက်စွာ ပြောဆိုနိုင်ရမည်။

လျှောက်ထားလိုသူများသည် ၃၁-၁-၂၀၁၇ ရက် နောက်ဆုံးထား၍ CV Form အပြည့်အစုံနှင့်အတူ အောက်ဖော်ပြပါနေရာ(သို့) အောက်ပါ E-mail လိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ ။ ။ အမှတ်(၁၁၅/I)၊ ပေါက်စေတီလမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ။ ။ ၀၁-၆၅၂၈၄၆**
E-mail - bxtinternationalmm@gmail.com

## သင့်ဒေသ်းဖြင့် အသက်ကယ်ပါ




သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ဒစ်ဂျစ်ထယ် (လ်) ခေတ်ရေစီးနဲ့ လက်ဦးဆရာ

ဆူဒိုနင်

### တရားခံ ဖမ်းမိခဲ့ပုံ

ပြီးခဲ့တဲ့အပတ်ကရေးခဲ့တဲ့ ဒစ်ဂျစ်ထယ်(လ်)စိတ်ကြွဆေးအန္တရာယ်ရဲ့ အဆက်အဖြစ် လွန်ခဲ့တဲ့ ၇ နှစ်ကျော်၊ အတိအကျပြောရင် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့ထုတ် အပတ်စဉ်ဂျာနယ်တစ်စောင်မှာ ကျွန်တော်ရေးခဲ့တဲ့ ခေတ်ရေစီးနဲ့ လက်ဦးဆရာဆောင်းပါးကိုပဲ သည်တစ်ပတ်မှာ အနည်းအကျဉ်း ပြန်လည်မွမ်းမံ ဖော်ပြပေးလိုက်ချင်ပါတယ်ခင်ဗျား။

ဒစ်ဂျစ်ထယ်(လ်) ဖန်သားပြင်တွေအားလုံးအပါအဝင် ခေတ်မီအသုံးအဆောင်တွေရဲ့အန္တရာယ်က မသေးပါဘူး။ ကလေးတွေအတွက် ပိုလို့တောင် အထိတ်တလန့်နိုင်နေတာလည်း ပြောခဲ့ပြီးပါပြီ။ အဲဒါတွေရဲ့ အန္တရာယ်ကို ကာကွယ်တားဆီးရာမှာ အဓိကကျလှသူတွေက "လက်ဦးဆရာ"လို့ သညာပြုခံထားရသူ မိဘတွေသာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ အသက်(၂၈)နှစ်အရွယ် သမီးနဲ့ (၂၆)နှစ်အရွယ် သားတို့ရဲ့ ဖခင်ပါ။ သူတို့ လူဖြစ်စခေတ်မှာ အခုလို အင်ထနက်တွေ၊ ချက်ချာတဲ့ ဖုန်းတွေ၊ သင်ပုန်းကွန်ပျူတာတွေ မပေါ်သေးပေမယ့် အပေါ်စက်၊ အောက်စက်ဆိုတဲ့ ရုပ်သံစက်များကတော့ တအားတွင်ကျယ်နေပါပြီ။ သူတို့ ၆ တန်း၊ ၇ တန်းလောက်မှာ အိမ်မှာ ကွန်ပျူတာရှိလာပါတယ်။

သို့ပေမယ့် ဒစ်ဂျစ်ထယ်(လ်) ဖန်သားပြင်အန္တရာယ်ကို လွန်ခဲ့တဲ့ ၂၄ နှစ်ကျော်၊ သမီး ၃နှစ်၊ ၄နှစ်လောက်မှာ စမြင်လိုက်ပါတယ်။ အဲဒီနေ့ညနေက ကျွန်တော်တို့အိမ်မှာ မြန်မာဗီဒီယိုဇာတ်ကားတစ်ကား ကြည့်နေကြပါတယ်။ သမီးလည်း ကြည့်နေတာပေါ့။ သားကတော့ ပေါက်စနလေးပဲဆိုတော့ မကြည့်တတ်သေးပါဘူး။ မြန်မာကားတို့ရဲ့ ထုံးစံအတိုင်း မင်းသားနဲ့ မင်းသမီး သီချင်းဆိုခန်းတစ်ခန်း ပြလိုက်ချိန်မှာ သမီးက သူ့ဘေးကအိမ်ဖော်မလေးကို လှမ်းမေးလိုက်ပါတယ်။

"မမ. . . မမ. . . တူရို့နှစ်ယောက် ချစ်သွားကြပြီရားဟင်"တဲ့။

သမီးစကားကို နားနဲ့ဆတ်ဆတ်ကြားလိုက်သူ ကျွန်တော် ခေါင်းမွေးတွေထောင်သွားပါတယ်။ ငါးနှစ်မပြည့်သေးတဲ့ ကလေးငယ်တစ်ယောက်ရဲ့ အသိမှာယောကျ်ားနဲ့ မိန်းမ"ချစ်သွားကြတယ်"ဆိုတဲ့ အသိလေးရှိနေဖို့ မလိုအပ်သေးပါဘူး။ အဲဒါကို သမီးကမေးနေပါပြီ။ တရားခံကို စိစစ်လိုက်တော့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ တန်းမြင်မိပါတော့တယ်။

### ပစ်လို့ကလည်း မဖြစ်

ဘာအပြာကားမှလည်း မဟုတ်၊ ဘာနိုင်ငံခြားကားမှလည်း မဟုတ်လို့ ကလေးတွေအတွက် အန္တရာယ်မရှိလောက်ဘူးဆိုတဲ့အတွေးနဲ့ ကျွန်တော်တို့ မိသားစုလိုက် ထိုင်ကြည့်နေတဲ့ ဗီဒီယိုဇာတ်လမ်းခွေဟာ ကလေးတွေကို မလိုအပ်သေးတဲ့အသိတွေ ပေးနေပါပေါ့လားဆိုတာကို မြင်လိုက်မိပါတယ်။ ဒါနဲ့ အဲဒီနေ့ အဲဒီရက်ကစပြီး အိမ်မှာ မြန်မာကား လုံးဝမကြည့်ရဆိုတဲ့ တစ်ချက်လွှတ်အမိန့်ကို ထုတ်ပြန်လိုက်ပါတော့တယ်။

သို့သော် အပေါ်စက်၊ အောက်စက်ဆိုတာကြီးက အိမ်မှာ ရှိနေလေတော့ ကာ အဲဒါတွေကို သွားလွှင့်ပစ်လို့ကလည်းမဖြစ်၊ ကျွန်တော်တို့ ကိုယ်တိုင်လည်း ကြည့်ချင်တာလေးတွေရှိတာမို့ ကလေးတွေအတွက် ကာတွန်းကားလေးတွေ၊ ဝေါ့(လ်)(ထ်)ဒစ္စနီကထုတ်တဲ့ ကလေးကားလေးတွေကို မပြတ်ရှာဖွေပေးခဲ့သလို ကျွန်တော်တို့ကိုယ်တိုင်လည်းပဲ နိုင်ငံခြားကားများကို ကလေးများအိပ်ချိန်မှာ ကြည့်ခဲ့ကြရပါတော့တယ်။

### ရေစီးကြောင်းထဲမှာပင် ဖြစ်လင့်ကစား

သည့်ထက် အရေးကြီးတဲ့ အချက်တစ်ချက် ကျန်ပါသေးတယ်။ အဲဒါကတော့ ကျွန်တော့်ကလေးတွေရဲ့ အသိစိတ်ထဲမှာ စာအုပ်ကို အဖော်လုပ်လို့ရတယ်ဆိုတာ စွဲမြဲသွားအောင်၊ စာဖတ်ဝါသနာပါသွားအောင် အဲဒီ လူမမယ်အရွယ်ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့တာပါပဲ။

သည်အချက်က အင်မတိ အင်မတန် အရေးကြီးပါတယ်။ ခေတ်မီလူ့အသုံးအဆောင်တွေရဲ့ရေစီးကို ကျွန်တော်တို့ လိုက်တားနေလို့မရပါဘူး။ ဒါပေမယ့် အဲဒါတွေက မိမိတို့ရဲ့ မိသားစုကို လျှိုက်စားမသွားအောင် လုပ်နိုင်တဲ့နည်းက တစ်နည်းပဲရှိပါတယ်။ အဲဒါက မိသားစုရဲ့အသိဉာဏ်အဆင့်ကို မြင့်သထက်မြင့်အောင် မြှင့်တင်ပေးတဲ့နည်းပါပဲ။ အဲသလို မိသားစုရဲ့ အသိဉာဏ်အဆင့်ကို မြှင့်တင်ပေးနိုင်တဲ့ တစ်ခုတည်းသော လက်နက်ကိရိယာကတော့ စာဖတ်ခြင်းသာဖြစ်ပါတယ်။

အထူးသဖြင့် ကလေးတွေ၊ သည်ခေတ်ကလေးတွေ ဖြတ်သန်းနေရတဲ့ ခေတ်ကြီးနဲ့ ခေတ်မီအသုံးအဆောင်ပေါင်းစုံက စာဖတ်ခြင်းကို ပစ်ပယ်အောင် လုပ်နေတဲ့ခေတ်ကြီးပါ။ ဒါတင်မကသေးဘူး၊ ကျောင်းနေဝန်းကျင်ကလည်း "စာအုပ်ဆိုတာ ကြောက်စရာ"ဆိုတဲ့အသိကို ကလေးတွေရဲ့ နှလုံးသားထဲကို ရိုက်ထည့်သလို ဖြစ်နေပါတယ်။ သူငယ်တန်းကလေးလေးဟာ သူ့ကိုယ်အလေးချိန်ရဲ့ နှစ်ဆလောက်ရှိတဲ့ လွယ်အိတ်ကြီးကို လွယ်နေရကတည်းက စာအုပ်ဆိုတာ ဝန်ထုပ်ဝန်ပိုးဖြစ်လာပါတယ်။ သည်ကြားထဲ ကျူရှင်တွေ၊ စာကျက်လမ်းညွှန်တွေနဲ့ နေ့မီးညမီး သင်ကြားနေကြတာဟာလည်း ကလေးတွေရဲ့ နှလုံးသားမှာ စာအုပ်ဆိုတာ မုန်းစရာ၊ ရွံ့စရာဖြစ်အောင် လုပ်နေသလို ဖြစ်ပြန်ပါတယ်။

သို့သော် အဲဒါလည်း "ခေတ်ရေစီး"ဖြစ်နေတဲ့အတွက် အဲဒါကိုလည်း ကျွန်တော်တို့ လိုက်တားလို့မရတတ်နိုင်ပြန်ဘူး။ ကျွန်တော်တို့လုပ်နိုင်တာက တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ အဲဒီဝန်းကျင်တွေထဲ ကျွန်တော်တို့ ကလေးတွေ ခြေစုံပစ်ပြီး ရောက်မသွားခင် ပဝေသဏီ၊ ကျွန်တော်တို့ရဲ့ ရင်ခွင်ထဲမှာပဲ ကျွန်တော်တို့ကိုသာ အားထားယုံကြည်နေကြရတဲ့ ငါးနှစ်အောက်အရွယ်ကတည်းက ကလေးတွေရဲ့ရင်ထဲမှာ စာအုပ်ဆိုတာ ချစ်စရာ၊ စာအုပ်သည်အဖော်၊ စာအုပ်သည် ပျော်စရာရယ်လို့ ခံစားနေရအောင် မိမိရရ ကြိုးပမ်းထားတာပါပဲ။

### စာဖတ်ဝါသနာ ပျိုးထောင်တာ

အဲဒီအတွက် ကလေးတွေ ခုနစ်လ၊ ရှစ်လသားလောက်ကတည်းက စတင်ပြီး စာအုပ်လေးတွေ ဖတ်ပြရပါလိမ့်မယ်။ ဘာမှနားမလည်သေးတာ သေချာပါတယ်။ သို့သော် အဲဒီအရွယ်လောက်ကျရင် အရောင်နဲ့ ပုံသဏ္ဌာန်လေးတွေကိုတော့ သိနေကြပါပြီ။ ဒါကြောင့် အရောင်နဲ့ ပုံသဏ္ဌာန်များများပါတဲ့ စာအုပ်၊ အရုပ်များများပါတဲ့ စာအုပ်လေးတွေ ဖတ်ပြရပါတော့မယ်။ အများကြီးလည်း မလိုပါဘူး။ သည်အရွယ်လေးတွေဟာ တစ်ခုခုဆိုရင် အကြာကြီး စိတ်ဝင်စားလေ့ရှိတာမို့ တစ်အုပ်၊ နှစ်အုပ်လောက်နဲ့တင် လုံလောက်ပါတယ်။

နှစ်နှစ်သားလောက်အရောက် စကားကိုလည်း အထိုက်အလျောက် နားလည်လာပြီဆိုရင်တော့ အိပ်ရာဝင်ပုံပြင်လေးတွေ ပြောပြရပါတော့မယ်။ အိပ်ရာဝင်ခါနီး ပုံပြောပေးတဲ့အကျင့်၊ စာဖတ်ပြတဲ့ အကျင့်လေးတွေ လုပ်ကြရပါတော့မယ်။

ဘယ်လောက် မအားသည်ဖြစ်စေ၊ ကလေးရဲ့ တစ်ဘဝလုံးအတွက် နေ့စဉ် နာရီဝက်၊ ၄၅ မိနစ်လောက် အချိန်ပေးသွားခြင်းဟာ တကယ့်ရင်းနှီးမြှုပ်နှံမှုပါ။ အမေရိကန်သမ္မတ အိုဘားမားဟာ သူ့သမီးငယ်ကို ဟယ်ရီပေါ်တာ စာအုပ် ခုနစ်တွဲစလုံးဖတ်ပြပြီး ဖြစ်နေခဲ့တယ်ဆိုတဲ့အချက်ကို မမေ့သင့်ပါဘူး။ မူရင်း ဟယ်ရီပေါ်တာ ဝတ္ထုစာအုပ်တစ်တွဲဟာ အဖျင်းဆုံး စာမျက်နှာ ၇၅၀ ပါပါတယ်။ အဲဒါမျိုး ခုနစ်တွဲစလုံးကို ဖတ်ပြနိုင်ဖို့အတွက် အိုဘားမား ဘယ်လောက် ဝါယမစိုက်ခဲ့ရမယ်ဆိုတာ မှန်းဆနိုင်ကြပါလိမ့်မယ်။ မအားတဲ့နေရာ၊ အချိန်ဆင်းရဲတဲ့နေရာမှာ သူ့ကို တော်တော်တန်တန် ယှဉ်နိုင်မှာ မဟုတ်ပါဘူး။ အဲသလိုလူမျိုးတောင်မှ သူ့ကလေးအတွက် မဖြစ်မနေ အချိန်ပေးခဲ့တာဟာ သိပ်ကိုအတုယူဖို့ ကောင်းလှပါတယ်။

သူသည်လည်းပဲ ခေတ်ရေစီးထဲက မိသားစုကို ဦးဆောင်နေရသူပါ။ သူတို့ဆီမှာ ခေတ်ပေါ်အသုံးအဆောင်တွေက ကျွန်တော်တို့ဆီမှာထက် အဆပေါင်းများစွာ သာလွန်ပေါများနေမယ်ဆိုတာလည်း အငြင်းပွားစရာ မရှိပါဘူး။ သို့ပေမယ့် သူတို့တွေရဲ့ ပတ်ဝန်းကျင်က လက်ဦးဆရာတွေရဲ့ အဓိကကျလှတဲ့ အခန်းကဏ္ဍကို အမြဲတစေ အသားပေးတဲ့ ပတ်ဝန်းကျင်ဖြစ်ပါတယ်။ ဒါကြောင့် ကလေးတွေ လူလားမမြောက်ခင်ကတည်းက စာဖတ်ဝါသနာမျိုးစေ့ကို ချပေးခဲ့ကြပါတယ်။

### စာမဖတ်ရင်

စကားစပ်ခိုက် ပြောလိုက်ပါရစေ။ တစ်ခါလည်း ရေးပြီးပါပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က စာတမ်းတစ်စောင် ဖတ်လိုက်ရပါတယ်။ အမေရိကန်မိဘတွေရဲ့ ၂၅ ရာခိုင်နှုန်းက ငါးနှစ်အောက်ကလေးတွေကို စာဖတ်မပြကြတော့တဲ့အတွက် အမေရိကန်နိုင်ငံကြီး ထိတ်ပျာနေတဲ့အကြောင်းပါ။ အဲဒီစာတမ်းအရ အဲဒီအချိန်မှာ ၇၅ ရာခိုင်နှုန်းသော အမေရိကန်မိဘတွေဟာ ငါးနှစ်အောက်ကလေးတွေကို စာဖတ်ပြနေကြဆဲဆိုတာ ထင်ရှားပါတယ်။

ကျွန်တော်တို့ ရွှေမြန်မာ မိဘတွေရဲ့ ဘယ်နှရာခိုင်နှုန်းက ငါးနှစ်အောက် ကလေးတွေကို စာဖတ်ပြနေကြမလဲဆိုတာ မှန်းဆကြည့်ရုံနဲ့ ရင်လေးစရာ ကောင်းလှပါတယ်။ ကလေးတွေကို ဖတ်ပြဖို့ နေနေသာသာ သူတို့ကိုယ်တိုင်တောင် မဖတ်ကြဘဲ သူတို့ကိုယ်တိုင်က ခေတ်မီအသုံးအဆောင်တွေအပေါ် တပ်မက်မှုနောက်ကို မျောလိုက်နေကြသူတွေက ခပ်များများလို့ ပြောရင် လွန်မယ်မထင်ပါဘူး။

စာမဖတ်ရင်တော့ ကလေးတွေရဲ့ အနာဂတ်ဟာ ဝေဝါးအုံ့ပျနေတော့မှာ ဖြစ်သလို ကျွန်တော့်ကို သည်စာရေးဖြစ်စေခဲ့တဲ့ သတင်းဆောင်းပါးပါအတိုင်း ခေတ်မီဖန်သားပြင်တွေရဲ့ ကျေးကျွန်တွေဖြစ်ကုန်ပြီး မဖွယ်မရာ အပြုခံရ၊ မဖွယ်မရာ လုပ်ဆောင်ကြတဲ့ လူမမယ်လေးတွေဖြစ်လာမယ့် အလားအလာက သိပ်ကိုများနေပါတယ်။

ကနေ့ ကျွန်တော့်သမီး အသက် ၂၈၊ ကျွန်တော့်သား ၂၆ နှစ်ပါ။ ဒါပေမယ့် သူတို့ ဆယ်ကျော်သက်အနှောင်းပိုင်းကစပြီး သူတို့အတွက် ကျွန်တော် တစ်စက်မှ မပူခဲ့ရပါဘူး။ အချိန်အရွယ်မတိုင်ခင် အိမ်ထောင်ကျမှာလည်း မပူခဲ့ရသလို အရက်ရဲ့ကျေးကျွန်၊ မူးယစ်ဆေးရဲ့ ကျေးကျွန်ဘဝကို ရောက်သွားမှာလည်း မပူခဲ့ရပါဘူး။ ဗီဒီယိုကစားနည်းတွေ၊ ကွန်ပျူတာ ကစားနည်းတွေ သူတို့လည်း ခေတ်နဲ့အညီ ကစားခဲ့ကြပေမယ့် အရွယ်မတိုင်ခင်တုန်းကတည်းက အချိန်အကန့်အသတ်နဲ့သာ ကစားဖို့ ကြပ်မတ်ပေးခဲ့ပါတယ်။ ဒါကြောင့် ယနေ့ထက်တိုင် သိပ်စွဲစွဲလမ်းလမ်း ကစားကြတာ တစ်ခါမှ မတွေ့ရပါဘူး။

သူတို့ဘဝ သူတို့ခြေထောက်ပေါ် ခိုင်ခိုင်မာမာ ရပ်နေကြပါပြီ။ အနာဂတ်အတွက် စိတ်ကူးတွေ၊ အိပ်မက်တွေလည်း ရှိနေကြပါပြီ။ အဲဒါတွေ ဘယ်က ရလာသလဲ။ စာဖတ်ခြင်းကသာ ရလာတာပါ။ ရုပ်မြင်သံကြားတွေ၊ အင်ထနက်တွေ၊ တီဗီဂိမ်းတွေက ရလာတာမဟုတ်ပါဘူး။ ကျွန်တော့်အိမ်မှာ အပေါ်စက်၊ အောက်စက်အစုံရှိပါတယ်။ ကွန်ပျူတာ သုံးစုံ၊ ပေါင်တင် ကွန်ပျူတာသုံးလုံး၊ သင်ပုန်းကွန်ပျူတာ သုံးလုံး၊ ချက်ချာတဲ့ဖုံးတွေ လူတိုင်းစွေ့ရှိကြပါတယ်။ အင်ထနက်လည်း အိမ်မှာချိတ်ဆက်ထားပါတယ်။ ဒါပေမယ့် မိသားစုထမင်းဝိုင်းမှာ ဘယ်သူမှ အဲဒီဖန်သားပြင်တွေ ပွတ်မနေကြပါဘူး။ ပြောဆိုရယ်မောရင်း စားနေသောက်နေကြတာပါ။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနဲ့ဘ"

သည်စကားဟာ ကြားရလွန်းလို့ ရိုးအီနေတဲ့စကား ဖြစ်ပါလိမ့်မယ်။ သို့သော် အဲလို ဖန်တစ်ရာတေနေတဲ့ စကားအတော်များများဟာ အမှန်တရားကို ညွှန်းဆိုနေတတ်တာလည်း အမှန်ပါ။

ကလေးငယ်များရဲ့ စာရိတ္တ(ကျင့်ကြံမှု)၊ ဝါရိတ္တ(ရှောင်ကြဉ်မှု)၊ အသိဉာဏ်၊ အကျင့်စရိုက်အပါအဝင် အားလုံးအတွက် အဓိကတာဝန်ရှိသူတွေက လက်ဦးဆရာဖြစ်တဲ့ မိဘနှစ်ပါးသာ ဖြစ်တယ်ဆိုတဲ့အချက်ဟာ သည်ဆိုရိုးတစ်ခုတည်းနဲ့တင် ထင်ရှားပါတယ်။ ကလေးများ မဖွယ်မရာ လုပ်တတ်လာတာ၊ မဖွယ်မရာ အလုပ်ခံရတာများအတွက်လည်း တကယ့်တကယ် ပြောကြစတမ်းဆိုရင် မိဘများမှာသာ တာဝန်ရှိနေပါတယ်။

အဲဒီမိဘတွေဘက်ကသာ ခေတ်ကိုလည်း မျက်ခြည်မပြတ်၊ ကိုယ်တိုင်ရဲ့ အသိဉာဏ်အဆင့်များကို မြင့်သထက်မြင့်အောင် ကြိုးပမ်းကြရင်း ကြိုကြိုတင်တင် ပြင်ဆင်ထိန်းကျောင်းသွားကြမယ်ဆိုရင်ဖြင့် မလိုလားအပ်တဲ့ ခေတ်ရေစီးရဲ့ ဘေးထွက်ဆိုးကျိုးတွေ ကလေးတွေဆီ ရောက်မသွားနိုင်တဲ့ အကြောင်း အရင်တစ်ပတ်က စာအဆက်အဖြစ် ဖြည့်စွက်တင်ပြလိုက်ရပါတယ်။

ကျွန်တော်ပြောတိုင်း လက်ခံရမယ်လို့ ဘယ်သူ့ကိုမှ မတိုက်တွန်းပါဘူး။ စာဖတ်သူလူကြီးမင်းများ အားလုံးမှာလည်း ဆင်ခြင်ဉာဏ်ကိုယ်စီနဲ့မို့ ကျွန်တော်ပြောတာ ယထာဘူတကျမကျ ကိုယ်တိုင်ဆင်ခြင်သုံးသပ်ရင်း လိုတာကိုယူ၊ မလိုတာကိုသာ ပယ်ဖို့လောက်သာ ကျွန်တော့်မှာ ပြောအားရှိတာမို့ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားမယ်လို့သာ မျှော်လင့်နေမိရပါတယ်ခင်ဗျား။ ။



ရထားရဲတပ်ဖွဲ့ အမှတ် (၁၉) တပ်ခွဲ လက်ပံတန်းမှ တပ်ခွဲမှူး ဒုတိယရဲမှူး ဖိုးဆယ်နှင့် လက်ပံတန်းဘူတာ အထူးတန်း ရုံပိုင်ကြီး ဦးခင်မောင်သွင်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လက်ပံတန်းဘူတာ ယာဒ်ဝင်းအတွင်း ဘူတာသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

(ရထားရဲတပ်ဖွဲ့)

## မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား သေနတ်ပစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား သေနတ်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၇ ရက်ထိ ဒဂုံမြောက်အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းတွင် တစ်ဦးချင်း ၁၀ မီတာ လေပစ္စတို(အမျိုးသား/အမျိုးသမီး)နှင့် ၁၀ မီတာ လေရိုင်ဖယ်(အမျိုးသား/အမျိုးသမီး)ပစ်ခတ်စဉ် လေးမျိုးအား ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားတစ်ဦးလျှင် ပြိုင်ပွဲနှစ်မျိုးယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဝင်ကြေးအဖြစ် အမျိုးသား ကျပ် ၄၀၀၀၊ အမျိုးသမီး ကျပ် ၃၀၀၀ ပေးသွင်းရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများအနေဖြင့် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းကြရန်နှင့် ဖုန်း ၀၁-၈၀၁၁၀၇၅၊ ၀၉-၇၉၆၆၂၅၂၅၆ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# လက်ထပ်လိုက်ပြီဖြစ်တဲ့ ရိန်းနဲ့ကမ်တေဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ ရက်မှာ တရားဝင်လက်ထပ်လိုက်ပြီဖြစ်ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက သူတို့နှစ်ဦး ဇန်နဝါရီ ၁၉ ရက်မှာ လက်ထပ်ရန် စီစဉ်ထားကြောင်း သတင်းတွေထွက်လာခဲ့ပေမယ့် ရိန်းက သူ့ရဲ့လက်ထပ်ပွဲနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားရာမှာ ရက်အတိအကျကိုတော့ ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိတဲ့အတွက် နားလည်ပေးစေလိုကြောင်း တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် တောင်ကိုရီးယားမီဒီယာတွေအကြား ပျံ့နှံ့ခဲ့တဲ့ ကောလာဟလသတင်းဟာ မှန်ကန်ခဲ့ပြီး ဇန်နဝါရီ ၁၉ ရက် နေ့လယ်မှာ လက်ထပ်ဖြစ်ခဲ့ကြတာဖြစ်ပါတယ်။

မင်္ဂလာပွဲကို ခမ်းခမ်းနားနား ကျင်းပခြင်းမပြုဘဲ ရင်းနှီးတဲ့မိတ်ဆွေတွေနဲ့ နှစ်ဖက်မိဘတွေနဲ့သာ ကျင်းပလိုခဲ့တာကြောင့် အဆိုပါကြယ်ပွင့်စုံတွဲဟာ ကတ်သလစ်ဘုရားကျောင်းတစ်ကျောင်းမှာ မင်္ဂလာအခမ်းအနားဆင်နွှဲခဲ့ပြီး အဆိုပါအခမ်းအနားက ဓာတ်ပုံအနည်းငယ်ကိုသာ သူတို့ရဲ့ ပရိသတ်တွေကို အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ကြောင်းလည်း သိရပါတယ်။

တောင်ကိုရီးယားရဲ့ အထူးကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲရဲ့ အဆိုပါမင်္ဂလာအခမ်းအနားကို လုံခြုံရေးတွေတင်းကျပ်စွာချထားပြီး ဖိတ်ကြားခြင်းမခံရတဲ့





သူတွေ တက်ရောက်နိုင်ခြင်းမရှိအောင် ကာကွယ်ထားခဲ့ပါတယ်။ အချို့သော အနုပညာအသိုင်းအဝိုင်းမှ မိတ်ဆွေတွေ တက်ရောက်ခဲ့ကြပြီး မင်္ဂလာအခမ်းအနား တက်ရောက်လာခဲ့ကြတဲ့ အဆိုပါကြယ်ပွင့်တွေထဲမှာ ဂျေဝိုင်ပီ၊ ပီအက်စ်ဝိုင်နဲ့ လီဟန်နီတို့ ပါဝင်ကြောင်းလည်း သိရပါတယ်။

ယခုလို သီးသန့်မင်္ဂလာပွဲ ဆင်နွှဲခဲ့ခြင်းနဲ့ပတ်သက်ပြီး ကမ်တေဟီးက သူ့ရဲ့ ပရိသတ်တွေအတွက် လက်ရေးစာမူတစ်စောင်ရေးသားကာ မင်္ဂလာဓာတ်ပုံနဲ့အတူ သူ့ရဲ့လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဇန်နဝါရီ ၁၉ ရက်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါစာမှာ ကမ်တေဟီးက "ကျွန်မရဲ့မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး ဆုတောင်းစကားပေးပို့ခဲ့တဲ့ ပရိသတ်တွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ ဒီနေ့ဟာ ကျွန်မတို့နှစ်ဦးစတင်ကြမယ့် ခရီးရှည်ကြီးကို ပထမဆုံးစတင်လိုက်တဲ့နေ့လည်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အိမ်ထောင်ဖက်ပေါ်မှာ နွေးနွေးထွေးထွေးနဲ့ ဆက်ဆံပြီး သူ့ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရင်း ပိုမိုရင့်ကျက်တဲ့ သရုပ်ဆောင်မင်းသမီးတစ်ဦးအဖြစ် ရပ်တည်သွားမှာပါ"လို့ ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၅ ရက်မှာ ရိန်းက စစ်မှုထမ်းကာလအပြီး သူ့ရဲ့ ပထမဆုံးသော တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "The Best Present"ကို စတင်ထုတ်လွှင့်ခဲ့ပြီး သုံးနှစ်တာကာလအတွင်း ပထမဆုံးထွက်ရှိခဲ့တဲ့ အဆိုပါတေးသီချင်းဟာ ချစ်သူဖြစ်တဲ့ ကမ်တေဟီးအတွက် ရည်ရွယ်ရေးသားထားခြင်းဖြစ်တယ်လို့လည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

# "Beauty and the Beast" တွင် စလင်းဒီယွန်၏ တေးသီချင်းပါဝင်မည်

ဒစ်စနေရဲ့ အောင်မြင်ခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ "Beauty and the Beast" ရုပ်ရှင်ကို လိုက်ဖ်အက်ရှင်ရုပ်ရှင်တစ်ခုအဖြစ် ပြန်လည်ဆန်းသစ်ဖန်တီးထားတဲ့ ရုပ်ရှင်သစ်မှာတော့ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ စလင်းဒီယွန်က ပါဝင်သီဆိုပေးထားကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "How Does a Moment Last Forever" ကို ဆလင်းဒီယွန်က သီဆိုပေးထားခြင်းဖြစ်ပြီး ယင်းတေးသီချင်းကိုတော့ လတ်တလောအချိန်အထိ ထုတ်လွှင့်ခဲ့ခြင်းမရှိသေးကြောင်း သိရပါတယ်။ ဆလင်းဒီယွန်ရဲ့ တေးသီချင်းကို နားဆင်ခွင့်ရဖို့ အချိန်အနည်းငယ် စောင့်ဆိုင်းရဦးမှာဖြစ်ပြီး အဆိုပါတေးသီချင်းကို အော်စကာဆု ရှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့တဲ့ နာမည်ကျော်တေးရေးဆရာ အလန်မန်ကန်က စပ်ဆိုပေးထားခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

၁၉၉၁ ခုနှစ်က ထုတ်လွှင့်ခဲ့တဲ့ မူလ "Beauty and the Beast" ရုပ်သံဖန်တီးမှုရုပ်ရှင်မှာလည်း စလင်းဒီယွန်ရဲ့ စုံတွဲတေးသီချင်းတစ်ပုဒ်ပါဝင်ခဲ့တာကြောင့် ယခုလို နောက်တစ်ဖန် ပြန်လည်ပါဝင်အားဖြည့်မှုဟာ (၂၅) နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်လည်းဖြစ်ပါတယ်။ ဒီလိုပြန်လည်ပါဝင်ခွင့်ရခဲ့တဲ့အပေါ် ဆလင်းဒီယွန်က "မူလရုပ်သံဖန်တီးမှုရုပ်ရှင်မှာ ပါဝင်ခွင့်ရခဲ့တာဟာ ကျွန်မအတွက် တကယ်ကို ထူးခြားတဲ့အတွေ့အကြုံတွေ ရခဲ့ပါတယ်။ ဒီတစ်ခါပြန်လည်ဆန်းသစ်သွားမယ့် လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ နောက်တစ်ကြိမ် ပါဝင်ခွင့်ရခဲ့တဲ့အတွက်လည်း တကယ့်ကို ဂုဏ်ယူပါတယ်" လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဗြိတိန်မင်းသမီးချော အမ်မာဝပ်ဆန် ခေါင်းဆောင်ပါဝင်ထားတဲ့ အဆိုပါရုပ်ရှင်မှာ ပါဝင်မယ့် ဇာတ်ဝင်တေးတွေကို ထုတ်လွှင့်ခဲ့ရာ ယခင်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းတွေဖြစ်ကြတဲ့ "Something There"နဲ့ "Belle" ကိုတော့ အမ်မာဝပ်ဆန်ကိုယ်တိုင် သီဆိုထားခဲ့တာဖြစ်ပါတယ်။ အမ်မာဝပ်ဆန်သီဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Belle"ဟာ အစမ်းစတင်ထုတ်လွှင့်ခဲ့ပြီးနောက် ကြည့်ရှုသူအများဆုံး တေးသီချင်းတစ်ပုဒ်အဖြစ် စံချိန်တင်ခဲ့ကာ ထုတ်လွှင့်ခဲ့ပြီး နှစ်နာရီအတွင်း ကြည့်ရှုသူ နှစ်သန်းကျော်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးသီချင်းတွေထဲမှာ ဂျွန်လဲဂျန့်နဲ့ အရီရန်နာဂရန်ဒီတို့ တွဲဖက်ဖန်တီးထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ပါဝင်မှာဖြစ်ကြောင်း ယခုလအစပိုင်းက ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်သစ်ကိုတော့ လာမယ့် မတ် ၁၇ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်မှာပါဝင်တဲ့ ဆလင်းဒီယွန်ရဲ့ တေးသီချင်းကိုတော့ မတ် ၁၀ ရက်က စတင်ပြီး ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။




အေးပြည့်–စုစည်းသည်

# လမ်းခွဲလိုက်ပြီဖြစ်တဲ့ လူးဝစ်တွမ်လင်စန်



ဗြိတိန်ရဲ့ ကျော်ကြားတဲ့ အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction" မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လူးဝစ်တွမ်လင်စန်ဟာ မကြာသေးမီက သူ့ရဲ့မိခင်ဖြစ်သူကို ဆုံးရှုံးခဲ့ရပြီး လတ်တလောမှာ ချစ်သူနဲ့ လမ်းခွဲလိုက်တာကြောင့် နောက်ထပ်ဆုံးရှုံးမှုတစ်ခုနဲ့ တွေ့ကြုံနေရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ လူးဝစ်တွမ်လင်စန်ဟာ သူနဲ့ တစ်နှစ်ကျော်ကြာလက်တွဲလာခဲ့တဲ့ချစ်သူ ဒန်နီရယ်ကမ့်ဘဲလ်နဲ့ မကြာသေးမီက လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သိရပါတယ်။ ဒီဇိုင်နာတစ်ဦးဖြစ်တဲ့ ဒန်နီရယ်ကမ့်ဘဲလ်နဲ့ အဆိုတော်တစ်ဦးဖြစ်တဲ့ လူးဝစ်တွမ်လင်စန်တို့ဟာ လူးဝစ်ရဲ့မိခင်သေဆုံးသွားပြီး သီတင်းပတ်အနည်းငယ်အကြာမှာ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ လူးဝစ်အနေနဲ့ မိခင်ဖြစ်သူကို လွမ်းဆွတ်တမ်းတနေတဲ့အချိန်အတွင်း ချစ်သူနဲ့လမ်းခွဲခဲ့ခြင်းဖြစ်ကာ လမ်းခွဲခဲ့ရတဲ့အကြောင်းအရင်း အတိအကျကိုတော့ မသိရပါဘူး။

ပြီးခဲ့တဲ့ ခရစ္စမတ်အကြိုနေ့က လူးဝစ်ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ဖော်ပြခဲ့တဲ့ဓာတ်ပုံဟာ သူတို့နှစ်ဦးကို လူမှုကွန်ရက်မီဒီယာပေါ်မှာ နောက်ဆုံးတွေ့မြင်ခဲ့ရတာဖြစ်ပြီး အဲဒီနောက်သူတို့နှစ်ဦးကို ထပ်မံတွေ့ခဲ့ရခြင်းမရှိပါဘူး။ အဲဒီနောက် သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ကာ ဒီလိုလမ်းခွဲခဲ့ပြီးတဲ့နောက်မှာ ကြယ်ပွင့်နှစ်ဦးဟာ သူငယ်ချင်းတွေအဖြစ်တော့ ဆက်လက်ဆက်ဆံနေဆဲဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ လူးဝစ်တွမ်လင်စန်ဟာ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းတွေအပေါ်မှာသာ အာရုံစိုက်လျက်ရှိပြီး သူ့ရဲ့အသက်တစ်နှစ်ခန့်ရှိပြီဖြစ်တဲ့ သားလေး ဖရက်ဒီအတွက် အချိန်ပေးထားတာ ဖြစ်ပါတယ်။ အချို့သော မီဒီယာတွေရဲ့ ဖော်ပြချက်အရ လူးဝစ်ရဲ့အာရုံတွေဟာ အခြားသော ဗြိတိန် ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂရက်ဂ်စော်ကင်န်ဆီ ရွှေ့ပြောင်းသွားခဲ့ပြီဖြစ်ကာ သူတို့နှစ်ဦးကို မကြာသေးမီက လက်ချင်းတွဲလျက် လန်ဒန်မြို့ရဲ့ လမ်းတွေပေါ်မှာ တွေ့မြင်ခဲ့ရကြောင်းလည်း သိရပါတယ်။

# မင်ဇီပြောလာတဲ့ 2NE1 ရဲ့ နှုတ်ဆက်သီချင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2NE1 ဟာ အဖွဲ့ဖျက်သိမ်းတော့မှာဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးတဲ့နောက် အဖွဲ့ရဲ့နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ တေးသီချင်းတစ်ပုဒ် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အသိပေးခဲ့ပါတယ်။ အဲဒီနောက် ယခင်က အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လတ်တလောမှာတော့ အဖွဲ့က နုတ်ထွက်လိုက်ပြီဖြစ်တဲ့ မင်ဇီက သူ့အနေနဲ့ 2NE1ရဲ့ နှုတ်ဆက်သီချင်းမှာ ပါဝင်မှာမဟုတ်ကြောင်း ပြောကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မင်ဇီက ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၀ ရက်မှာ လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် 2NE1ရဲ့ နှုတ်ဆက်သီချင်းနဲ့ ပတ်သက်ပြီး စာတစ်စောင်ရေးကာ သူပါဝင်တဲ့အဖွဲ့ရဲ့ ဓာတ်ပုံနဲ့အတူ ဖော်ပြခဲ့ပါတယ်။ အဆိုပါစာအရ မင်ဇီက သူ့အနေနဲ့ အဖွဲ့ဟောင်းရဲ့ နှုတ်ဆက်သီချင်းထွက်ရှိမယ့်အကြောင်း သိခဲ့ရပြီး အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ခဲ့တဲ့ သူ့အနေနဲ့ ပါဝင်ခွင့်မရတဲ့အတွက် ဝမ်းနည်းရကြောင်း၊ အဆိုပါနှုတ်ဆက်သီချင်းမှာ သူမပါပေမယ့် အခြားသောအဖွဲ့ဝင်တွေနဲ့ထပ်တူခံစားနေရကြောင်းနဲ့ 2NE1ကို အားပေးခဲ့တဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

2NE1ရဲ့ နောက်ဆုံးနှုတ်ဆက်ခဲ့တဲ့ တေးသီချင်းကိုတော့ "Goodbye" လို့ အမည်ပေးထားပြီး အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ စီအယ်လ်က ရေးသားထားခြင်းဖြစ်ကာ လာမယ့် ဇန်နဝါရီ ၂၁ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဇန်နဝါရီ ၂၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးညွန့်က ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန် စသည့်အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းခဲ့ပြီး တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိလိုသည်များကို မေးမြန်းရာ ပြည်နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးကာ အခွန်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြသည်။ **ပြန်/ဆက်**

## မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

**ဝက်လက် ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ဝက်လက်မြို့နယ် ရှိမ်းမကားကျေးရွာ အထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်းနိန်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာအုပ်စာပေလေ့လာဖတ်ရှုကြရေး၊ စာဖတ်ခြင်းအကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ကွမ်းစားခြင်းအန္တရာယ်များကိုလည်းကောင်း၊ ရှိမ်းမကားစခန်းမှူး ရဲအုပ်ကျော်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း အသိပညာပေးဟောပြောပြီး ပြန်/ဆက်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံတော်တာဝန်ရှိသူများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ပညာပေးမှတ်တမ်းဓာတ်ပုံများကိုပြသကာ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး စာအုပ်များငှားရမ်းပေးခဲ့သည်။

ဆက်လက်၍ မီးသတ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကာ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **နန်းမြင့်(ဝက်လက်)**

# စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းပိုင် လယ်ယာမြေများ အဆင့်မြှင့်တင်



**ကနီ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူး၍ စိုက်ပျိုးထုတ်လုပ်ရေးတွင် သမဝါယမအသင်းများ လယ်ယာမြေများ အဆင့်မြှင့်တင်နိုင်ပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် တဇယ်ချောင်ကျေးရွာမှ သမဝါယမအသင်းသား တောင်သူ ၂၆ ဦးပိုင် လယ်မြေဧက၅၀ အား အဆင့်မြှင့်တင်ပြုပြင်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်က တောင်သူ ဦးတင်ငွေ၏ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေငွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် ယင်းမာပင်ခရိုင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်ကျော်တို့က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံစံလင်းက လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ရာတွင် ပထမတန်းစားလယ်ယာမြေအဆင့်မြှင့်တင်ခြင်း၊ ဒုတိယတန်းစား လယ်ယာမြေအဆင့်မြှင့်တင်ခြင်း၊ တတိယတန်းစားလယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းများဟူ၍ သုံးမျိုးရှိရာ ယခု ကနီမြို့နယ် တဇယ်ချောင်ကျေးရွာတွင် တတိယတန်းစား လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် ပထမဆုံးအကြိမ် ပြုပြင်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ဒီလိုပြုပြင်ခြင်းဖြင့် သီးနှံများအထွက်တိုးကာ အရည်အသွေးပြည့်မီခြင်း ထွန်စက်များဖြင့်ပြုပြင်သဖြင့် အချိန်ကုန်သက်သာပြီး များစွာအကျိုးဖြစ်ထွန်းနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက သမဝါယမအသင်းသားတောင်သူဦးတင်ငွေ၏ လယ်မြေ ၂ ဒသမ ၅၀ ဧကကို စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေး ထွန်စက်ဖြင့် အဆင့်မြှင့်တင်ပြုပြင်ခြင်းများအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

## လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တနင်္သာရီ ဇန်နဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အတွင်း လယ်ယာမြေလုပ်ငန်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ထပ်တွင် ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က မြို့နယ်အတွင်း လယ်ယာမြေအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ လမ်းညွှန်အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းက သမဝါယမလယ်ယာမြေအဆင့်မြှင့်တင်ပြုပြင် တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြိတ်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးက မိမိတို့ဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လိုမှု အခြေအနေများ၊ အသင်းသားတောင်သူများ၏ သဘောထားဆန္ဒလိုလားချက်များအတိုင်း ပြည့်ဝစွာဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အသင်းခွဲကိုးသင်းမှ အသင်းသား ၁၉၉ ဦးတို့၏ သဘောထားမှတ်ချက်တင်ပြဆွေးနွေးမှုများကို သဘောတူညီမှုရယူဆောင်ရွက်ခဲ့သည်။ ယခင်လယ်ယာမြေ ၁၃၄၆ ဧကနှင့် ပို့အိုင်ကျေးရွာ လယ်ယာမြေအသစ်ဖော်ထုတ်မည့် လယ်ဧက ၅၀ အပါအဝင် စုစုပေါင်းလယ်ယာမြေ ၁၃၉၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ကျပ် ၂၇၉၂ သိန်းကုန်ကျခံကာဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



## လျှပ်စစ်မီးလိုင်းများအန္တရာယ်ကင်းစေရေးဆောင်ရွက်

**ကျောက်ထု ဇန်နဝါရီ ၂၀**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့တွင် လျှပ်စစ်မီးကို ညပိုင်း၌ အချိန်အနည်းငယ်သာ ရရှိရာမှ မကြာမီကာလတွင် ပေါက်-ကျောက်ထု-မင်းတပ် လျှပ်စစ်မီးလိုင်းဖြင့် အဆက်မပြတ် လျှပ်စစ်မီးရောက်ရှိလာမည်ဖြစ်ရာ ကျောက်ထုမြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများသည် မြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်မီးကြိုးလိုင်းများသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့လျှပ်စစ်မှူး ဦးပိုင်နော်ရိန်းနှင့် ဝန်ထမ်းများက မြို့မရပ်ကွက်၊ ဂုံဘိုရပ်ကွက်၊ လေယာဉ်ကွင်းရပ်ကွက်တို့တွင် လျှပ်စစ်မီးကြိုးလိုင်းကို ထိခိုက်နိုင်မည့် သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ လိုအပ်သည့်နေရာတွင် မီးကြိုးသစ်လဲလှယ်ခြင်း၊ အိမ်တွင်းမီးလိုင်းများ၊ ပလပ်ပေါက်များပြုပြင်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

ယင်းအပြင် ဇန်နဝါရီ ၁၅ ရက်က လျှပ်စစ်မီးသုံးစွဲသူများနှင့်တွေ့ဆုံ၍ လျှပ်စစ်မီးသုံးစွဲပါက ဆောင်ရန်၊ ရှောင်ရန်တို့ကို ပညာပေးဟောပြော ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကျော်သန်းဆွေ**

## ထီးလင်းတွင် အရုပ်ခေါက်နည်းသင်တန်းဖွင့်

**ထီးလင်း ဇန်နဝါရီ ၂၀**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အရုပ်ခေါက်နည်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ အရုပ်ခေါက်နည်းသင်တန်းသို့ မူလတန်းကျောင်းသား၊ ကျောင်းသူ ၃၆ ဦးတို့ တက်ရောက်ကြပြီး ဆရာမ နှစ်ဦးက ပူးပေါင်းကူညီဆောင်ရွက်ပေးကြကာ ကြယ်၊ ပန်းဖူး၊ ပန်းခိုင်နှင့် ငှက်ရုပ်တို့ကို ရောင်စုံစက္ကူအသုံးပြု၍ အရုပ်ခေါက်နည်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သိမ့်သိမ့်လွင်က ပြောသည်။ **(၄၆၅)**



## မူခင်းကြိုတင်ကာကွယ်ရေး ပညာပေးပြခန်းယာဉ်ဖြင့်လှည့်လည်ပြသ

**သုံးခွ ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားမှုဖြင့် တစ်နိုင်ငံလုံးတွင် လုပ်သားပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား မူခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသပေးလျက်ရှိရာ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (မြို့မ) နှင့် မွန်းလွဲ ၁ နာရီတွင် ကျောင်းစုပတုပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းများသို့ လာရောက်အသိပညာပေးခဲ့ကြောင်း သိရသည်။

မူခင်းပညာပေးပြခန်းယာဉ်ပြသရာတွင် (ခေတ္တ)သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးနိုင်နိုင်ငြိမ်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၆၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆) မှ ရဲအုပ်သိန်းဌေး၊ မူးယစ်တပ်ဖွဲ့စု (၄၃) မှ ရဲအုပ်ဇော်မင်းအေးတို့ပါဝင်သော အဖွဲ့များပူးပေါင်း၍ သုံးခွမြို့နယ်အတွင်းရှိ ပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြသပေးခဲ့ကြရာ လာရောက်ကြည့်ရှုသူဦးရေ စုစုပေါင်း ၁၉၁၅ ဦးရှိပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

# ဘုရားဖူးရာသီအစတွင် သစ်လုံးအိမ်စခန်းမှ အလောင်းတော်ကဿပစံကျောင်းသို့ ဆင်စီးပြီး ဘုရားဖူးလာသူများဖြင့် စည်ကား



**ယင်းမာပင် ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပသို့ နှစ်စဉ်ဘုရားဖူးရာသီတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများနှင့် ဒေသန္တရဗဟုသုတ လေ့လာရှာမှီးသူများစွာ နေ့စဉ်လာရောက်လျက်ရှိပေသည်။

အလောင်းတော်ကဿပသို့ လာရောက်သည့်ဘုရားဖူးများအနေဖြင့် ကားရပ်နားရာစခန်းမှ အလောင်းတော်ကဿပစံကျောင်းအရောက် တစ်မိုင်ခန့်ခရီးကို သန့်ရှင်းလတ်ဆတ်သည့် လေကောင်းလေသန့်ကိုရှူကာ တောတောင်ရေမြေ သဘာဝအလှတရား ရှုခင်းမျိုးစုံကိုခံစားရင်း ခြေကျင်ခရီးဖြင့်ဂန့်ဂေါနယ်နှင့် ကနီနယ်တို့မှလည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစသည့်မြို့ကြီးများနှင့် နယ်စပ်ဒေသမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပြင် ဒေသခံရဟန်းရှင်လူမိဘပြည်သူများပါမကျန် ဆင်များစီးပြီး အရောက်လာနိုင်ကြရာ ယခုနှစ်ဘုရားဖူးရာသီအစတွင် ဆင်စီးဘုရားဖူးများဖြင့် အလွန်စည်ကားလျက်ရှိကြောင်း သိရသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ ဆင်ဆရာဝန် ဦးသောင်းရှန်ကဘုရားဖူးအခြေအနေနှင့်ပတ်သက်၍ပြောကြားရာတွင် "ဒီနှစ် ဘုရားဖူးလာရောက်သူတွေ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ဥယျာဉ်ကဝန်ဆွဲဆင်၊ ဗိုက်ကြီးသည်ဆင်၊ သားအမိဆင်နှင့် ဆင်ပေါက်ကလေးများ စုစုပေါင်း ဆင် ၃၅ ကောင် ရှိသည့်အနက်မှ နေ့စဉ်အသုံးပြုသည့်ဆင် ၁၅ ကောင်ဖြင့်လည်းကောင်း၊ သစ်ထုတ်လုပ်ရေးက လာရောက်အားဖြည့်တဲ့ ဆင်အကောင် ၁၀၀ ကျော်ရှိသည့်အနက်မှ နေ့စဉ်အသုံးပြုသည့်ဆင် ၄၀ ဖြင့်လည်းကောင်း စုစုပေါင်းဆင် ၅၅ ကောင်လောက်နဲ့ လက်ရှိဘုရားဖူးတွေကို ပို့ဆောင်ပေးနေပါတယ်။ လာမည့်ရက်ပိုင်းအတွင်း တခြားဆင်ဝိုင်းတွေထပ်ရောက်လာရင် ဆင်အကောင်အရေတိုးမြှင့်ပြီး စနစ်တကျ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တပို့တွဲလ ဘုရားပွဲမတိုင်ခင် ဒုတိယအသုတ်ထပ်ရောက်လာရင် ဆင်အကောင်ရေ ပိုမိုများပြားလာမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ သမိုင်းဝင်အာဆီယံအမွေအနှစ်စာရင်းဝင်ဖြစ်သည့် အလောင်းတော်ကဿပကို မနှစ်ကဘုရားဖူးရာသီ ငါးလဝန်းကျင် ကာလမှာ ဒီကိုဘုရားဖူးလာရောက်သူဦးရေ ၄၀၀၀၀၀ ကျော်ရှိပြီး ပြည်ပနိုင်ငံသား လာရောက်လေ့လာသူများ အလွန်များပြားလျက်ရှိပါတယ်။ ယခုနှစ်ဘုရားဖူးရာသီအစမှာ နေ့စဉ် ဆင်စီးသူဦးရေခန့်မှန်း ၅၀၀၀ လောက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆင်စီးမယ့်ဘုရားဖူးတွေကို သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေကို ဦးစားပေးအနေနဲ့ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အလောင်းတော်ကဿပစံကျောင်းသို့ ဘုရားဖူးများကို ပို့ဆောင်ပေးလျက်ရှိသည့် ဆင်ဦးစီးတစ်ဦးကလည်း "ဘုရားဖူးလာရောက်သူများအနေဖြင့် ခြေကျင်မသွားလို၍ ဆင်စီးကာ အရောက်သွားလျှင် သစ်လုံးအိမ်စခန်းမှ စံကျောင်းအရောက် တစ်ကြောင်းလျှင် ဆင်တစ်ကောင် ကျပ် ၈၀၀၀ ကျသင့်မှာဖြစ်ပါတယ်။ ဒီမှာက နှစ်ယောက်စီးဆင်နဲ့ လေးယောက်စီးဆင် နှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့ဆင်များဖြင့် ဘုရားဖူးခရီးသည်တွေကို တစ်ရက်လျှင် နံနက် ၆ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃နာရီမှ ၆ နာရီအထိ တစ်ကြိမ် ပို့ဆောင်ပေးနေပါတယ်။ နေ့ခင်းပိုင်းတော့ ဆင်တွေကို အနားပေးရတယ်။ ကျွန်တော်တို့ ညနေ ၆ နာရီကျော်ရင် ဆင်တွေကို တောထဲကို လွှတ်ပေးရတယ်။ နောက်တစ်နေ့မနက် မိုးမလင်းခင် အစောကြီးထပြီး ဆင်တွေကို ပြန်လိုက်ကောက်ပြီးမှ နံနက် ၆ နာရီအမီ ဘုရားဖူးတွေကို ပို့ဆောင်ပေးရတယ်"ဟု ပြောသည်။

သို့ဖြစ်ရာ အလောင်းတော်ကဿပစံကျောင်းတော်အရောက် ဆင်စီးဖူးသည်ဆိုသည့် အတွေ့အကြုံသစ်ရယူလိုသူများနှင့် တောင်အတက်အဆင်း လမ်းမလျှောက်နိုင်သူ သက်ကြီးရွယ်အိုများ ဆင်ကိုအများဆုံး အသုံးပြုလာရောက်ကြပြီး ဆင်မစီးလိုသည့် အသက်အရွယ်ကြီးသူ ဘုရားဖူးများအနေဖြင့် ငွေ ၁၀၀၀၀ ကုန်ကျမည့် လူနှစ်ဦးထမ်းပိုးသည့် အထမ်းများဖြင့်လည်း သွားရောက်နိုင်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



# မန္တလေးမြို့တော်မဟာသင်္ကြန် ယဉ်ကျေးမှုပုံရိပ်များဖြင့်ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် စာပေ၊ ဂီတ၊ သဘင်ပညာရှင်များက အကြံပြုဆွေးနွေးကြသည်။ မန္တလေးမြို့တော်မဟာသင်္ကြန်တွင် ကျုံးပတ်လည်၌ မဏ္ဍပ်များ လျှော့ချမည်ဖြစ်ပြီး ကျုံးတောင်ဘက်ခြမ်း (၂၆) လမ်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်ဆုပေးမဏ္ဍပ်နှင့် နန်းမြို့သူမဏ္ဍပ်နှစ်ခုသာ ဆောက်လုပ်ရန်ရည်ရွယ်ထားပြီး ကျုံးအရှေ့၊ အနောက်၊ မြောက်ဘက်တို့တွင်လည်း မဏ္ဍပ်နှစ်ခု၊ သုံးခုသာ ခွင့်ပြုသွားမည်ဖြစ်သည်။ မြို့နယ်များတွင် စည်ကားစေရန် စီစဉ်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးသင်္ကြန်သည် စတိတ်ရှိုးသင်္ကြန်ဖြစ်နေ၍ ယဉ်ကျေးမှုသင်္ကြန်ပုံရိပ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန်က ပြောကြားသည်။

မန္တလေးမြို့တော်ဝန်မဏ္ဍပ်တွင်လည်း ယခင်ခေတ်က နာမည်ကြီးသရုပ်ဆောင်နှင့် အဆိုတော်များအား သိန်းထောင်ချီသုံးစွဲ၍ ငှားရမ်းဖျော်ဖြေခဲ့ရာမှ ယခုနှစ် မန္တလေးယဉ်ကျေးမှုသင်္ကြန်တွင် မြို့တော်စည်ပင်တေးဂီတအဖွဲ့၊ ဆိုင်းဝိုင်းကြီးနှင့် စည်ပင်လှပျိုဖြူများ၏ အကအလှများ၊ မန္တလေးမြို့မှ တေးသံရှင်များက ဖျော်ဖြေကြမည်ဖြစ်ပြီး ငွေကြေးများစွာ လျှော့ချသုံးစွဲရန်ရည်ရွယ်ထားကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ကော်မတီဝင်များ၊ မန္တလေးမြို့ရှိ စာပေ၊ ဂီတ၊ သဘင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများ တက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဂုဏ်တော်ပုတီးလုပ်ငန်းအား မိရိုးဖလာအမွေအဖြစ် ဆက်လက်ထိန်းသိမ်း

**ချောင်းဦး ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့တွင် ဂုဏ်တော်ပုတီးများပြုလုပ်ရောင်းချသည့်လုပ်ငန်းအား မိရိုးဖလာ လက်ဆင့်ကမ်းအမွေအဖြစ် နှစ်ပေါင်းများစွာ အစဉ်အဆက်ဆက်လက်ထိန်းသိမ်း လုပ်ကိုင်လျက်ရှိကြောင်း ချောင်းဦးမြို့ရှိ ဂုဏ်တော်ပုတီးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

ပုတီးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ချောင်းဦးမြို့မှ ဆရာကြီးဦးမြသိန်းက "ယွန်းပညာတွေထဲမှာ ပါဝင်တဲ့ပန်းပု၊ ပုတီးလုပ်ငန်းတွေကို လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ နီးနီးလောက်ကတည်းက စတင်လုပ်ကိုင်ခဲ့ပါတယ်။ ပုတီးလုပ်ငန်းက လုပ်ကိုင်ရတာအတော်လေး အချိန်ပေးရပါတယ်။ ဒီလုပ်ငန်းကို မိသားစု ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ရပြီး စီးပွားဖြစ်မဟုတ်ပေမယ့် ရဟန်းရှင်လူ အဆင်ပြေအောင် ကုသိုလ်ဖြစ်သာသာလေးပဲ လုပ်ကိုင်နေကြရပါတယ်။ ဒီလုပ်ငန်းက စီးပွားဖြစ်မဟုတ်ပေမယ့် ပညာအမွေ မတိမ်ကောရအောင်လို့ ထိန်းသိမ်းတဲ့အနေဖြင့် သားသမီးတွေကို လက်ဆင့်ကမ်းပညာအမွေတွေ သင်ကြားပေးထားပါတယ်" ဟု ပြောကြားသည်။

ဆရာကြီးဦးမြသိန်းက ဆက်လက်ပြောကြားရာတွင် "ဟိုခေတ်ကဆိုရင် အခုလို နိုင်လွန်ကြိုးတွေမပေါ်သေးတော့ ပုတီးမှာသုံးဖို့အတွက် ဗမာချည်ခင်အတွက် ဗိုင်းငင်၊ ချည်ဝင်၊ ချည်ခင်၊ ချည်ထု ရတဲ့ချည်ကို ချည်လုံးလုံးပြီးတော့ အဖြူထည်ကိုရစ်ပတ်ခဲ့ရတဲ့ အဆင့်ကနေ စတင်လုပ်ကိုင်ခဲ့ရတယ်။ လက်ရှိမှာတော့ ပုတီးလုပ်ငန်းကို သရိုးထောင်းတဲ့အဆင့်က စတင်ပြီးတော့ ၁၁ ဆင့် မွမ်းမံပြင်ဆင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ ဟိုခေတ်ကတော့ တစ်နေကုန်မှ ပုတီးတစ်ကုံးလောက်ပဲပြီးတယ်။ ခုခေတ်မှာတော့ တစ်ရက်ကို ပုတီး (အနက်ထည်) ၁၀ ကုံးလောက်အထိ ပြီးပါတယ်။

ဂုဏ်တော်ပုတီးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်တဲ့ မိသားစုဝင်တွေအားလုံးကို အမဲသား၊ ကျွဲသား မစားစေဘဲ ရာသက်ပန်ရှောင်ခိုင်းတယ်။ ငါးပါးသီလကို အတတ်နိုင်ဆုံး လုံအောင်ထိန်းစေပြီးမှ လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်စေပါတယ်။ ပုတီးအမျိုးအစားတွေအနေဖြင့်ကတော့ အရဟံဂုဏ်တော်ဆေးပုတီး၊ သမ္ဗုဒ္ဓေဂုဏ်တော်ပုတီး၊ ဥရဂဏ်ဂုံ ရတနာသိဒ္ဓိပုတီး၊ ကွင်းဆက်ကွန်ချာ ဂုဏ်တော်ပုတီး၊ ဂုဏ်တော်ဂြိုဟ်သက်ပုတီး စသဖြင့် အမျိုးပေါင်းများစွာ အရွယ်အစားအမျိုးမျိုးရှိပါတယ်။ မိုးညှင်းသမ္ဗုဒ္ဓေဂုဏ်တော်ပုတီး အာမခံဆိုတော့ အနယ်နယ်အရပ်ရပ်ကလည်း မှာယူကြသည့်အပြင် ပြည်ပနိုင်ငံတွေက ဘုန်းတော်ကြီးတွေကပါ လာရောက်မှာယူကြပါတယ်" ဟုပြောပြသည်။

အဆိုပါ ဂုဏ်တော်ပုတီးပြုလုပ်ရာတွင် သားကောင်တို့၏ အရိုးပြာနှင့် နွားချေးပြာတို့ကို မမြင့်မြတ်သဖြင့် မသုံးစွဲဘဲ ၎င်းအစားကိုင်းပင်ကိုခုတ်ပြီး မီးရှို့ကာ ပြာချ၍ ပုတီးအသားအဖြစ်လည်းကောင်း၊ ဗမာချည်၊ နိုင်လွန်ကြိုး၊ ပေရွက်၊ ဟင်္သာပြဒါး(အရောင်တင်ရန်) တို့နှင့် အစွမ်းထက် ဂမ္ဘီရပစ္စည်းမြောက်မြားစွာ တို့ကို ရောစပ်ပြီး ကုန်ကြမ်းအဖြစ် အသုံးပြုကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေကြီးမှုအန္တရာယ် ကင်းဝေးစေရန် သဲနုန်းများဆယ်ယူ

**ဟိုပန် ဇန်နဝါရီ ၂၀**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ မြို့လယ်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်ဆွမ်ချောင်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် တောင်ကျရေစီးဆင်းမှုကြောင့် ကောင်းဟုန်းရပ်ကွက်၊ ဈေးရပ်ကွက်နှင့် မန်ခွန်ရပ်ကွက်တို့တွင် လူနေအိမ်များ ရေကြီးနစ်မြုပ်ခဲ့ပြီး ရေကျသောအခါ ချောင်းတစ်လျှောက် သဲနုန်းများဖြင့်တင်ကျန်ကာ ချောင်းရေမျက်နှာပြင် မြင့်တက်လာခဲ့သည်။

ယခုအခါ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၏ ရန်ပုံငွေဖြင့် ချောင်းအတွင်းတင်ကျန်ခဲ့သော သဲနုန်းများကို Backhole စက်ဖြင့် နေ့စဉ်ဆယ်ယူလျက်ရှိရာ ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီက တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူသည် ဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သဲနုန်းဆယ်ယူခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ချောင်းအတွင်း အမှိုက်သရိုက်များမစွန့်ပစ်ရေး၊ သဲနုန်းဆယ်ယူခြင်းကို နမ့်တိန်ချောင်းနှင့် နမ့်ဆွမ်ချောင်းဆုံသည့်နေရာမှ စတင်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ သဲနုန်းဆယ်ယူခြင်းဖြင့် ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ပြီး မိုးတွင်းကာလတွင် ချောင်းရေကြီးမှုအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# " အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း "

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

မှ

စတုတ္ထမြောက် နိုင်ငံအဝန်း ဆက်သွယ်ရေး အော်ပရေတာ လိုင်စင်အား

Myanmar National Tele & Communications Co.,Ltd. သို့ ၁၂.၁.၂၀၁၇ ရက်နေ့တွင်

ပေးအပ်ချီးမြှင့်ခဲ့ မှုအပေါ်အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

HUAWEI

HUAWEI TECHNOLOGIES (YANGON) CO.,LTD.

Anglia Ruskin University, UK မှပေးအပ်မည့်

## MBA SCHOLARSHIP အတွက်လျှောက်ထားနိုင်ပါရန်ခေါ်ယူခြင်း

London School of Marketing | Local Access Point | INSPIRO INSTITUTE

INSPIRO INSTITUTE တွင် UK နိုင်ငံ ANGLIA RUSKIN UNIVERSITY မှပေးအပ်မည့် MBA ဘွဲ့ FEBRUARY INTAKE အတွက် SCHOLARSHIP ကို JANUARY 27 2017 ရက်နေ့အထိလျှောက်ထားနိုင်ပါပြီ။

UK, MBA PROGRAM အတွက် PARTIAL SCHOLARSHIP အနေနှင့် PROGRAM တစ်ခုလုံးအတွက် FULL PROGRAM FEES 8000 USD အစား USD 5000 (SCHOLARSHIP 3000 USD) သာကျသင့်မည်ဖြစ်ပါသည်။ USD 7000 (USD 1000 SCHOLARSHIP) နှင့် USD 6000 (USD 2000 SCHOLARSHIP) သာ ပေးသွင်းရမည့် အစီအစဉ်များလည်း ရှိပါသည်။ TOTAL SCHOLARSHIP စုစုပေါင်း USD 18000 အထိ ကန့်သတ်ထားသဖြင့်စောလျှင်စွာ လျှောက်ထားသူကို စဉ်းစားပေးမည်ဖြစ်ပါသည်။

SCHOLARSHIP ကိုအရေအတွက် ကန့်သတ်ထားပြီး ပညာအရည်အချင်း သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် PROGRAM အပေါ်တွင် စိတ်အားထက်သန်မှုပေါ်တွင် မူတည်ပြီး ရွေးချယ်မည်ဖြစ်ပါသည်။ လျှောက်ထားရန်အတွက် SCHOLARSHIP INTERVIEW သို့မဟုတ် MBA ကိုတက်ရောက်ရခြင်း၏ ရည်ရွယ်ချက်ခေါင်းစဉ်ဖြင့် ESSAY ကို ရေးသားပေးပို့လျှောက်ထားရပါမည်။ SCHOLARSHIP ရရှိသူများသည် အရစ်ကျပေးသွင်းခြင်း၊ STUDENT LOAN စသည့် အစီအစဉ်များကိုလည်း ဆက်လက်ခံစားခွင့် ရှိမည်ဖြစ်ပါသည်။

INSPIRO INSTITUTE မှဝန်ထမ်းနှင့် မိသားစုများ၊ SCHOLARSHIP လျှောက်ထားပြီးသူများ ပါဝင်ခွင့်မရှိပါ။ SCHOLARSHIP COMMITTEE ၏ ဆုံးဖြတ်ချက်သာလျှင် အတည်ဖြစ်ပါသည်။ လူဦးရေကန့်သတ်ထားပါသဖြင့် အမှန်တကယ်တက်ရောက်လိုသူများသာ လျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။ စုံစမ်းရန် - 09-25 777 666 7



F38 First Floor Pearl Condo Tower A
Bahan, Yangon 09257776667

မ
SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

Queenswood
Beauty Spa
ဆံပင်ညှပ် (ကျား/မ) သင်တန်း
ကောက်၊ ညှပ်၊ ဖြောင့်၊ Colour ဆိုး
Digital ကောက်
စာတွေ့၊ လက်တွေ့ သင်ကြားပေးသည်။
သင်တန်းကာလ - (၂)လ
သင်တန်းကြေး - (၁)သိန်း
အမှတ် (၁၃၅)၊ ဦးချစ်မောင်လမ်း၊ ဂွတ္တလစ်၊ ရန်ကင်းစင်တာအနီး၊ ဗဟန်း၊ ရန်ကုန်။
Ph: 09 5177025

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-500 5916
09-730 97123

### အမြန်အလိုရှိသည်
ဂျပန်သင်တန်းကျောင်းတွင်တာဝန်ထမ်းဆောင်ရန်
" ဂျပန် ဆရာ/ဆရာမ (၃) ဦး " အလိုရှိသည်
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)၊
Ph : (01) 377343 , 377344 , 385758 , 386877 , 392233

SAKURA HOSPITAL
ဆာကူရာဆေးရုံတွင်
အကြောအဆစ်ပြန်လည်သန်စွမ်းရေးကုသမှုဌာန
၂၀၁၇ မှစတင်ပြီးဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း
သတင်းကောင်းပါးလိုက်ရပါတယ်ရှင်။
Physiotherapy Dept. will be opened starting from 2017 at Sakura Hospital !!!
အမှတ် ၂၃ ရှင်စောပုလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့။
HOTLINE : 01-512 668

### မိသားစု အိမ်ခြံမြေမှ * အမြန်ငှားမည် *
ကုမ္ပဏီလီမိတက်

| | | | |
|---|---|---|---|
| 1.တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ဗဟ | (80×90) | M2,S2,RC1½ | $-4000 |
| 2.ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ | (75×105) | M1,S2,RC2 | $-3500 |
| 3.ပြည်လမ်းအနီး(ရှိုင်)၊မရက | (100×100) | M1,S2,RC2 | $-2500 |
| 4.အင်းယားလမ်းသွယ်၊ကမရ | (50×65) | M1,S3,RC2 | $-2200 |
| 5.သုမင်္ဂလာအိမ်ရာ၊သဃက | (100×80) | M1,S4,RC2 | $-2000 |
| 6.အောင်ဇေယျလမ်းမ၊ရက | (70×120) | Showroomကောင်း၊မြေ | 65L |
| 7.ဗိုလ်ချုပ်လမ်းမ၊ပဇတ | (25×75) | S3,RC2 | 40L |
| 8.ဝါးတန်းလမ်း၊လမတ | (30×50) | S4,BN2 | 35L |
| 9.မြကန်သာအိမ်ရာ၊လှိုင် | (70×60) | M5,AC8,RC2 | 35L |
| 10.ကျောက်ကုန်းလမ်းမ၊ရက | (60×100) | နံရံခန်းကောင်း,RC1 | 35L |
| 11.ဝေဇယန္တာလမ်းသွယ်၊တ/ဥ | (40×110) | M1,S3,AC7,RC2 | 25L |
| 12.ပြည်လမ်းသွယ်(၁၀မိုင်) | (30×85) | M1,S2,RC3 | 20L |
| 13.ကန်လမ်း၊လှိုင် | (40×100) | M2,S2,F.F,RC2 | 20L |
| 14.ရတနာလမ်း | (80×160) | M3,S4,RC3 | 20L |
| 15.ဘောက်ထော်အနီး၊ရက | (37×123) | M4,AC5,RC2 | 16L |
| 16.မြခွာညိုအိမ်ရာ၊သကတ | (60×60) | M3,S2,RC2 | 15L |
| 17.ရွှေပင်လုံအိမ်ရာ၊မ/ဒဂုံ | (80×80) | နံရံခန်းကောင်း,RC2 | 13L |
| 18.ဒဂုံဆိပ်ကမ်းစက်မှုဇုန် | (1ဧက)မြေဖို့၊အုတ်ခတ် | | 5000L |
| 19.ရန်ကုန်စက်မှုဇုန် | (4ဧက) | | 1ဧက-5000L |
| 20.အရှေ့ဒဂုံစက်မှုဇုန် | (2ဧက)မြေဖို့၊အုတ်ခတ် | | 1ဧက-3500L |
| 21.ဒဂုံဆိပ်ကမ်းစက်မှုဇုန် | (1ဧက)ဂို(60×150)100KVA | | 25L |

☎ - 0973054542, 0973161672, 0973494343

ရွှေကိန္နရီ (MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်း၊ ဂိုဒေါင်၊ စက်ကိရိယာ၊ ဌာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက 10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီးကားများနှင့် အလုပ်သမားများ တပါတည်း ပြောင်းရွှေ့ပေးနေသည်။
(မြို့တွင်း / နယ်ဝေး)
Ph: 09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669

### ပြင်ဦးလွင်ရှိ မြေကွက်ရောင်းမည်
ပြင်ဦးလွင်နိုးဘုရားကြီးအနီး မြို့ရှောင်လမ်းမပေါ်တင်(၉၀'×၁၅၀')၊ အိမ်ပါ၊ မီတာပါ၊ ရေတွင်းပါ၊ Hotel ဖွင့်ရန်နှင့် အခြားစီးပွားရေးများလုပ်ရန် ကောင်းသောနေရာကောင်းဖြစ်သည်။
Ph : 09-5003288, 09-453396332

### ယူကလစ်ပင်စိုက်ပျိုးထားပြီးမြေရောင်းမည်
ပြင်ဦးလွင်မြို့(IT)တက္ကသိုလ်ကျောင်းအနီး၊ သပြေကျင်းရွာ (၅)နှစ်သား ယူကလစ်ပင်စိုက်ပျိုးထားပြီး မြေဧက(၂၀) ရောင်းမည်။ ပုံစံ(၁၀၅)ထွက်ရှိထားပြီးဖြစ်ပါသည်။
Ph : 09-5003288, 09-453396332

မုဒိတာ
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
ဒဂုံရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ မြို့နယ်များရှိမြေကွက်များ ဝယ်လိုပါသည်။
09 73019671
09 445764441


C B BANK
VISA
မြန်မာနိုင်ငံတွင် ပထမဦးဆုံး
ပြည်တွင်း / ပြည်ပနိုင်ငံများတွင်
အသုံးပြုနိုင်သော VISA Credit Card ကို
CB Bank တွင် ရယူလိုက်ပါ . . .
C B BANK
4838 6300 1234 5678
4838
GOOD THRU 10/21
CARD HOLDER NAME
VISA
PLATINUM
C B BANK
4838 6400 1234 5678
4838
GOOD THRU 10/21
CARD HOLDER NAME
VISA
CB Bank
No. ( 334/336 ) , Corner of 23rd Street and Strand Road,
Latha Township, Yangon, Myanmar.
Tel : (95 -1) 370145, 370146
Call Center : (95 -1) 2317770
www.cbbank.com.mm
YOUR DIGITAL BANK

CHINESE NEW YEAR CELEBRATION

မြေနီကုန်း၊ ဘိုကလေးဈေး၊ သိမ်ကြီးဈေး၊ ကမ္ဘာအေး၊ စံရိပ်ငြိမ်

21 - 31 Jan, 2017

Up to 50% Off

အမျိုးသား/ အမျိုးသမီး/ ကလေး
အဝတ်အထည်များ၊ ဖိနပ်များ
အမျိုးသမီးလက်ကိုင်အိတ်များ

Buy 1 Get 1

အမျိုးသားဝတ်
နာမည်ကြီး အမှတ်တံဆိပ် အကျီများကို
(၁)ထည်ဝယ်လျှင်
(၁)ထည်လက်ဆောင်ရရှိပါမည်။

Buy 100,000 Ks/-
Get အံပေါင်း

သတ်မှတ်ထားသောအရောင်းကောင်တာများတွင် (၁)ရက်အတွင်း
ကျပ်(၁)သိန်းဖိုးနှင့်အထက်ဝယ်ယူပါကလက်ဆောင် အံပေါင်းချက်ချင်းရရှိပါမည်။



TRUST Since 2010 Sewing Class

Trust

Sewing Class

စက်ချုပ်သင်တန်း

အမှတ်(၄၅)၊ ဗဟိုလမ်း (သဇင်လမ်းထောင့်)
အလုံမြို့နယ်၊ ရန်ကုန်မြို့
(ဗဟိုအမျိုးသမီးဆေးရုံရှေ့)
ဖုန်း - ၀၁ ၂၂၆၁၁၃ ၊ ၀၉ ၈၆၂၄၆၇၅
၀၉ ၉၇၄၃၈၈၈၀၃၀ ၊ ၀၉ ၂၅၂၂၂၂၈၁၁

www.facebook.com/trustsewing

### သင်တန်းအမှတ်စဉ် (၄၇)

အမျိုးသမီးဝတ်အကျီသီးသန့်(၁၅) ရက်၊ လုပငသေသပ်သော စကတ် သီးသန့် (၁၀)ရက်၊ သင်တန်းများကို အလွယ်ကူဆုံးနည်း၊ အတိကျဆုံး အတိုင်းအထွာများဖြင့် သေချာ တတ်မြောက်အောင် သင်တန်းသားတစ်ဦးလျှင် အပ်ချုပ်စက်၊ညှပ်ခုံ၊ မီးပူ၊ ဓါးစက် တစ်လုံးစီ ဖြင့်၊ သင်တန်းနည်းပြ ကိုယ်တိုင် သင်ကြားပေးပါသည်။

- ✔ စာတွေ့၊လက်တွေ့ပေါင်းစပ်ပြီး၊ ပိတ်စ ဖြင့်သာသင်ကြားပေးခြင်း
- ✔ စက်ချုပ်သင်တန်းသီးသန့်ဖြစ်ခြင်း၊
- ✔ သင်တန်းကာလ အတိအကျ သတ်မှတ်ထားခြင်း၊
- ✔ သင် ဆရာ၊မြင်ဆရာ များနှင့် ဆိုင်အတွေ့အကြုံများပေါင်းစပ်ထားသောသင်ကြားနည်းဖြစ်ခြင်း၊
- ✔ သင်တန်းသား ကိုယ်တိုင်၊ တိုင်းထွာ၊ပုံဆွဲ၊ ညှပ်၊ချုပ်၊ အဆင့်ဆင့်စနစ်တကျသင်ကြားပေးခြင်း၊
- ✔ သင်တန်းသားတစ်ဦးခြင်းစီ၏လိုအပ်ချက်ပေါ်မူတည်ပြီးနားလည်သည်အထိစိတ်ရှည်စွာ သင်ကြားပေးခြင်း၊
- ✔ သင်တန်းဆရာမ ကိုယ်တိုင် သင်ကြားပြီး၊ဆွေးနွေးမေးမြန်းနိုင်ခြင်း၊
- ✔ သင်တန်းကာလပြီးဆုံးပြီးနောက်၊(၅)ရက်အထိ၊ မိမိသိလိုသောပုံဆန်းများထပ်မံသင်ကြားပေးခြင်း၊

တို့ဖြင့်သတ်မှတ်သင်တန်းကာလအတွင်း တတ်မြောက်ရန်တာဝန်ယူပါသည်။

ဇန်နဝါရီလ၊ ( ၂၆ ) ရက်နေ့သင်တန်းစမည်။
စနေ၊တနင်္ဂနွေ တန်းခွဲရှိသည်။
*** လူဦးရေ ကန့်သတ်ထားပါသည်***

Practice makes perfect



## Royal Material Co.,Ltd.

မိတ်ဟောင်းမိတ်သစ်များကို ကျေးဇူးတုန့်ပြန်သောအနေဖြင့်
Chinese New Year Special Promotion........
Hotel, Condo, Project, Restaurantများနှင့် အဆင့်မြင့်မြင့်
နေထိုင်လိုသူများအတွက်
အရည်အသွေးမြင့် အိမ်တွင်း အိမ်ပြင် အလှဆင်ပစ္စည်းများဖြစ်သော

| Vinyl Tiles | Wall Leather | Handrail |
| --- | --- | --- |
| (5ကျင်းထိ 3%) | (3ကျင်းထိ 15%) | (10သိန်းဖိုးဝယ်ပါက-5%) |
| (5ကျင်းအထက်-7%) | (3ကျင်းအထက်-20%) | (10သိန်းဖိုးအထက်-10%) |

ABS Doors with Accessories (Cylinder Lock) (1ချပ်-Dis-10000Ks)

Aluminium Doors နှင့် Accessories (20သိန်းဖိုးဝယ်ပါက-3%) (20-100သိန်းဝယ်ပါက-7%) (သိန်း100အထက်ဝယ်ပါက-10%)

** Promotion ကာလ (11.Feb.2017)အထိ **

အမှတ် (၁၁၂-၁၁၈)၊ အနော်ရထာလမ်း၊ (၃)လမ်းထောင့်၊(KBZ Bank ဘေး)၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09 79700 6070, 09 96400 6070, 09 7312 6052။



# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအရောင်းစင်တာတစ်ခုဖြစ်သည့်

**PRO 1 Home Center** ၏ စတုတ္ထမြောက်ဆိုင်ခွဲ

**(East Dagon Branch)** ဆိုင်သစ်ကြီးအား

**21.1.2017**ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်

ဆတက်ထမ်းပိုး တိုးချဲ့ဖွင့်လှစ်နိုင်ပါစေကြောင်း

ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

LG Life's Good
SONY
Glacier ICE IN YOUR HAND
Hisense
Rinnai EXPERIENCE OUR INNOVATION
WINNER POWER INTERNATIONAL CO.,LTD
beko Home Appliances
ARISTON WORLD CLASS WATER HEATER
Hatari THE EXPERT IN WIND
STANDA Servo Voltage Stabilizer MADE IN VIETNAM
FARFALLA
YT YWAR TAW INTERNATIONAL TRADING CO.,LTD.
WEI LI HLAINE CO.,LTD GOLD MOUNT WIRE & CABLE TRIPLE CIRCLE WIRE & CABLE
Midea
HITACHI Inspire the Next
AEK Advance Electronic Kingdom
RR KABEL
YAZAKI
I. E. M Company Limited
Total Power Solution for YOU
LiOA For now & Forever!
Schneider Electric
BOSCH Invented for life







YANGON GOLF CLUB

Hole In One Club


## HOLE IN ONE

Congratulation Kyaw Soe Win!

Congratulation to our member below who shot a Hole-In-One while Playing on 15th January, 2017(at Hole No.8) at Yangon Golf Club.






**GOLDEN CITY**
ချောင်းသာ (နေ့စဉ်)
(တည်း+စားသောက်+ကား-မြို့စီး) =၃၄၀၀၀/-
ငွေဝ၊ ညောင်ဦး၊ ပုပ္ပါး (Feb - 3)
ရွှေစက်တော်ဖွင့်ပွဲ (Jan 30/31)
09-454466958, 09-450765726

**DADDY** (ဝယ်စီ)
ပြင်ဦးလွင်၊ မန္တလေး၊ ဒီးဒုတ်၊ ကျောက်စီမ်းဘုရား
မန္တလေး၊ မုံရွာ၊ အလောင်းတော်ကဿပ၊
ပုပ္ပါးတုံ၊ စွယ်တော်လေးဆူ
Jan- 20,27, Feb- 3,4,10,11,17,18,24,25
Ph: 09 448001903

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

မြန်မာ့သစ်လုပ်ငန်း

ခွဲသား၊ ပျဉ်ပါးနှင့်ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း ၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလက်အောက်ရှိ အမှတ်(၁/၃/၄/၆/၈/၁၀) သစ်စက်များတွင် အောက်ဖော်ပြပါ ခွဲသား၊ ပျဉ်ပါးနှင့်ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည် -

| | | ခွဲသား(တန်) | ပျဉ်ပါး(တန်) | ထင်း(တန်) |
|---|---|---|---|---|
| (က) | အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်) | ၈. ၀၀ | ၉. ၀၀ | ၃၇၅. ၀၀ |
| (ခ) | အမှတ်(၂)သစ်စက်(သန်လျင်) | - | ၈. ၇၃ | ၉၅. ၀၀ |
| (ဂ) | အမှတ်(၃)သစ်စက်(ဝါးတရာ) | - | ၃. ၀၀ | ၄၅. ၀၀ |
| (ဃ) | အမှတ်(၄)သစ်စက်(ဝါးတရာ) | - | ၆. ၀၀ | ၁၀၀. ၀၀ |
| (င) | အမှတ်(၆)သစ်စက်(ဝါးတရာ) | - | ၅. ၀၀ | ၆၀. ၀၀ |
| (စ) | အမှတ်(၈)သစ်စက် (လှိုင်) | - | ၆. ၀၀ | ၁၁၀. ၀၀ |
| (ဆ) | အမှတ်(၁၀)သစ်စက်(သန်လျင်) | - | ၃. ၀၀ | ၄၅. ၀၀ |

၂။ လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် - ၇. ၂. ၂၀၁၇ (အင်္ဂါနေ့) နံနက်(၉:၀၀)နာရီ

၃။ လေလံတင်ရောင်းချမည့်နေရာ - အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)

၄။ လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့်ရက်နှင့်နေရာ - ၂၃. ၁. ၂၀၁၇ မှ ၆. ၂. ၂၀၁၇အထိ(ရုံးချိန်အတွင်း) အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)၊ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်၊ ၀၁-၅၃၄၄၇၀၊ ၀၉-၅၀၁၁၃၄၉

လေလံတင်ရောင်းချရေးအဖွဲ့

**ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယိုမုန့်ဖုတ်သင်တန်း**
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
Dimsum
76, ဗိုလ်ဥတ္တမလမ်း၊ တာဂရာမီးပွိုင့်အနီး၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်။ 09-5385522
09-402520073 | 09.793565900, 01.2315072

"ပျောက်ဆုံးခြင်း"
LAD PAN COMPANY LIMITED ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်- ၄၁၀၀/ ၂၀၁၆- ၂၀၁၇ (ရက) ရက်စွဲ (၇-၁၂-၂၀၁၆) တမ်ပြားမှုရှင်း မှာ ( ၁၆-၁- ၂၀၁၇ )ရက်နေ့ နံနက်(၁၀:၁၀) နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိကပေးပို့ပါရန်။
Ph: 203023.

"ပျောက်ဆုံးခြင်း"
SOLITAIRE LOGISTICS & SERVICES CO., LTD. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် - ၂၂၅ / ၂၀၀၉- ၂၀၁၀ ရက်စွဲ ( ၂၉-၅- ၂၀၀၉ ) တမ်ပြားမှုရှင်းမှာ ( ၁၆-၁- ၂၀၁၇ )ရက်နေ့ နံနက်(၁၀:၀၀) နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.




**လူထု**
သံပန်း၊ သံတံခါး
လိပ်တံခါး
အလူမီနီယံ
Steel Structure စတီးလုပ်ငန်း
အမှတ်(၁၄)၊ ၁၆၇-လမ်း၊ တာမွေ။
Ph:09-5031107, 09-5028986, 09-5008411

ဂျူလိုင်အဆင့်မြင့်ဇည့်ရိပ်မွန်
အခန်းတိုင်းရေပူရေအေး၊ Aircon, TV, စလောင်း ပါဝင်ပြီး
ချိုသာသောနှုန်းထားဖြင့်ဝန်ဆောင်မှုပေးနေပါသည်။
ပဒေသာကားကြီးဝင်းအနီး၊ ပြင်ဦးလွင်မြို့။
Ph; 0943177563, 0933363510

**ဒဂုံမြို့သစ်**
အငှားပိုင်း
အိမ်ခြံမြေ
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
**T.V (ရန်ကုန်)**
ကားမောင်း-စက်ပြင်သင်တန်း
သိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ဒဂုံ- 09-260111942, 09420066955
09-440051112, 09-44051113



ကြော်ငြာ


**ကားစီးလုံးငှားသည်။**

AC-Express(45,33,25), အံ့ဖွယ်(14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။

မြို့တွင်း / မြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။

Ph: 09-252522200, 09-33345545, 09-5089800

**FORWARD (YGN)**

ကျိုက်ထီးရိုး(နေ့စဉ်) / ချောင်းသာ(နေ့စဉ်)

09259259180
09259259181
09259259182

**အာရှနဂါး**

မြဝတီ/ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph : 703790, 09 799100100, 707062, 09 797100100

Since 1985

**ရေစာတနာရှင်**

ကျိုက်ထီးရိုး/ချောင်းသာ

မြဝတီ-ဘားအံ/ငွေဆောင်

မန်းရွှေစက်တော် (Jan30,31)

01-392704, 09 73017110

09795066657,09785066657

**ဖခင်အမည်မှန်**

တောင်သာမြို့နယ်၊ မြင်းခြံခရိုင် အထက(ရသစ်ရွာ) နဝမတန်း(အေ) ကျောင်းဝင်အမှတ်(၅၁၆၁)မှ မရွှေရည်ဝင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထက်[၇/အတန(နိုင်)၁၈၆၃၁၂]ဖြစ်ပါကြောင်း။ **ဦးဇော်ထက်**

**ရွှေထိပ်တန်း**

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ(နေ့စဉ်)

ငွေဆောင်(သောကြာ)

ဖုန်း-၀၁-၇၀၁၀၁၅၊ ၀၉-၅၄၀၃၈၄၄

၀၉-၅၀၄၄၈၃၀

စိတ်ဓာတ် စည်းကမ်း ပညာ

UZMA

**ဦးဇော်မျိုးအောင်**

ရူပဗေဒ B.E [Civil]

**ကိုယ်ပိုင် အထက်တန်းကျောင်း**

စာသင်ဝိုင်း နှင့် အဆင့်မြင့်သီးသန့်ဘော်ဒါ

(ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်ကျောင်းမှတ်ပုံတင်အမှတ် – ကကစ ၁၃/၁၁/၀၁၇)

- 80 % အောင်ချက်ကောင်းများနဲ့အစဉ်အလာ
- လိမ်မသင်ဘဲ တကယ်တတ်အောင်သင်တဲ့ စေတနာ
- ငွေကြေးကိုအဓိကမထားဘဲ မိမိသားသမီးများကဲ့သို့ အုပ်ချုပ်ထိန်းသိမ်းပဲ့ပြင်တဲ့နေရာ
- အနာဂတ်မျိုးဆက်သစ်များအတွက် စိတ်အေးချမ်းသာစွာ ပညာသင်နားခိုရာ
- ပညာကိုတန်ဖိုးထား၍ အောင်မြင်မှုရရန် စည်းကမ်းတကျ ကြိုးစားချင်သော ကျောင်းသား/သူ တို့ အားထားရာ

ကိုယ်ပိုင်ကျောင်းမတက်သော ကျောင်းသား/သူများအတွက် ညနေပိုင်း ဝိုင်း မတ်လဆန်းဖွင့်မည်။

ကျောင်း/ဝိုင်း အပ် လက်ခံနေပြီ။

စာသင်ကျောင်း ။ ။ အမှတ်(၇၂၂/က) ကုန်းဘောင် (ပင်) လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပ။

စာသင်ဝိုင်း ။ ။ စာဝေစာနယ်ဇင်းတိုက်၊ စာတိုက်လမ်းဆုံ၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပ။

09 515 3319, 0977 515 3319, 09 451 555 009, 09 401 555 009

နေပြည်တော် ပျဉ်းမနားမြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ကြီး၏ (၁၄၄)ကြိမ်မြောက်ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တွင် ၁၃၇၈ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁/၂/၃/၄)ရက် (13-3-2017 မှ 16-3-2017 ထိ)(၄)ညတိုင်တိုင် ကပြဖျော်ဖြေပါမည်။




ဆက်သွယ်ရန်- စံထူး Ph: 09-250512176, 09-799602804, 09-776332789

**Fortis**

အိန္ဒိယနိုင်ငံ Fortis ဆေးရုံမှ အသည်း၊ နလုံး၊ ကင်ဆာ ခွဲစိတ်ဆရာဝန်ကြီးများ၏ **ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲအခမ်းအနား**

Dr. Vivek Vij မှ အသည်းအစားထိုးခြင်းအကြောင်း သိကောင်းစရာ

Dr. K M Mandana မှ နလုံးရောဂါ နှင့် ကုထုံးနည်းသစ်များအကြောင်း သိကောင်းစရာ

Dr Jalaj Baxi မှ ကင်ဆာရောဂါ ကုထုံးနည်းအကြောင်း သိကောင်းစရာ

Venue: Taw Win Garden Hotel (Executive Lounge - Level-8), No. (45), Pyay Road (Taw Win Shopping Centre), Yangon.

Date: 28.1.2017 (Saturday), Time: 1:00 PM ~ 4:00 Pm

ဆက်သွယ်စာရင်းပေးရန်

No. (810), G/F, Bogyoke Road, Seinn Gay Har Housing (3), Lanmadaw Tsp, Yangon. Tele : 09 4539 555 01, 09 4539 555 02

Room (6), 1st Floor, Block (2), Mingalar Mandalay, 73 Street, Behind Ocean Center, Mandalay. Tele : 09 979 020 763

**FNI**

**ပထမ အမျိုးသား အာမခံ**

**FIRST NATIONAL INSURANCE**

ASSURING PEACE OF MIND, THE ESSENCE OF LIFE

သောကကင်းဝေး စိတ်အေးစေနိုင် FNI

**INSURANCE EXPO 2017** အား ဂုဏ်ပြုကြိုဆိုသောအားဖြင့်

**အာမခံ အကာအကွယ်အမျိုးမျိုးကို**

**(၂၆-၁-၂၀၁၇) မှ (၄-၂-၂၀၁၇)အထိ**

**ပေးသွင်းရမည့်အာမခံကြေးအပေါ်တွင်**

**10% Discount** ဖြင့်ဆောင်ရွက်ပေးသွားပါမည်။

26~27,January 2017

City Hall (Mandalay)



အောက်ပါ **FNI** ရုံးများတွင် ကြိုတင်စာရင်းပေးသွင်း၍ စုံစမ်းထားရှိနိုင်ပါသည်။

**HEAD OFFICE**

No. 400/406, Merchant Road,
Botahtaung Township,Yangon.
Tel : 01-8610661~5
Fax: 01-8610675, 01-8610676
E-mail: customerservices@fnipublic.com

**Hotline : +952-74525**

www.fnipublic.com
www.facebook.com/Fnipublic

**MANDALAY**

No.123,73rd Street,
(Between 32nd Street & 33rd Street), Yan Myo Lon Ward,
Chan Aye Thar Zan Township, Mandalay.
Tel : 02-74525, 09-423687900, 09-423687166, Fax : 02-74753.

**MAWLAMYINE**

No. 233, Corner of Lower Main Road & Thida Street,
Shwe Taung Ward, Mawlamyine.
Tel : 09-442258990, 09-442258991, 057-26538,
Fax : 057-24404.

**MONYWA**

No.8/10, Bo Gyoke Road,
Aye Thar Yar Ward, Monywa.
Tel : 09-442258992~3, 071-28131
Fax : 071-26281.

**PYAY**

No.35, Bo Gyoke Road, Ywar Bel Ward, Pyay.
Tel : 053-24220,
09-442258994, 09-442258995
Fax : 053-25607.

# အကယ်ဒမီရွှေကြို ၁၆ နေရာအတွက် လျှောက်ထားသူ ၃၀၀ ကျော်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

လာမည့် မတ်လတွင် ကျင်းပတော့မည့် ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားအတွက် အကယ်ဒမီရွှေကြို လျှောက်လွှာများကို ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ထုတ်ယူခွင့်ပြုခဲ့ပြီး လေးရက်အတွင်း လျှောက်ထားသူ ဦးရေ ၃၀၀ ကျော်ရှိလာကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

"ရွှေကြိုက လျှောက်တဲ့သူက များတယ်။ များတယ်ဆိုတာက ဒီဟာလေးက အနုပညာလောကထဲဝင်ဖို့ တစ်ဆင့်ပေါ့။ ဒီကနေ ပိတ်ကားပေါ်၊ ရုပ်မြင်သံကြားပေါ်ရောက်

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ❑

# ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးအတွက် ဘတ်စ်ကားအစီးရေ တစ်ထောင်ခန့် တိုင်းဒေသကြီးအစိုးရ ဝယ်ယူမည်




**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးတွင် ခရီးသည်တင်ယာဉ်အစီးရေ များစွာလိုအပ်ချက်ရှိနေရာ တိုင်းဒေသကြီးအစိုးရက ဘတ်စ်ကားအစီးရေ တစ်ထောင်ခန့် ပြည်ပမှဝယ်ယူ ဖြည့်တင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လက်ရှိ ရန်ကုန်မြို့ပြ ခရီးသည်ပို့ဆောင်ရေးတွင် ယာဉ်အစီးရေ ၃၆၀၀ ကျော်ခန့် ပြေးဆွဲလျက်ရှိသော်လည်း ယာဉ်အစီးရေနှင့် ခရီးသည် မျှတမှုမရှိဘဲ ယာဉ်လိုအပ်ချက်ရှိနေဆဲဖြစ်သည့်အတွက် အစိုးရအနေဖြင့် ခရီးသည်တင်ယာဉ်များ ပြည်ပမှ အမြန်ဆုံးဝယ်ယူဖြည့်တင်းနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

"မှန်းထားတာကတော့ ဒီ သုံးလအတွင်းမှာ ကားအစီးရေ တစ်ထောင်လောက် ဖြည့်တင်းသွားဖို့ရှိပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ဆက်လက်ကျင်းပမည် အသင်းကြီးများ အမှတ်ပြည့်ရရန် အားထုတ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂)ကို ယခုတစ်ပတ်ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများ အမှတ်ပြည့်ရရန် အားထုတ်ကစားရဖွယ်ရှိနေသည်။ အသင်းကြီးများ၏ လက်ရှိခြေစွမ်းနှင့်ပြိုင်ဘက်အသင်းများ၏ ရုန်းကန်မှုများကြောင့် နိုင်ပွဲဆက်ရန်နှင့် ပထမဆုံးနိုင်ပွဲအတွက် ပိုမိုကြိုးစားရမည်ဖြစ်သည်။

ပွဲစဉ်(၂)အဖြစ် ဇန်နဝါရီ ၂၁ ရက်တွင် ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့်မကွေးအသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၂ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဇွဲကပင်အသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် နေပြည်တော်အသင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့်ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁)တွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းနိုင်ပွဲပျောက်ဆုံးကာ သရေကျခဲ့သော်လည်း ချန်ပီယံဟောင်း ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ ဧရာဝတီ၊ ဇွဲကပင်အသင်းတို့ အနိုင်ရခဲ့သည်။ ရတနာပုံ၊ ချင်းယူနိုက်တက်၊ ရခိုင်၊ Southern အသင်းတို့ သရေကျခဲ့ပြီး မကွေး၊ နေပြည်တော်၊ ဟံသာဝတီနှင့် GFA အသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ပွဲစဉ် (၁) တွင် နိုင်ပွဲရထားသည့်အသင်းများအားလုံးမှာ

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ○




ရတနာပုံနှင့် ဇွဲကပင်အသင်း ၂၀၁၆ ရာသီက တွေ့ဆုံခဲ့စဉ်။

# အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုပစ္စည်းများနှင့် စာသင်ကျောင်းအသစ်များ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်ရှိ လူမှုအသိုင်းအဝိုင်း ၂ ရပ်အတွက် လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများနှင့် စာသင်ကျောင်း နှစ်ကျောင်းတို့ကို အင်ဒိုနီးရှားနိုင်ငံအစိုးရက မြန်မာနိုင်ငံအစိုးရသို့ လှူဒါန်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံမှ NGOအဖွဲ့တစ်ခုဖြစ်သော PKPU မှ ဆောက်လုပ်ပေးထားသည့် စာသင်ကျောင်းနှစ်ကျောင်းနှင့် ထောက်ပံ့ရေး ပစ္စည်းများကို အင်ဒိုနီးရှားအစိုးရကိုယ်စား အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာရက်နိုးအယ်(လ်) ပီမာဆူဒီက လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ




ကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံမည်ဖြစ်သည်။

ထိုသို့ လှူဒါန်းလွှဲပြောင်းခြင်းကို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒနှင့်အညီ ခွင့်ပြုချက်တောင်းခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အလားတူ အာဆီယံအဖွဲ့ဝင် မလေးရှားနိုင်ငံကလည်း ထောက်ပံ့ကူညီရေးသင်္ဘောတစ်စင်း စေလွှတ်အကူအညီပေးနိုင်ရေး နိုင်ငံတော်အစိုးရထံ တရားဝင်ခွင့်ပြုချက်တောင်းခံထားပြီး မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြန့်ခွဲပို့ဆောင်နိုင်ရေး ရန်ကုန်မြို့ရှိ မလေးရှားသံရုံးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(၂) ကုမ္ပဏီသည်တင်ပြလျှောက်ထားချက်တွင် စာရွက်စာတမ်းအမှားပြင်ဆင်ထားခြင်းနှင့် မှတ်ပုံတင်အရာရှိမှ အကျိုးအကြောင်း ခိုင်လုံစွာ လက်ခံနိုင်သည့် တိကျမှန်ကန်သောသတင်းအချက်အလက်နှင့်အတူ ယင်းအတွက်ပေးသွင်းရမည့် အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့်နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေးတို့နှင့်အတူ ပူးတွဲတင်ပြလျှင် လိမ်လည်လှည့်ဖြားခြင်း သို့မဟုတ် မှားယွင်းကြေညာချက်ပါရှိခြင်းကြောင့် ကုမ္ပဏီ၏ အကျိုးစီးပွားကို အဓိကထိခိုက်ပျက်စီးစေနိုင်သော သတင်းအချက်အလက်ပါရှိသော စာရွက်စာတမ်းတင်ပြမှုအတွက် ဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏ စာရင်းတွင် ကုမ္ပဏီအား ပြန်လည်ထိန်းသိမ်းခြင်း၊

(စ) ဤပုဒ်မ၏ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ထားခြင်းအားဆိုင်းငံ့ထားသည့်နေ့မှ နောက်ထပ် (၆)လပြည့်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါအကြောင်းကြားစာအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီကို ဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာနှင့်ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ တာဝန်ရှိမှုများရှိခဲ့လျှင် ကုမ္ပဏီကို ဖျက်သိမ်းခြင်းမပြုသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်စေရမည်။

(ဆ) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟု ယူဆလျှင် ၎င်းတို့၏ လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်းခံရသည့်အချိန်က စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့်အခြားအကြောင်းများရှိကြောင်းတွေ့ရှိရလျှင် တရားရုံးသည်ကုမ္ပဏီ၏ အမည်ကိုမှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန်အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ၎င်းနောက်ကုမ္ပဏီသည် ယင်း၏ အမည်အား ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏အမည်ကို ပယ်ဖျက်ခြင်း မရှိသကဲ့သို့ ကုမ္ပဏီနှင့် မူလနေရာတွင် တာဝန်ရှိကြသော အခြားသူများအားလုံးအတွက် သင့်သည် ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။

(ဇ) ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက်များကို ထိခိုက်စေခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိမှ စာရွက်စာတမ်းများကို စစ်ဆေးနိုင်သည့်အခွင့်အာဏာများ၊ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်နိုင်သည့်အခွင့်အာဏာ၊ ဖျက်သိမ်းပြီး ကုမ္ပဏီများကိုစာရင်းမှ ပယ်ဖျက်ရန်ဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် တရားစွဲဆိုမှုများကို ဆောင်ရွက်ရန်ပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် မှတ်ပုံတင်ခြင်းမှပြန်လည်ပယ်ဖျက်ခြင်း အပါအဝင် ကုမ္ပဏီအပေါ် ချမှတ်သည့်အမိန့်များကို ဆောင်ရွက်ခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ချမှတ်သည့်အမိန့်များကို ဆောင်ရွက်ခြင်းတို့အတွက် အခွင့်အာဏာများအပါအဝင် ဤပုဒ်မ၏ပုဒ်မခွဲ(ဃ)နှင့်သက်ဆိုင်စေရမည်။

၄၃၁။**မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းမှ အကျိုးသက်ဝင်မှုမရှိသော ကုမ္ပဏီများကိုပယ်ဖျက်ခြင်း**

(က) ကုမ္ပဏီသည်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ဖွယ်အကြောင်းရှိလျှင် မှတ်ပုံတင်အရာရှိက ထိုကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းရှိ၊ မရှိမေးမြန်းရန်နှင့် ပြန်လည်တင်ပြရန် အကြောင်းကြားစာတစ်စောင်ကို စာတိုက်မှဖြစ်စေ၊ အီလက်ထရွန်နစ်နည်းတစ်ခုခုဖြင့်ဖြစ်စေ၊ ကုမ္ပဏီသို့အသိပေးနိုင်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ အဆိုပါ ကုမ္ပဏီသို့ပေးပို့အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အဆိုပါ အကြောင်းကြားစာကို ပေးပို့ပြီးနောက် (၂၈)ရက်အတွင်း ဖြေကြားမှုတစ်စုံတစ်ရာကိုမရရှိခဲ့လျှင် အဆိုပါ ကာလကုန်ဆုံးပြီးနောက် (၆၀) ရက်အတွင်း ပထမအကြောင်းကြားစာကို ရည်ညွှန်းလျက် ဤပုဒ်မ၏ ပုဒ်မခွဲ(က) ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ပေးပို့ရမည်ဖြစ်ပြီး ထိုအကြောင်းကြားစာတွင် ဖြေကြားမှုတစ်စုံတစ်ရာ မရရှိခဲ့ကြောင်း ဖော်ပြပါရှိစေရမည်။ဒုတိယ အကြောင်းကြားစာပေးပို့သည့်နေ့မှ (၂၈)ရက်အတွင်း ဒုတိယ အကြောင်းကြားစာအပေါ် ဖြေကြားမှုမရရှိခဲ့လျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း ကုမ္ပဏီထံမှဖြေကြားချက်ကို လက်ခံရရှိခဲ့လျှင် သို့မဟုတ် ဒုတိယအကြောင်းကြားစာကို ပေးပို့ပြီးနောက် (၂၈) ရက်အတွင်း ဖြေကြားမှုကို လက်ခံရရှိခြင်းမရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ (၃)လကုန်ဆုံးသည့်ကာလတွင် ကွဲလွဲသည့်အကြောင်း တစ်စုံတစ်ရာမရှိလျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာတစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံသို့လည်း ဤပုဒ်မ၏ ပုဒ်မခွဲ(က) ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့်ပေးပို့ရမည်။

(ဃ) ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ မှတ်ပုံတင်အရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်နေခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ရန်အကြောင်းရှိခဲ့လျှင် သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးနောက် တစ်ဆက်တည်းဖြစ်သော (၆)လကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ပြုလုပ်ရန် လိုအပ်သည့်ပြန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ဤပုဒ်မ၏ပုဒ်မခွဲ(က)ပါ နည်းလမ်းများအနက်နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနောက်ဆုံးလုပ်ငန်းတည်ရှိသည့် နေရာထံသို့ဖြစ်စေ ပေးပို့ပေးရန်တောင်းဆိုသည့်အကြောင်းကြားစာပေးပို့ပြီးနောက်ထိုပြန်ကြားချက်များကိုမပေးပို့ခဲ့လျှင်၊မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ပုဒ်မခွဲ(ဂ)တွင်ဖော်ပြခဲ့သည့်အတိုင်းအကြောင်းကြားစာတစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းကြေညာပြီးကုမ္ပဏီထံသို့လည်း ပေးပို့ရမည်။

(င) အကြောင်းကြားစာတွင်ဖော်ပြပါရှိသည့်အချိန်ကာလ ကျော်လွန်ပြီးနောက် ကုမ္ပဏီက ကွဲလွဲမှုတစ်စုံတစ်ရာတင်ပြလာခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါ အကြောင်းကြားစာအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီကို ဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာနှင့်ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ တာဝန်ရှိမှုများရှိခဲ့လျှင် ကုမ္ပဏီကို ဖျက်သိမ်းခြင်း မပြုသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်စေရမည်။

(စ) ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးကကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟုယူဆလျှင် ၎င်းတို့၏ လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်းခံရသည့်အချိန်က စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့်အခြားအကြောင်းများရှိကြောင်းတွေ့ရှိရလျှင် တရားရုံးသည်ကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ၎င်းနောက်ကုမ္ပဏီသည် ယင်း၏ အမည်အား ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည်ကုမ္ပဏီ၏ အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့် မူလနေရာတွင် တာဝန်ရှိကြသော အခြားသူများအားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့်စည်းကမ်းချက်များကို အမိန့်ချမှတ်၍ပေးအပ်နိုင်သည်။

(ဆ) ဤပုဒ်မအရပြုလုပ်သည့် အကြောင်းကြားစာတစ်စောင်ကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းနေရာ သို့မဟုတ် ကုမ္ပဏီမှမှတ်ပုံတင်အရာရှိထံသို့ တင်ပြထားသည့်အီလက်ထရွန်နစ်နည်းအရ လိပ်မူပေးပို့ရမည် သို့မဟုတ် နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် အသိပေးကြေညာရမည်၊ သို့မဟုတ် ကုမ္ပဏီ၏ဒါရိုက်တာ၊ သို့မဟုတ် အရာရှိများထံသို့ ပေးပို့ရမည်။ ဒါရိုက်တာ သို့မဟုတ် အရာရှိများ၏အမည်နှင့်လိပ်စာကို မှတ်ပုံတင်အရာရှိက သိရှိထားခြင်းမရှိပါက ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန်အတွက် တင်သွင်းသည့်လျှောက်လွှာတွင် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးစီထံသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့်လိပ်စာများအား အဆိုပါ အကြောင်းကြားစာကို လိပ်မူလျက်ပေးပို့နိုင်သည်။

(ဇ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၄၃၀ ပုဒ်မခွဲ (ဃ)အရ မှတ်ပုံတင်အရာရှိ၏အခွင့်အာဏာများ သို့မဟုတ် ဤဥပဒေအရ အပ်နှင်းထားသည့် အခြားသက်ဆိုင်သည့် အခွင့်အာဏာများကို ထိခိုက်စေခြင်းမရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည်။

### အပိုင်း (၇)

### တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းနှင့် ပြစ်မှုများ

### အခန်း(၂၉) တရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာနှင့် တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ

၄၃၂။**တရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာ**

(က) အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီ ဤဥပဒေအရစီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးသည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ဖြစ်သည်။ သို့ရာတွင် သက်ဆိုင်ရာဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံး သို့မဟုတ် မြို့နယ်တရားရုံး သို့မဟုတ် အခြားတရားရုံးတစ်ခုခုသည် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ဤဥပဒေတွင်တရားရုံးသို့ အပ်နှင်းထားသည့်စီရင်ပိုင်ခွင့်အားလုံး သို့မဟုတ် စီရင်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှတရားစွဲဆိုဆောင်ရွက်ရမည့်တရားရုံးကို မှားယွင်း၍ အခြားတရားရုံးတွင် တရားစွဲဆိုဆောင်ရွက်ခဲ့သည့်အကြောင်းကြောင့် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်အား တရားဝင်ခြင်းမရှိဟု မသတ်မှတ်ရ။

**တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ**

၄၃၃။**ပြစ်မှုများကိုရဲအရေးယူပိုင်ခွင့်မရှိခြင်း**

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၌ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် မည်သို့ပင်ဖော်ပြထားစေကာမူ ဤဥပဒေပါပြစ်မှုအားလုံးသည် အဆိုပါကျင့်ထုံးဥပဒေ၏ ကိစ္စရပ်များအတွက် ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှုများဖြစ်သည်ဟုမှတ်ယူရမည်။

၄၃၄။**ဒဏ်ငွေများကိုအသုံးပြုခြင်း**

ဤဥပဒေအရ ဒဏ်ငွေချမှတ်သည့်တရားရုံးသည် ဒဏ်ငွေတစ်ရပ်လုံးကိုဖြစ်စေ၊ ယင်း၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ တရားစွဲဆိုဆောင်ရွက်သည့်ကုန်ကျစရိတ်များအတွက် ပေးချေရန် သို့မဟုတ် ဒဏ်ငွေများရရှိရန် သတင်းအချက်အလက်ပေးသောပုဂ္ဂိုလ်သို့ ဆုကြေးငွေပေးရန်အတွက်အသုံးပြုနိုင်ကြောင်း ညွှန်ကြားနိုင်သည်။

၄၃၅။**ကုန်ကျစရိတ်အတွက် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီသို့ အာမခံတင်သွင်းစေရန်ညွှန်ကြားနိုင်သည့်အခွင့်အာဏာ**

တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုသည် တရားလိုသော်လည်းကောင်း၊ လျှောက်ထားသူသော်လည်းကောင်းဖြစ်ခဲ့လျှင် အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးသည်တရားပြိုင်က ခုခံချေပမှုများ အောင်မြင်ခဲ့လျှင် ကုမ္ပဏီ၏တရားရုံးကုန်ကျစရိတ်များကို ကုမ္ပဏီအနေဖြင့် ပေးချေနိုင်မည် မဟုတ်ကြောင်းယုံကြည်ပါက အဆိုပါ ကုန်ကျစရိတ်များအတွက် ကုမ္ပဏီကို လုံလောက်သည့်အာမခံတစ်ရပ်ထားရှိစေနိုင်ပြီး ထိုအာမခံကိုတင်သွင်းပြီးသည့်အချိန်ကာလအထိ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုအားလုံးကိုဆိုင်းငံ့ထားနိုင်သည်။

၄၃၆။**အချို့သော မှုခင်းကိစ္စများတွင် တရားရုံးက သက်သာခွင့်ပေးအပ်နိုင်သည့်အခွင့်အာဏာ**

(က) ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုများ၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်ခြင်း၊ သို့မဟုတ် ယုံကြည်အပ်နှံမှုကိုချိုးဖောက်ခြင်းများအတွက် စွဲဆိုဆောင်ရွက်သည့်မှုခင်းကိစ္စရပ်များတွင် အဆိုပါ ကိစ္စရပ်များကိုကြားနာသည့်တရားရုံး၌ ထိုပုဂ္ဂိုလ်သည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အားချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် တာဝန်ရှိကြောင်း သို့မဟုတ် တာဝန်ရှိနိုင်ကြောင်း၊ သို့သော် ၎င်းအား ခန့်အပ်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်အပါအဝင် မှုခင်းကိစ္စရပ်အားလုံးတွင် သဘောရိုးဖြင့် လျော်ကန်သည့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် ၎င်းအပေါ် မျှတစွာစီရင်ဆောင်ရွက်သင့်ကြောင်းတွေ့ရှိရလျှင် တရားရုံးသည်သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား၎င်း၏တာဝန်ရှိမှုမှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်သာခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေအရတာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ၎င်းအပေါ်တွင် စွဲဆိုဆောင်ရွက်လျက်ရှိသည့် မှုခင်းတစ်ရပ်ရပ်ကို ပြုလုပ်မည်ဟုယုံကြည်ရန် အကြောင်းရှိလျှင်၊ ထိုသူသည်သက်သာခွင့်အတွက် တရားရုံးသို့တင်ပြတောင်းခံနိုင်သည်။ အဆိုပါ လျှောက်ထားမှုအား လက်ခံရရှိသည့်အခါ တရားရုံးသည်ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အားချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် ထိုသူအပေါ်စွဲဆိုဆောင်ရွက်လျက်ရှိသည့်မှုခင်းကိစ္စရပ်များတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထိုသူအပေါ်သက်သာခွင့်ပြုနိုင်သည့်အတိုင်း အလားတူဆောင်ရွက်နိုင်သည့်အခွင့်အာဏာများရှိသည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကုမ္ပဏီ၏ဒါရိုက်တာများ၊

(၂) ကုမ္ပဏီ၏အတွင်းရေးမှူးများရှိခဲ့လျှင် ၎င်းပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏အခြားအရာရှိများနှင့်

(၄) ကုမ္ပဏီ၏ အရာရှိများဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ စာရင်းစစ်များအဖြစ် ကုမ္ပဏီကခန့်အပ်ထားသည့်ပုဂ္ဂိုလ်များ။

၄၃၇။**တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကိုမည်သို့ပြုလုပ်ရခြင်း**

ဤဥပဒေနှင့်အညီ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆိုစစ်ဆေးဆောင်ရွက်သည့်ကိစ္စတစ်ရပ်ရပ်တွင် သတင်းအချက်အလက်များ၊ စွဲချက်များ၊ တိုင်တန်းချက်များ သို့မဟုတ် လျှောက်ထားမှုများကို အောက်ပါပုဂ္ဂိုလ်များက ပြုလုပ်နိုင်သည် -

(က) ကိုယ်တိုင်တွေ့ရှိဆောင်ရွက်ခြင်းဖြစ်စေ၊ လျှောက်ထားချက် သို့မဟုတ် တောင်းဆိုချက်တစ်ရပ်ရပ်အပေါ် ပြန်ကြားခြင်းဖြစ်စေ ဆောင်ရွက်မည့်မှတ်ပုံတင်အရာရှိ၊ သို့မဟုတ် **စာမျက်နှာ ၂ သို့**

**စာမျက်နှာ ၁ မှ**

(ခ) ပုဒ်မ ၄၃၆ တွင် ဖော်ပြပါရှိသော ဤဥပဒေကို ချိုးဖောက်မှုအတွက် ၎င်းအပေါ် တရားစွဲဆိုမှုပြုလုပ်နိုင်မည့် ဖမ်းဆီးရန် အကြောင်းပြချက်ရှိသူဖြစ်သည့် ဤဥပဒေအရ သက်သာခွင့်အတွက် လျှောက်ထားခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(ဂ) တရားစွဲဆိုဆောင်ရွက်မှုပြုလုပ်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းခြင်းခံရသူတစ်ဦးဦး။

၄၃၈။ **တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများတွင် ကြားဝင်ဆောင်ရွက်နိုင်သည့်မှတ်ပုံတင်အရာရှိ၏အခွင့်အာဏာ**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရပေါ်ပေါက်လာသည့်ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်နိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိက ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသည့် တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်ခဲ့ပါက မှတ်ပုံတင်အရာရှိသည် အဆိုပါ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတွင် အမှုသည်တစ်ဦးအဖြစ်ပါဝင်နိုင်ပြီး ဤဥပဒေနှင့်အညီ အမှုသည်တစ်ဦး၏ အခွင့်အရေးများ၊ တာဝန်များနှင့် တာဝန်ရှိမှုများအားလုံးကိုရရှိသည်။

၄၃၉။ **ပြစ်မှုကြောင်းအရ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို ပြုလုပ်ရမည့်အချိန်ကာလ**

အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများကို ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသောပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုစတင်သည့်နေ့မှ (၆)နှစ်အတွင်း တရားစွဲဆိုဆောင်ရွက်နိုင်သည်။

၄၄၀။ **ပြစ်ဒဏ်နှင့်စပ်လျဉ်း၍အကြောင်းကြားခြင်း**

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု မှတ်ပုံတင်အရာရှိက ယုံကြည်ရန်အကြောင်းရှိလျှင် ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးပြစ်ဒဏ်ကို အတိအလင်းသတ်မှတ် ဖော်ပြထားပါက ဤပုဒ်မတွင် “သတ်မှတ်ဖော်ပြထားသောပြစ်မှု” ဟု ခေါ်တွင်မည်။ မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ပုဒ်မခွဲ(ခ)နှင့်အညီ အဆိုပါ ပုဂ္ဂိုလ်ထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာတစ်စောင်အားပေးပို့နိုင်သည် -

(၁) သတ်မှတ်ဖော်ပြထားသော ပြစ်မှုကိုကျူးလွန်ခဲ့ကြောင်း စွပ်စွဲခြင်းနှင့် ထိုပြစ်မှုနှင့်စပ်လျဉ်းသည့် သတ်မှတ်ဖော်ပြထားသည့် အချက်အလက်များကိုဖော်ပြခြင်း၊

(၂) သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့် ပတ်သက်၍ သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိကသတ်မှတ်သော ပြစ်ဒဏ်ကိုဖော်ပြခြင်းနှင့်

(၃) အောက်ပါတို့ကိုဖော်ပြပါရှိစေခြင်း -

(ကက) ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့်သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်သက်ဆိုင်သည့်ကိစ္စရပ်တွင်-

(၁) ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် တာဝန်ရှိမှုသည် အကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်ထားသော ပြစ်ဒဏ်အတွက် ငွေပေးချေခြင်းပြုပြီးသော်လည်း တာဝန်ရှိမှုသည် ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊

(၂) အကြောင်းကြားစာတွင်သတ်မှတ်ထားသည့် အနည်းဆုံး (၂၁) ရက်ထက် ပိုသောကာလတစ်ရပ်အတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိကသတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့်အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေပြီး အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ ထပ်မံအရေးယူဆောင်ရွက်ခြင်း မပြုကြောင်းနှင့်

(၃) အကြောင်းကြားစာတွင်သတ်မှတ်ထားသည့် ကာလကုန်ဆုံးသည်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့်အမြင့်ဆုံးပြစ်ဒဏ် အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်းမပြုခဲ့လျှင် သို့မဟုတ် အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခြင်းမပြုခဲ့လျှင်၊ ၎င်းအပေါ် တရားစွဲဆိုဆောင်ရွက်မှုကိုပြုလုပ်နိုင်ကြောင်း၊ သို့မဟုတ်

(ခခ) ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ကိုပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့်ပြစ်မှုတစ်ရပ်မဟုတ်သော သတ်မှတ်ဖော်ပြထားသည့်ပြစ်မှုတစ်ရပ်နှင့်သက်ဆိုင်သည့်ကိစ္စရပ်တွင် -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အနည်းဆုံး (၂၁)ရက် ထက်ပိုသော ကာလတစ်ရပ်အတွင်း ထိုသူသည်သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခဲ့လျှင် ထိုသူအပေါ်သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့်စပ်လျဉ်း၍ ထပ်မံအရေးယူဆောင်ရွက်ခြင်းမပြုကြောင်းနှင့်

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလကုန်ဆုံးသည်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးသတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်းမပြုခဲ့လျှင် ၎င်းအပေါ်တရားစွဲဆိုဆောင်ရွက်မှုကိုပြုလုပ်နိုင်ကြောင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) သည် မှတ်ပုံတင်အရာရှိအား အောက်ပါတို့ကို ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းမရှိရ-

(၁) သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်အား ပုဂ္ဂိုလ်တစ်ဦးက ကျူးလွန်ခဲ့ကြောင်းစွပ်စွဲသည့်ကိစ္စအတွက် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာတစ်စောင်ထက်ပိုမို၍ ထိုသူထံသို့ပေးပို့ခြင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၄၃၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါ ပြစ်မှုအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုဆောင်ရွက်နိုင်ခြင်းမရှိလျှင် သတ်မှတ်ဖော်ပြထားသော ပြစ်မှုကိုဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ၎င်းထံအကြောင်းကြားစာတစ်စောင်ပေးပို့ခြင်း။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်သည့်အကြောင်းကြားစာကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ လူပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့နိုင်သည်။

(ဃ) သီးခြားပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကိုဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့်သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးထံသို့ ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာတစ်စောင် ပေးပို့သည့်အခါ -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးသတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိကသတ်မှတ်သောပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေပြီး အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့လျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်းမပြုနိုင်၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးသတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက်အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေသော်လည်း အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိလျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်းမပြုနိုင်။ သို့သော် အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို ဆောင်ရွက်ရန် ဆက်လက်တာဝန်ရှိပြီး ထိုသို့ဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၅၀ ပါ ပြဋ္ဌာန်းချက်များကို သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်အတွက် ပေးချေခဲ့သည့်နေ့ရက်တွင် အကျိုးသက်ရောက်၍ ထိုသူသည် အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့်ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်သည်။

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည်အထိ ထိုသူသည်သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်းမပြုဘဲ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်သည်၊ သို့မဟုတ်

(၄) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလကုန်ဆုံးသည်အထိ ထိုသူသည်သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့်အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေမှုမပြုခြင်း၊ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကိုလိုက်နာဆောင်ရွက်မှု မပြုခြင်း၊ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ရန် တာဝန်ဆက်လက်ဖြစ်ပေါ်လျက်ရှိခြင်းများ ပေါ်ပေါက်ခဲ့လျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်သည်။

(င) သီးခြားပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကိုဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့်ပြစ်မှုတစ်ရပ် မဟုတ်သော သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ အကြောင်းကြားစာတစ်စောင်ကိုပေးပို့သည့်အခါ -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူသည်သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိကသတ်မှတ်သော ပြစ်ဒဏ်ကိုအကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခဲ့လျှင် ထိုသူအပေါ်သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်းမပြုနိုင်၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလကုန်ဆုံးသည်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေမှုမပြုလျှင် ထိုသူအပေါ်သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်သည်။

(စ) သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့သည့်အကြောင်းကြားစာပါ ငွေပမာဏကို ထိုသူကပေးချေခြင်းသည် သတ်မှတ်ဖော်ပြထားသော ပြစ်မှုအားကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ထိုသူသည်တာဝန်ရှိမှု တစ်ရပ်ရပ်ကို ဝန်ခံခြင်းမဟုတ်ဟု ကောက်ယူခြင်းမပြုရ၊ ...

(ဆ) ဤပုဒ်မ၏ပုဒ်မခွဲ (ဃ)အပိုဒ်(၁)၊အပိုဒ်(၂) နှင့်ပုဒ်မခွဲ(င)အပိုဒ်(၁) တို့တွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များမှအပ ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါ ကိစ္စရပ်များအတွက် သတ်မှတ်ဖော်ပြထားသော ပြစ်မှုများနှင့်ပတ်သက်၍ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းအား ထိခိုက်စေခြင်းမရှိစေရ။

၄၄၁။ **တရားစွဲဆိုဆောင်ရွက်ခြင်းတွင် ကူညီဆောင်ရွက်မည့်သူများ**

(က) ဤပုဒ်မတွင် တရားပြိုင်ဟု ရည်ညွှန်းမည့်ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုဆောင်ရွက်သည့်အခါ သို့မဟုတ် မှတ်ပုံတင်အရာရှိက ဤဥပဒေအရပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုဆောင်ရွက်သင့်ကြောင်း ထင်မြင်ယူဆသည့်အခါ မှတ်ပုံတင်အရာရှိသည် အောက်ပါပုဂ္ဂိုလ်များကို တရားစွဲဆိုဆောင်ရွက်မှုတွင် ကူညီဆောင်ရွက်စေနိုင်သည်-

(၁) တရားပြိုင်သည် လူပုဂ္ဂိုလ်တစ်ဦးဦးဖြစ်လျှင် တရားပြိုင်၏ အစုစပ်ဝင်၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်ဖြစ်သော ပုဂ္ဂိုလ် တစ်ဦးဦး၊ သို့မဟုတ်

(၂) တရားပြိုင်သည်ကော်ပိုရေးရှင်းတစ်ခုဖြစ်လျှင် တရားပြိုင်၏ အရာရှိ၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးဖြစ်ခဲ့သော သို့မဟုတ် တစ်ဦးဦးဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး။ ထိုသို့ဆောင်ရွက်မည့်သူသည် တရားစွဲဆိုဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၎င်းကသင့်လျော်သည့် အကူအညီများအားလုံးကိုဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများတွင် တရားပြိုင်တစ်ဦးအဖြစ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး၏ ရှေ့နေတစ်ဦးအဖြစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ရန် အကြောင်းရှိသည်ဟု မှတ်ပုံတင်အရာရှိက ထင်မြင်ယူဆလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသည့်လိုက်နာဆောင်ရွက်ရမည့်အချက်ကို ပြုလုပ်ခြင်းမပြုရ။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ (က) အပိုဒ် (၁) သို့မဟုတ် အပိုဒ် (၂) တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ လိုအပ်သည့်အကူအညီများကို ပံ့ပိုးပေးရန် ပျက်ကွက်လျှင် ထိုသူသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဆောင်ရွက်သည်ဖြစ်၍ ထိုသို့ဆန့်ကျင်ဆောင်ရွက်မှုအတွက် ထိုသူအပေါ် ထိုက်သင့်သည့်ပြစ်ဒဏ်ကို ထိခိုက်စေခြင်းမရှိစေဘဲ တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ အဆိုပါ သတ်မှတ်ချက်များကိုလိုက်နာစေရန်

**စာမျက်နှာ ၃ သို့**

# ဥပဒေကြမ်း

**စာမျက်နှာ ၂ မှ**

အမိန့်ချမှတ်နိုင်ပြီး ထိုအမိန့်တွင် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း သတ်မှတ်ထားသည့်နည်းလမ်းများဖြင့် ဆောင်ရွက်စေနိုင်သည်။

(ဃ) ဤပုဒ်မတွင်တရားပြိုင်နှင့် သက်ဆိုင်သည့် **ကိုယ်စားလှယ်**ဆိုသည့် စကားရပ်တွင် တရားပြိုင်၏ဝန်ထမ်း သို့မဟုတ် အရာရှိတစ်ဦးဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ တရားပြိုင်၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူ၊ တရားပြိုင်ကစာရင်းစစ်အဖြစ် တာဝန်ပေးအပ်ထားသူတစ်ဦးဦးလည်းပါဝင်သည်။

**မြွက်ဟကြေညာခြင်းများ၊အမိန့်များနှင့်တားမြစ်မိန့်များ**

၄၄၂။**တာဝန်များနှင့်စပ်လျဉ်း၍ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း**

(က) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ကြောင်း ယုံကြည်လက်ခံနိုင်သော အကြောင်းရင်းများရှိသည်ဟု တရားရုံးကတွေ့ရှိလျှင် တရားရုံးသည် ပုဒ်မ ၁၉၀ အရ ချမှတ်နိုင်သော ပြစ်ဒဏ်တစ်ရပ်ရပ်အစား အောက်ပါအမိန့်ကို ချမှတ်နိုင်သည် -

(၁) ဤပုဒ်မအရ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာချက်တစ်ရပ်ကို ချမှတ်ခြင်းနှင့်

(၂) ပုဒ်မ ၄၄၃ အရ ပြစ်ဒဏ်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်း၊ သို့မဟုတ်

(၃) ပုဒ်မ ၄၄၄ အရ လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို ချမှတ်ခြင်း။

(ခ) မှတ်ပုံတင်အရာရှိသည် ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာသည့်အမိန့်တစ်ရပ်ကို ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိက ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားခြင်းမပြုလုပ်ပါက ကုမ္ပဏီသည် အဆိုပါ လျော်ကြေးပေးရန် အမိန့်တစ်ရပ်အတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဃ) ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများကို ထိုသို့ဆန့်ကျင်ဆောင်ရွက်သည့်အချိန်ကာလမှ (၆) နှစ်ထက်မပိုသောကာလအတွင်း စတင်တရားစွဲဆို ဆောင်ရွက်နိုင်သည်။

(င) တရားရုံးသည် သက်ဆိုင်ရာဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို ကြားနာသည့်အခါ တရားမမှုခင်းများအတွက် သက်သေခံနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

(စ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ပြုလုပ်မှုတစ်ရပ်ကြောင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထိုပြုလုပ်မှုသည် ဆန့်ကျင်ဆောင်ရွက်သည့်ပြုလုပ်မှုနှင့် တစ်ထပ်တည်းတူညီနေလျှင် တရားရုံးသည် ထိုသူအပေါ်တွင် ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းမပြုရ။

၄၄၃။**ပြစ်ဒဏ်အမိန့်များ**

(က) တရားရုံးသည် အောက်ပါအချက်များကို တွေ့ရှိရလျှင်ထိုသို့ပြုလုပ်ဆောင်ရွက်သူကို ပြစ်ဒဏ်ပမာဏ (၂၀၀) ခုအထိ ငွေဒဏ်တစ်ရပ်ရပ်အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်းကို ပုဒ်မ ၄၄၂ အရ ပြုလုပ်ခဲ့လျှင်၊နှင့်

(၂) ဆန့်ကျင်ဆောင်ရွက်ခြင်းသည် -

(ကက) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ အကျိုးစီးပွားကို များစွာထိခိုက်စေလျှင်၊ သို့မဟုတ်

(ခခ) ကုမ္ပဏီ၏မြီရှင်များသို့ ကုမ္ပဏီက ပေးချေရမည့်လုပ်ကိုင်ဆောင်ရွက်နိုင်မှုကို များစွာထိခိုက်စေလျှင်။

(ခ) တရားရုံးမှ ချမှတ်သော ပြစ်ဒဏ်သည် နိုင်ငံတော်၏ကိုယ်စား မှတ်ပုံတင်အရာရှိထံသို့ ပေးချေရမည့် တရားမကြွေးမြီတစ်ရပ်ဖြစ်သည်။ ထိုသူအပေါ်တင်ရှိနေသည့် ကြွေးမြီအား ရရှိနိုင်ရေးအတွက် ထိုသူအပေါ်တွင် တရားမမှုစွဲဆိုဆောင်ရွက်ပြီး အမိန့်တစ်ရပ်ချမှတ်ထားသကဲ့သို့ မှတ်ပုံတင်အရာရှိသည် ထိုအမိန့်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

၄၄၄။**လျော်ကြေးပေးရန်အမိန့်များ**

(က) ပြစ်ဒဏ်အမိန့်တစ်ရပ်ကို ပုဒ်မ ၄၄၃ အရ လျှောက်ထားခဲ့ခြင်း သို့မဟုတ် ချမှတ်ခဲ့ခြင်းမရှိခဲ့လျှင်၊ တရားရုံးသည် အောက်ပါအချက်များကိုတွေ့ရှိရပါက ကုမ္ပဏီအနေဖြင့် ထိခိုက်နစ်နာခဲ့သည်များအတွက် ပုဂ္ဂိုလ်တစ်ဦးက ကုမ္ပဏီသို့လျော်ကြေးပေးစေရန် အမိန့်ချမှတ်နိုင်သည်-

(၁) ထိုသူ၏ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်းကို ပုဒ်မ ၄၄၂ အရ ပြုလုပ်ခဲ့လျှင်နှင့်

(၂) ထိခိုက်နစ်နာမှုသည် ဆန့်ကျင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့လျှင်။

(ခ) အမိန့်တွင်လျော်ကြေးပေးရမည့်ပမာဏကို သတ်မှတ်ဖော်ပြရမည်။

(ဂ) လျော်ကြေးပေးရန် အမိန့်တစ်ရပ်ချမှတ်နိုင်ရေးအတွက် ကုမ္ပဏီမှ ထိခိုက်နစ်နာခဲ့သည်များကို ဆုံးဖြတ်ရာတွင် တရားရုံးသည်ဆန့်ကျင်ဆောင်ရွက်မှု သို့မဟုတ် ပြစ်မှုကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်သည့်အကျိုးအမြတ်များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်နိုင်သည်။

(ဃ) လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို တရားရုံး၏ စီရင်ဆုံးဖြတ်ချက်တစ်ရပ်ကဲ့သို့ အတည်ပြုဆောင်ရွက်နိုင်သည်။

၄၄၅။**တားမြစ်အမိန့်များ**

(က) အောက်ပါကိစ္စရပ်များပေါ်ပေါက်လျှင်-

(၁) ဤဥပဒေအား ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်သည့် သို့မဟုတ် ဖြစ်နိုင်သည့်တစ်ဦးတစ်ယောက်၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဤဥပဒေအရ ဆောင်ရွက်သည့်အခါ၊

(၂) ဤဥပဒေအား ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်အတွက် တစ်ဦးတစ်ယောက်ကို တရားစွဲဆိုဆောင်ရွက်သည့်အခါ၊ သို့မဟုတ်

(၃) ဤဥပဒေအရ တစ်ဦးတစ်ယောက်ကို တရားမမှုခင်းတစ်ရပ်စစ်ဆေးဆောင်ရွက်သည့်အခါ၊ ဤပုဒ်မတွင် **သက်ဆိုင်သည့်ပုဂ္ဂိုလ်**ဟု ခေါ်တွင်မည့် ဤပုဒ်မ၏ အပိုဒ် (၁)၊အပိုဒ်(၂)၊ အပိုဒ်(၃)တို့တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ကြွေးမြီနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လျော်ကြေး သို့မဟုတ် အခြားကိစ္စရပ်အတွက်ဖြစ်စေ ငွေပေးချေရန်သော်လည်းကောင်း၊ သို့မဟုတ် ပစ္စည်းအတွက် ပေးသွင်းရန်သော်လည်းကောင်း တာဝန်ရှိသော သို့မဟုတ် တာဝန်ရှိမည်ဖြစ်သော ဤပုဒ်မတွင် **နစ်နာသောပုဂ္ဂိုလ်**ဟုခေါ်တွင်မည့် အခြားပုဂ္ဂိုလ်တစ်ဦး၏ အကျိုးခံစားခွင့်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထိုသို့ဆောင်ရွက်ရန် လိုအပ်ကြောင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်စေလိုကြောင်း တရားရုံးက ဆုံးဖြတ်လျှင်၊ တရားရုံးသည်မှတ်ပုံတင်အရာရှိကဖြစ်စေ၊ နစ်နာသူတစ်ဦးဦးကဖြစ်စေ တင်ပြလျှောက်ထားလာလျှင် ဤပုဒ်မ၏ပုဒ်မခွဲ(ခ)ပါ အမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကိုချမှတ်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်း၍ တရားရုံးမှ အောက်ပါအမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကိုချမှတ်နိုင်သည်-

(၁) ကြွေးမြီတင်ရှိနေသည့် ပုဂ္ဂိုလ်တစ်ဦးကို သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦးဦးထံသို့ ကြွေးမြီအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေခြင်းမှ လည်းကောင်း၊ ကြွေးမြီတင်ရှိနေသည့်ပုဂ္ဂိုလ်၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ ငွေပေးချေခြင်းမှလည်းကောင်း တားမြစ်သည့်အမိန့်၊

(၂) သက်ဆိုင်သည့်ပုဂ္ဂိုလ်၏ ကိုယ်စား သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ ကိုယ်စား ငွေကြေး သို့မဟုတ် အခြားပစ္စည်းများကို လက်ဝယ်ထားရှိသူတစ်ဦးကို ငွေကြေး သို့မဟုတ် အခြားပစ္စည်းကို ကိုယ်စားလက်ဝယ်ထားရှိခွင့်ပြုသူ၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ငွေကြေးအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေပေးချေခြင်းမှ လည်းကောင်း၊ အခြားပစ္စည်းများကို လွှဲပြောင်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုကိုခွဲဝေပေးခြင်းမှ လည်းကောင်း တားမြစ်သည့်အမိန့်၊

(၃) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၏ ငွေကြေးများကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ပြင်ပသို့ ယူဆောင်ခြင်းကို ဖြစ်စေ၊ ပို့ဆောင်ခြင်းကိုဖြစ်စေ တားမြစ်သည့်အမိန့်၊

(၄) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၏ပစ္စည်းကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ ပြည်တွင်းတစ်နေရာမှ နိုင်ငံတော်၏ ပြင်ပတစ်နေရာသို့ ယူဆောင်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကိုတားမြစ်သည့်အမိန့်၊

(၅) **ခန့်အပ်သည့်အမိန့် -**

(ကက) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ ထိုသူ၏ပစ္စည်း သို့မဟုတ် ထိုသူ၏ပစ္စည်းတစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ တရားရုံးကချမှတ်သည့်အမိန့်အရ အခွင့်အာဏာများရရှိသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူအား ခန့်အပ်သည့်အမိန့်၊ သို့မဟုတ်

(ခခ) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် ကုမ္ပဏီအပါအဝင်အဖွဲ့အစည်းတစ်ခုဖြစ်လျှင် ထိုသူ၏ပစ္စည်း သို့မဟုတ် ထိုသူ၏ပစ္စည်းတစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ တရားရုံးကချမှတ်သည့်အမိန့်အရ အခွင့်အာဏာများရရှိသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်သည့်အမိန့်၊

(၆) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ထိုသူ၏နိုင်ငံကူးလက်မှတ်နှင့် အခြားစာရွက်စာတမ်းများကို တရားရုံးသို့တင်ပြစေရန် ချမှတ်သည့်အမိန့်၊ သို့မဟုတ်

(၇) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ ထိုသူကို တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ နိုင်ငံတော်အတွင်းမှထွက်ခွာခြင်းကို တားမြစ်သည့်အမိန့်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ ပြုမူဆောင်ရွက်မှုများကို တားမြစ်ရန် အပြည့်အဝဖြင့်သော် လည်းကောင်း၊ ခြွင်းချက်ဖြင့်သော် လည်းကောင်း အမိန့်ချမှတ်နိုင်သည်။

(ဃ) ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက်လျှောက်ထားမှုကို တရားရုံးသို့တင်ပြရာတွင် တရားရုံးက ဆောင်ရွက်သင့်သည်ဟု ထင်မြင်ပါက လျှောက်ထားမှုကို ဆုံးဖြတ်ခြင်းမပြုမီ တရားရုံးသည် လျှောက်ထားမှုကို ဆုံးဖြတ်ရန် အချိန်ရွှေ့ဆိုင်းကြောင်း ဖော်ပြပါရှိစေမည့် ကြားဖြတ်အမိန့်တစ်ရပ်ကိုချမှတ်နိုင်သည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ လျှောက်ထားတင်ပြလာသည့်အခါ တရားရုံးသည် လျှောက်ထားသူကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မခွဲ(ဃ)အရ ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်သည့် စည်းကမ်းချက်တစ်ရပ်အဖြစ် နစ်နာမှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုပြုလုပ်စေခြင်းမရှိစေရ။

(စ) တရားရုံးသည် တစ်ဦးတစ်ယောက်၏ လျှောက်ထားမှုအပေါ် ဤပုဒ်မအရအမိန့်တစ်ရပ်ချမှတ်သည့်အခါ ထိုသူကဖြစ်စေ၊ ချမှတ်သည့်အမိန့်နှင့် သက်ဆိုင်သည့်သူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် ပထမချမှတ်ထားသည့်အမိန့်ကိုပယ်ဖျက်သည့် သို့မဟုတ် ပြင်ဆင်သည့်အမိန့်တစ်ရပ်အား ထပ်မံချမှတ်နိုင်သည်။

(ဆ) ဤပုဒ်မ၏ပုဒ်မခွဲ (က) သို့မဟုတ် (ဂ) တို့အရချမှတ်သည့်အမိန့်တစ်ရပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချိန်ကာလတစ်ရပ်အထိ သို့မဟုတ် ဤပုဒ်မအရ အခြားအမိန့်တစ်ရပ်ဖြင့် ထိုအမိန့်အား ပယ်ဖျက်သည့်အချိန်ကာလအထိ အကျိုးသက်ရောက်ကြောင်းဖော်ပြနိုင်သည်။

၄၄၆။**တားမြစ်မိန့်များချမှတ်နိုင်သည့်အခွင့်အာဏာများ**

(က) တစ်ဦးတစ်ယောက်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်ကိုကျူးလွန်ခဲ့သည့်၊ ကျူးလွန်နေသည့် သို့မဟုတ် ကျူးလွန်မည့် အပြုအမူကိုပြုလုပ်ခဲ့လျှင် သို့မဟုတ် ပြုလုပ်နေလျှင် သို့မဟုတ် ပြုလုပ်မည့်အခြေအနေရှိလျှင် မှတ်ပုံတင်အရာရှိ သို့မဟုတ် ထိုအပြုအမူကြောင့် အကျိုးခံစားခွင့် ထိခိုက်နစ်နာသူ သို့မဟုတ် နစ်နာမည့်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ဖော်ပြပါ ပုဂ္ဂိုလ်က အဆိုပါ အပြုအမူများကို ဆောင်ရွက်ခြင်းမှတားမြစ်သည့် အမိန့်တစ်ရပ်ကိုချမှတ်နိုင်သည့်အပြင် တရားရုံးကဆောင်ရွက်ရန်လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ထိုသူကိုပြုလုပ်မှုသို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်သည်-

(၁) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(၃) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကိုကူညီခြင်း၊ အားပေးကူညီခြင်း၊ အကြံပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း၊

(၄) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍ဖြစ်စေ၊ ကတိပြု၍ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်၍ဖြစ်စေ၊ သွေးဆောင်ခြင်း သို့မဟုတ် သွေးဆောင်ရန် အားထုတ်ခြင်း၊

(၅) ဤဥပဒေကို တစ်ဦးတစ်ယောက်က ဆန့်ကျင်ဆောင်ရွက်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကြောင်းတစ်ရပ်ရပ်ဖြင့် ပါဝင်ပတ်သက်ခဲ့ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၆) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် အခြားသူများနှင့်ပူးပေါင်းကြံစည်ခဲ့ခြင်း၊

(ခ) တစ်ဦးတစ်ယောက်သည် ဤဥပဒေအရ ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်ရန်ငြင်းဆိုခဲ့လျှင် သို့မဟုတ် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ ငြင်းဆိုနေလျှင် သို့မဟုတ် ပျက်ကွက်နေလျှင်ဖြစ်စေ၊ ငြင်းဆိုမည့် သို့မဟုတ် ပျက်ကွက်မည့် အခြေအနေရှိလျှင်ဖြစ်စေ၊တရားရုံးသည် -

(၁) မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ၊သို့မဟုတ်

(၂) အဆိုပါပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကိုဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းကြောင့် အကျိုးခံစားခွင့်များ ထိခိုက်နစ်နာသည့် သို့မဟုတ် ထိခိုက်နစ်နာမည့် ပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားမှုအရ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကိုဆောင်ရွက်စေရန် တားမြစ်အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ(က) သို့မဟုတ် (ခ) တို့အရ တားမြစ်အမိန့်တစ်ရပ်ရပ်ချမှတ်ပေးနိုင်ရေးအတွက် လျှောက်ထားလာလျှင် တရားရုံးက ထိုသို့ လျှောက်ထားမှုမှာ သင့်လျော်သည်ဟု ဆုံးဖြတ်ပါက အဆိုပါပုဒ်မခွဲပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ စစ်ဆေးဆောင်ရွက်နေသည့်ကိစ္စရပ်မှ အမှုသည်များ၏ သဘောတူဆန္ဒဖြင့် တားမြစ်အမိန့်တစ်ရပ်အား ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ဤပုဒ်မ၏ပုဒ်မခွဲ (က) သို့မဟုတ် (ခ)တို့အရ ချမှတ်ထားသည့် တားမြစ်အမိန့်တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိက ဤပုဒ်မအရ တားမြစ်အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အခါ၊ တရားရုံးသည် လျှောက်ထားသူကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်သည့် **စာမျက်နှာ ၄ သို့**

စာမျက်နှာ ၃ မှ

စည်းကမ်းချက်တစ်ရပ်အဖြစ် နစ်နာမှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုပြုလုပ်စေခြင်းမရှိစေရ။

(စ) တစ်ဦးတစ်ယောက်ကို ဤပုဒ်မအရ တရားစွဲဆိုစစ်ဆေးဆောင်ရွက်ရာတွင် တရားရုံးသည် ထိုသူနှင့်စပ်လျဉ်း၍ ပုဒ်မ ၄၄၅ အရ အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(ဆ) ဤပုဒ်မအရ တရားရုံးသည်တစ်ဦးတစ်ယောက်အား သီးခြားအပြုအမူတစ်ရပ်ကို ဆောင်ရွက်ခြင်းမှတားမြစ်ခြင်း၊ သို့မဟုတ် သီးခြားပြုလုပ်မှုကိုဖြစ်စေ၊ ကိစ္စရပ်ကိုဖြစ်စေ ဆောင်ရွက်စေခြင်းတို့အတွက် တားမြစ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့်အခွင့်အာဏာရှိရာ တရားရုံးသည် တားမြစ်အမိန့်ချမှတ်ရန်အတွက် ဖြည့်စွက်၍ လည်းကောင်း၊ အစားထိုး၍လည်းကောင်း နစ်နာမှုများအတွက် ထိုသူက အခြားသူသို့ ငွေပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

၄၄၇။**တရားရုံး၏အခြားသောအခွင့်အာဏာများကိုကန့်သတ်ထားမှုမရှိခြင်း**

ဤအခန်းတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ဤအခန်းပါအခွင့်အာဏာများအပြင် တရားရုံးက ရရှိသည့်အခွင့်အာဏာများကို ထိခိုက်စေခြင်းမရှိစေရ။

**မှုခင်းများစစ်ဆေးဆောင်ရွက်ရာတွင် စာရင်းစာအုပ်များကို အသုံးပြုခြင်းနှင့် စာရင်းစာအုပ်အမျိုးအစား**

၄၄၈။**စာရင်းစာအုပ်များကိုသက်သေခံအဖြစ်တင်ပြခွင့်ပြုခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များတစ်ရပ်ရပ်အရ ကုမ္ပဏီကထိန်းသိမ်းပြုစုထားရှိရသော စာရင်းစာအုပ်မူရင်းတစ်ခုခုကို မည်သည့်မှုခင်းစစ်ဆေးဆောင်ရွက်ခြင်းတွင်မဆို သက်သေခံအဖြစ် တင်ပြခွင့်ရှိပြီး ယင်းစာရင်းစာအုပ်သည် ၎င်းတွင်ဖော်ပြထားသော သို့မဟုတ် မှတ်တမ်းတင်ထားသော ကိစ္စရပ်များအတွက် မြင်သာသော အထောက်အထားရှိပြီးဖြစ်သည့် သက်သေခံချက်တစ်ရပ်ဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရမည့် မူရင်းစာရင်းစာအုပ်အဖြစ် ပြုလုပ်ထားသော စာရွက်စာတမ်းတစ်ရပ်ရပ်သည် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင်ဖော်ပြထားသည့်အတိုင်း ထိန်းသိမ်းထားသော စာရင်းစာအုပ်တစ်အုပ်ဖြစ်သည်။

၄၄၉။**စာရင်းစာအုပ်အမျိုးအစားများနှင့် သက်သေခံအထောက်အထားတန်ဖိုး**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိရန် သို့မဟုတ် ပြုစုထားရှိရန်လိုအပ်သည့်စာရင်းစာအုပ်များကို အောက်ပါအတိုင်း ထိန်းသိမ်းထားရှိရမည် သို့မဟုတ် ပြုစုထားရှိရမည် -

(၁) ချုပ်ထားသော စာအုပ် သို့မဟုတ် ချုပ်၍မထားဘဲ စည်းနှောင်ထားသော စာအုပ်တွင် ရေးသွင်းမှုများပြုလုပ်ခြင်း၊ သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိခြင်း သို့မဟုတ် သိမ်းဆည်းထားခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ပြုစုထားခြင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိခဲ့လျှင် စာရင်းစာအုပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ပြုစုထားရှိခြင်းကိုခွင့်မပြုရ-

(၁) မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော ကိစ္စရပ်များသည် မည်သည့်အချိန်တွင်မဆို စာဖြင့်ရေးသားပြုစုထားသည့် ပုံစံအနေဖြင့် ပြန်လည်ရယူနိုင်သည့် အခြေအနေတွင်ရှိခြင်း၊ သို့မဟုတ်

(၂) အဆိုပါ ကိစ္စရပ်များကို မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသောစာဖြင့် ရေးသားပြုစုထားသည့်ပုံစံအနေဖြင့် ပြန်လည်ရယူထားခြင်း။

(ဂ) ကုမ္ပဏီတစ်ခုသည် ဤဥပဒေအရ ၎င်းအနေဖြင့် ထိန်းသိမ်းထားရှိရသော သို့မဟုတ် ပြုစုထားရှိရသော စာရင်းစာအုပ်တစ်ရပ်ရပ် သို့မဟုတ် စာရင်းစာအုပ်၏ တစ်စိတ်တစ်ဒေသကို ထိခိုက်ပျက်စီးမှု၊ ဖျက်ဆီးမှု၊ သို့မဟုတ် အချက်အလက်များ မှားယွင်းစေရန် ပြင်ဆင်မှုများ မဖြစ်ပေါ်စေရန်အတွက် သော်လည်းကောင်း၊ ယင်းစာရင်းစာအုပ်ရှိ အချက်အလက်မှားယွင်းမှုများကို ဖော်ထုတ်ရန်အတွက်သော်လည်းကောင်း သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကြိုတင်ဆောင်ရွက်မှုများရှိခဲ့လျှင် အဆိုပါဆောင်ရွက်မှုများ အပါအဝင် ထိုက်သင့်သည့် ကြိုတင်ဆောင်ရွက်မှုများအားလုံးကို ပြုလုပ်ဆောင်ရွက်ထားရမည်။

(ဃ) ကုမ္ပဏီတစ်ခုသည် အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့်အခါ သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ အဆိုပါ အကြောင်းကိစ္စများပါဝင်သော စာရင်းစာအုပ်ကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် အဆိုပါ အကြောင်းကိစ္စများပါဝင်သော စာရင်းစာအုပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မိတ္တူများကူးယူနိုင်စေရန် ဤဥပဒေအရ ဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ်ရပ်သည် စာဖြင့်ရေးသားထားသည့်ပုံစံဖြင့်ထားရှိသော အကြောင်းကိစ္စများကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် ထိုအကြောင်းကိစ္စတစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စာဖြင့်ရေးသားထားပြီး ရှင်းလင်းကောင်းမွန်သည့်ပုံစံဖြင့် ရယူထားရှိသော စာရွက်စာတမ်းကို ပြုစုပေးနိုင်စေရန်အတွက် ပြုလုပ်ပေးရမည့်တာဝန်တစ်ရပ်အဖြစ် အဓိပ္ပာယ်ကောက်ယူရမည်။

(င) ဤပုဒ်မ၏ပုဒ်မခွဲ(ဃ) အရပြုစုထားရှိရမည့် စာရွက်စာတမ်းများတွင်ပါဝင်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် မည်သို့ပြင်ဆင်ပြုစုရမည်ဟူသော ညွှန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ထုတ်ပြန်နိုင်သည်။

(စ) အကယ်၍-

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် ဤဥပဒေအရ ထိန်းသိမ်းထားရှိရသည့် သို့မဟုတ် ပြုစုထားရှိရသည့် စာရင်းစာအုပ်သည် အကြောင်းကိစ္စတစ်ရပ်ရပ်အတွက် ထင်ရှားမြင်သာသောသက်သေခံအထောက်အထားဖြစ်လျှင်၊၎င်းပြင်

(၂) အဆိုပါ စာရင်းစာအုပ် သို့မဟုတ် စာရင်းစာအုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည့်အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိလျှင် သို့မဟုတ် မှတ်တမ်းတင်ထားရှိလျှင်။

ထိုသို့ မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားသည့်အကြောင်းကိစ္စများကို ထုတ်ယူရရှိသည့်စာဖြင့် ရေးသားထားသော စာရွက်စာတမ်းသည် အဆိုပါကိစ္စရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံအထောက်အထားဖြစ်သည်။

(ဆ) စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် အကြောင်းကိစ္စတစ်ခုကို စာဖြင့်ရေးသားထုတ်ယူခြင်းသည် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိလျှင် အဆိုပါ အကြောင်းကိစ္စ၏ စာဖြင့်မှတ်တမ်းတင်ထားရှိသည့် အကြောင်းကိစ္စတစ်ရပ်ဖြစ်သည်ဟုသတ်မှတ်ရမည်။

**စာရွက်စာတမ်းများကိုပေးပို့ခြင်းနှင့် ၎င်းတို့သည် အစစ်အမှန်ဖြစ်ခြင်းအကြောင်း**

၄၅၀။**ကုမ္ပဏီသို့စာရွက်စာတမ်းများပေးပို့ခြင်း**

စာရွက်စာတမ်းများကို ပေးပို့ဆောင်ရွက်ရမည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ စာရွက်စာတမ်းတစ်ရပ်ရပ်ကို ကုမ္ပဏီတစ်ခုသို့ အောက်ပါအတိုင်းပေးပို့ဆောင်ရွက်နိုင်သည်-

(က) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ ကိုယ်တိုင်ပေးပို့ခြင်း သို့မဟုတ် စာတိုက်မှတစ်ဆင့်ပေးပို့ခြင်း၊ သို့မဟုတ်

(ခ) ပုဒ်မ ၄၂၁ အရ မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားရှိရသည့် မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ ဒါရိုက်တာများအဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ပေးပို့ခြင်း၊ သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အဓိကနေရပ်ရှိ ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးဦးထံသို့ပေးပို့ခြင်း၊ သို့မဟုတ်

(ဃ) တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် စာပေးပို့ရန်အတွက် တရားရုံးကညွှန်ကြားသည့်နည်းလမ်းများနှင့်အညီ ပေးပို့ခြင်း၊ သို့မဟုတ်

(င) ကုမ္ပဏီနှင့်ပြုလုပ်ထားသော သဘောတူညီချက်တစ်ရပ်ရပ်နှင့်အညီပေးပို့ခြင်း။

၄၅၁။**မှတ်ပုံတင်အရာရှိထံသို့စာရွက်စာတမ်းများပေးပို့ခြင်း**

စာရွက်စာတမ်းတစ်ခုခုကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ဆောင်ရွက်ရာတွင် ၎င်းထံသို့ စာတိုက်မှတစ်ဆင့် သော်လည်းကောင်း၊ ကိုယ်တိုင်ပေးပို့ခြင်းဖြင့် သော်လည်းကောင်း၊ ၎င်း၏ရုံးခန်းသို့ ပေးပို့ခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၄၅၂။**စာရွက်စာတမ်းများအစစ်အမှန်ဖြစ်ခြင်း**

စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆောင်ရွက်မှုတစ်ရပ်ရပ်သည် အစစ်အမှန်ဖြစ်သည်ဟု ကုမ္ပဏီကဖော်ပြနိုင်သည့် အခြားသော နည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၃၁ အရ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည့်ယူဆချက်များကိုဖြစ်စေ ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ကုမ္ပဏီက အစစ်အမှန်ဖြစ်သည်ဟုဖော်ပြရန် လိုအပ်သော စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး၊ အတွင်းရေးမှူး သို့မဟုတ် အခြားသော အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိတို့က လက်မှတ်ရေးထိုးနိုင်သည်။ ဤကိစ္စတွင်ရုံးတံဆိပ်ခတ်နှိပ်ရန်လိုအပ်ခြင်းမရှိ။

**အခန်း (၃၀) ပြစ်မှုများနှင့်ခုခံချေပခြင်းအကြောင်း**

**သီးခြားပြစ်မှုများ**

၄၅၃။**မှားယွင်းသည့်ရေးသားဖော်ပြချက်အတွက်ပြစ်ဒဏ်**

မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ ကိစ္စရပ်များအတွက် ပြုလုပ်ရန် လိုအပ်သည့်အစီရင်ခံစာအတွက် အစီရင်ခံစာ၊ သက်သေခံလက်မှတ်၊ ငွေကြေးဆိုင်ရာရေးသားဖော်ပြချက်၊ သို့မဟုတ် အခြားစာရွက်စာတမ်းတစ်ရပ်ရပ်တွင် အရေးပါသော အချက်အလက်များနှင့်စပ်လျဉ်း၍ အဆိုပါ အချက်အလက်များမှာ မှားယွင်းနေသည်ကို သိလျက်ဖြင့် မှားယွင်းဖော်ပြခြင်း၊ သို့မဟုတ် လွဲမှားစွာတင်ပြခြင်းတို့ကို တမင်ပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင်၊ သို့မဟုတ် အဆိုပါ စာရွက်စာတမ်းများမှ အကြောင်းအရာတစ်ရပ်ရပ်ကို ချန်လှပ်ထားခြင်းသည် စာရွက်စာတမ်းကို မှားယွင်းစေခြင်း သို့မဟုတ် လွဲမှားစွာတင်ပြခြင်းဖြစ်စေကြောင်း သိလျက်ဖြင့် ထိုသို့ချန်လှပ်ထားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့လျှင် ထိုသူသည် ပုဒ်မ ၄၅၈ ၏ ပုဒ်မခွဲ(ဃ) အရသတ်မှတ်သည့်ဒဏ်ငွေကိုပေးဆောင်ရမည်။

၄၅၄။**ပစ္စည်းများကို မှားယွင်း၍ နုတ်ပယ်ထားခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်**

ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်အား လက်ဝယ်ရှိခွင့်ကို မှားယွင်းရရှိထားသော၊ သို့မဟုတ် လက်ဝယ်ရရှိထားသည့် ထိုပစ္စည်းတစ်ရပ်ရပ်ကို မှားယွင်း၍ နုတ်ပယ်ခြင်း သို့မဟုတ် ဤဥပဒေ သို့မဟုတ် ကုမ္ပဏီ၏ အခြေခံစည်းမျဉ်းပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသော သို့မဟုတ် ညွှန်ကြားထားသော သို့မဟုတ် ခွင့်ပြုထားသောကိစ္စရပ်မဟုတ်သော အခြားကိစ္စရပ်များအတွက် တမင်အသုံးပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ၊ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက တင်ပြတိုင်တန်းခဲ့ပါက ပုဒ်မ ၄၅၈ ၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့်ဒဏ်ငွေအတွက် ပြစ်ဒဏ်ထိုက်သင့်စေရမည်။ ၎င်းအပြင် တရားရုံးက သတ်မှတ်သည့်အချိန်ကာလအတွင်း မမှန်မကန်ရယူထားသော သို့မဟုတ် မှားယွင်း၍ နုတ်ပယ် ထားသောသို့မဟုတ် တမင်လွဲမှားစွာအသုံးပြုထားသော အဆိုပါ ပစ္စည်းများကို ပြန်လည်ပေးအပ်စေရန် သို့မဟုတ် ငွေကြေးပြန်လည်ပေးဆပ်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၄၅၅။**ဝန်ထမ်းများက အာမခံချက်များကို အလွဲအသုံးပြုခြင်းအတွက် ပြစ်ဒဏ်**

(က) ကုမ္ပဏီနှင့်ဆောင်ရွက်ထားသည့် တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်များအရ ကုမ္ပဏီ၏ဝန်ထမ်းများက ကုမ္ပဏီတွင် အပ်နှံထားရှိသည့်ငွေကြေး သို့မဟုတ် အာမခံချက်များအားလုံးကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုတွင် ထိုကိစ္စအတွက် ကုမ္ပဏီက ဖွင့်လှစ်ထားသည့်သီးခြားငွေစာရင်း၌ ကုမ္ပဏီက သိမ်းဆည်းထားရှိရမည် သို့မဟုတ် အပ်နှံထားရှိရမည်ဖြစ်ပြီး အဆိုပါ ငွေကြေး သို့မဟုတ် အာမခံချက်၏မည်သည့်အစိတ်အပိုင်းကိုမျှ တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်တွင် သဘောတူညီထားသည့်ကိစ္စရပ်များအတွက်မှတစ်ပါး ကုမ္ပဏီက သုံးစွဲခြင်းမပြုရ။

(ခ) ကုမ္ပဏီ၏ဝန်ထမ်းများ သို့မဟုတ် ဝန်ထမ်းအမျိုးအစား တစ်ရပ်ရပ်အတွက် အိုနာစာရန်ပုံငွေတစ်ရပ်ကို ကုမ္ပဏီက တည်ထောင်ထားရှိသည့်အခါ အဆိုပါ ရန်ပုံငွေသို့ ကုမ္ပဏီကဖြစ်စေ၊ ဝန်ထမ်းများကဖြစ်စေ ထည့်ဝင်ထားသည့်ငွေကြေးများအားလုံး သို့မဟုတ် အဆိုပါရန်ပုံငွေသို့ အတိုး သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်အရရရှိသည့်ငွေကြေးများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရားဝင်လိုင်စင်ထုတ်ပေးထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုတွင် ဖွင့်လှစ်ထားသည့်ငွေစာရင်း၌ အပ်နှံထားရှိရမည်၊ သို့မဟုတ် ယုံကြည်အပ်နှံရေး အက်ဥပဒေပုဒ်မ ၂၀ ၏ အပိုဒ် (က) မှ (င) အထိတို့တွင် ဖော်ပြပါရှိသော သို့မဟုတ် ရည်ညွှန်းဖော်ပြထားသော ငွေချေးသက်သေခံလက်မှတ်များအဖြစ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရမည်ဖြစ်ပြီး အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) နှင့်သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီနှင့်ယင်း၏ဝန်ထမ်းများအကြား ပြုလုပ်ထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ပါ ရန်ပုံငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်စည်းမျဉ်းများနှင့် တစ်စုံတစ်ရာ ဆန့်ကျင်ခြင်းရှိစေကာမူ မည်သည့်ဝန်ထမ်းကမျှ ဤပုဒ်မ၏ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါ ရန်ပုံငွေတွင် ၎င်းထည့်ဝင်ထားသည့် ငွေပမာဏအချိုးကျအတိုင်း အဆိုပါ ရင်းနှီးမြှုပ်နှံမှုမှရရှိသည့် အတိုးနှုန်းထက် ပိုမိုသော နှုန်းထားတစ်ရပ်ဖြင့် အတိုးငွေကို လက်ခံရရှိခွင့်မရှိစေရ။

(ဃ) ဝန်ထမ်းတစ်ဦးသည် ကုမ္ပဏီသို့တင်ပြတောင်းဆို၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က) နှင့်ပုဒ်မခွဲ(ခ) တို့တွင် ရည်ညွှန်းဖော်ပြထားသည့် ငွေကြေးအတွက် ဘဏ်လက်ခံပြေစာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ် ပိုင်ဆိုင်မှုအထောက်အထားများကို ကြည့်ရှုခွင့်ရှိသည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို သိလျက်ဖြင့် ဆန့်ကျင်ဆောင်ရွက်သော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ရန်ခွင့်ပြုသော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်စေသော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပုဒ်မ ၄၅၈ ၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့်ဒဏ်ငွေကိုပေးဆောင်ရမည်။

၄၅၆။**"လီမိတက်" ဟူသောစကားရပ်ကို မလျော်မကန်သုံးစွဲမှုအတွက် ပြစ်ဒဏ်**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်များသည် ကုန်သွယ်ရောင်းဝယ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း တို့ကို နောက်ဆုံးစာလုံးအဖြစ် "လီမိတက်" ဟူသော စကားရပ်ပါရှိသည့်အမည် သို့မဟုတ် ခေါင်းစဉ်တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခဲ့လျှင် တာဝန်ကန့်သတ်ပြီး တရားဝင်ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမဟုတ်ပါက ထိုသူ သို့မဟုတ် ထိုသူများသည် ပုဒ်မ ၄၅၈ ၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၄၅၇။**စာရင်းစာအုပ်များ၏ အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်မှုများအတွက်ပြစ်မှု**

(က) ကုမ္ပဏီတစ်ခု၏အရာရှိ၊ ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော အရာရှိ၊ ဝန်ထမ်း၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း၊ ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူ တစ်ဦးဦးသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ထုတ်ဝေသည့် ငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များနှင့်သက်ဆိုင်သည့် စာရင်းစာအုပ်တစ်ရပ်ရပ်၏ အချက်အလက်များကိုဖုံးကွယ်ခြင်း၊ ဖျက်ဆီးခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် မှားယွင်းစေရန် ပြင်ဆင်ခြင်း တို့ကိုပြုလုပ်မှုသည် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်ပြီး ဤဥပဒေအရ ပြစ်မှုမြောက်သည်။

ဆက်လက်ဖော်ပြပါမည်။

အကျီတံဆိပ်ရိုက် 1 Color ရှေ့+နောက် 100/- 80/- 60/-
အရေအတွက် ၁၀၀ မှ ၂၀၀,၀၀၀ ထိ (အမြန်)
Factory : No.1060, 69 Quarter, Minn Hla Sithu Street, DGSK T/S. 09-31789830

# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မှ

မြန်မာနိုင်ငံသားပိုင် စတုတ္ထမြောက် ဆက်သွယ်ရေး Operator လိုင်စင်(GSM)အား Myanmar National Tele & Communications Co.,Ltd. မှ (၁၂-၀၁-၂၀၁၇) ရက်နေ့တွင် ရရှိခဲ့မှုအပေါ် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူလူထုအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့

MT Myint Tech Co.,Ltd.

---

**TO RENT**
Restaurant Cafe, KTV
လုပ်ကိုင်ရန် ဌားမည်။ (ပွဲစားမလို) လုပ်ကိုင်သူ ဆက်သွယ်ရန်
09-5083315

---

**တိုက်ခန်းများ ရောင်းရန် ရှိသည်**
BCC ကျပြီး အသင့်နေနိုင်
မြေညီထပ်-350 သိန်း
ဒုတိယထပ်(၃လွှာ)-245 သိန်း
PH: 09 50 42 919
ဈေးနှုန်း အနည်းငယ် ညှိနိုင်း
ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း (အောက်)ဒေါပုံမြို့နယ်၊(ရန်ပြေမှတ်တိုင်၊ စည်းစိမ်ရှင် လက်ဖက်ရည်ဆိုင်ဘေးလမ်း)
အကျိုးဆောင်များ ၃%

---

**ရောင်းမည်(သိန်း-၁၂၀၀)**
အောင်ဆန်းကွင်းအနီး၊ ဂျိုးဖြူလမ်းမပေါ်၊ မြေညီတိုက်ခန်းနှင့် ခြံခတ်ပြီးမြေပို ပေ(၅၀×၇၅) ကွန်ကရစ်ခင်းပြီး၊ ကား(၇)စီးဆန့်၊ မီတာ(၂)။
ဖုန်း-၀၉-၂၆၄၀၀၆၇၉၅

---

**ခြံ/မြေ ရောင်းမည်**
ရန်ကုန်/ပဲခူးမင်းလမ်း၊ လှည်းကူးပညာရေးကောလိပ်အနီး၊ မြေ (၁)ဧကခန့် အကျယ်အဝန်း၊ နှစ် (၃၀)ဂရန်ကျပြီး၊ 100 KVA ထရန်စဖော်မာ အပါအဝင် ရောင်းရန်ရှိသည်။ ညှိနှိုင်းဈေး
Ph:09-31341488, 09-795331252, 09-43168411

---

**CALIFORNIA UNITEC**
Institute of Engineering
Edinburgh Napier UNIVERSITY

**2017 January Intake အတွက် ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။**

- ၁၀ တန်းအောင်၊ ND (National Diploma) Level 3 အောင်၊ GCE "O" Level အောင်၊ တက္ကသိုလ် ပထမနှစ် ⟶ Civil Engineering Foundation Course
- GCE "A"Level၊ တက္ကသိုလ် ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် ⟶ HND (Level 4 ) ⟶ HND (Level 5)
- HND နှင့် B.Tech အောင်မြင်ပြီးသူများ ⟶ B.Eng (Hons) Civil Engineering (Edinburgh Napier University – UK )
- B.Eng (Hons) Civil Engineering Program အတွက် Edinburgh Napier University မှ Professor ကြီးများကိုယ်တိုင် လာရောက်သင်ကြားမည်ဖြစ်ပါသည်။
  - B.Eng (Hons) Civil Engineering Course တက်ရောက်နေစဉ်အတွင်း Internship Program များလုပ်ဆောင်ရမည်ဖြစ်ပါသည်။
  - ပြည်တွင်းရှိ Site များအပြင် ပြည်ပနိုင်ငံများဖြစ်သော (Thailand, Singapore, Malaysia, Australia) နိုင်ငံများရှိ Site များသို့လည်း သွားရောက်လေ့လာနိုင်ပါသည်။
  - Student Exchange Programme အနေဖြင့် Edinburgh Napier University သို့သွားရောက်နိုင်ပါသည်။
  - B.Eng (Hons) Civil Engineering ဘွဲ့အတွက် Graduation Ceremony ကို Edinburgh Napier University (UK) တွင်လည်း တက်ရောက်နိုင်ပါသည်။
  - Edinburgh Napier University မှ Learning Teaching Assessment များအသုံးပြုနိုင်ပြီး Library Access များလည်းရရှိမည်ဖြစ်ပါသည်။

ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40
www.facebook.com/californiaunitec

---

**တန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ်(၃၈၁/ခ)၊ မြေကွက်တည်နေရာအမှတ် (၃၈၁/ခ)၊ ၁၄၁-ရပ်ကွက်၊ ဒဂုံ/တောင်မြို့နယ် ဦးစောလှဝင်းတင် အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးစောလှဝင်းတင် ထံမှ အရောင်းစာချုပ်အရ ... (၂၃-၉-၁၀)တွင် ဒေါ်ရီရီဇော (၉/သဃန(နိုင်)၀၁၂၉၇၈)မှဝယ်ယူခဲ့ပြီး ... ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၁(ရွာမ)၊ မြေကွက်အမှတ်-၅၈/A၊ ဧရိယာ ၀.၁၁၅ဧက မြေကွက်တည်နေရာအမှတ်-မ/၁၂၀၊ ကျောင်းလမ်း ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (မောင်ရွှေဂေါင်း) အမည်ပေါက် မြေပိုင်မြေ၊ ၃(က)ရပြီးမြေအား အင်းစိန်မြို့နယ် တရားရုံး တရားမကြီးမှုအမှတ်(၁၂၀/၁၅)ဖြင့် ပဋိညာဉ်အတိုင်း မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် ၃(က)လျှောက်ထားပေးစေလိုမှု၏ ၅-၁-၂၀၁၆ရက် တရားရုံးစီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်-၁၈/၂၀၁၆ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၂၆-၂-၂၀၁၆ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအမိန့်၊ ၂၉-၂-၂၀၁၆ရက် ဘီလစ်ခန့်အပ်စာ၊ ၃(က) လက်မှတ်တင်ပြ၍ ဘီလစ်ဒေါ်မိုးမိုးအေး [၁၂/အစန(နိုင်)၁၂၂၁၈၄]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

Since 1996
**ပုလဲ**
(သူငယ်တန်းမှ ၁၀တန်း)

**ဆရာဝန်များဦးစီးသော**
**စံပြဘော်ဒါ နှင့်**
**ကိုယ်ပိုင်အထက်တန်းကျောင်း**




မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ ဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။

(၈)တန်းအစိုးရ၀စ် အတွက်လည်း အထူးလေ့ကျင့်ပေးသည်။ (၉)တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀)တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။

(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင်း ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။

၂၀၁၇ ကြိုအပ်လက်ခံပြီ အမှတ် (၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၇၇၈၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂

## 4TV ၏ တစ်ပတ်တာကြည့်ရှုရေးအစီအစဉ်ကောင်းများ

( ၂၁ - ၁ - ၂၀၁၇ မှ ၂၇ - ၁ - ၂၀၁၇ အထိ)

High Definition ရုပ်သံလိုင်းများ — MRTV-4 HD, Channel7 HD, Nat Geo WILD HD, National Geographic Channel HD, HBO HD, tvN, Fox HD, Fox, Fox, Fox Movies, Fox Action Movies, Star World HD, 4 HD, 4 HD2, 4 Ladies

ရုပ်ရှင် ရုပ်သံလိုင်းများ — Fox Movies, HBO, Fox Family Movies, FOXCRIME, Star Chinese, CINEMAX, 4 Cinema2, 4 Cinema, 4 Drama, 5 Special, 5 Series, 5 သုခမ, 5 Movies

### ၂၁.၁.၂၀၁၇ (စနေနေ့)

Fox Movies 07:30 PM Eddie The Eagle




For Cinema 02:30 PM Definitely Maybe





For CINEMA 2
9:44 AM သက်ရှိရုပ်ကြွင်း
နေတိုး၊ဖွေးဖွေး၊သားညီ
7:33 PM သစ်ရွက်စိမ်းလေးရဲ့အချစ်
ပြေတီဦး၊အိန္ဒြာကျော်ဇင်

5 သုခမ
2:32 PM နှင်းခါးပိုင်
နေတိုး၊ဝတ်မှုံရွှေရည်
7:49 PM နှလုံးလှလှမိုက်
နေအောင်၊မင်းမော်ကွန်း၊နန္ဒ
မြင့်မြင့်ခင်၊မြတ်ကေသီအောင်၊
မေသဥ္ဇာဦး၊ခိုင်သင်းကြည်

### ၂၂.၁.၂၀၁၇ (တနင်္ဂနွေနေ့)

4HD 07:00 PM Blood Father




5 Movies 09:45 PM Suicide Squad





For CINEMA 2
9:43 AM ဥ
ကျော်ရဲအောင်၊ခန့်စည်သူ၊
စိုးမြတ်သူဇာ
4:45 PM မစ်(စ်)ကောလ်
မြင့်မြတ်၊ခင်ဝင့်ဝါ

5 သုခမ
6:14 PM မစ်(စ်)ကောလ်
မြင့်မြတ်၊ခင်ဝင့်ဝါ၊
စင်ဒီဝင်းထွန်းထွန်း
7:47 PM မာဗီရှိန်း
ရန်အောင်၊နေတိုး၊
အိန္ဒြာကျော်ဇင်

### ၂၃.၁.၂၀၁၇ (တနင်္လာနေ့)

4HD 2 06:45 PM Dead Rising




Fox Family Movies 06:30 PM College Road Trip



For CINEMA 2
10:14 AM ရာဇဝင်ထဲကအလန်း
ကျော်ကျော်ဗိုလ်၊မိုးယုစံ
9:42 PM ချွန်စက်
စည်ဖြိုး၊ခင်ဝင့်ဝါ၊သားညီ


5 သုခမ
10:55 PM အခြောက် ကိုယ်ရံတော်
ဇေရဲထက်၊ရွှေမှုံရတီ

### ၂၄.၁.၂၀၁၇ (အင်္ဂါနေ့)

Fox Action Movies 07:00 PM Jumper



5 သုခမ 05:06 PM ညီ



For CINEMA 2
2:06 PM အချစ်မြို့သူ
နေမင်း၊ရွှေမှုံရတီ၊သားညီ
3:47 PM မေးခွန်းနံပါတ်၃
ခန့်စည်သူ၊အိချောပို

5 သုခမ
6:53 PM နေနဲ့ပွင့်တဲ့ ကုမုဒြာ
ဇေရဲထက်၊မင်းဦး၊နန်းဆုဦး

### ၂၅.၁.၂၀၁၇ (ဗုဒ္ဓဟူးနေ့)

For Ladies HD 10:00 PM Grandpa Over Flowers



For Cinema 06:06 PM The Queen





For CINEMA 2
8:47 PM စိတ်ကူးယဉ်အိပ်ရာထဲမှာ
ခန့်စည်သူ၊အိချောပို
10:58 PM လေဆန်ကိုဓားနဲ့ခွန်းခဲ့သူ
အောင်ရဲလင်း၊သဥ္ဇာနွယ်ဝင်း

5 သုခမ
5:52 PM အမေရာကိန္နရီ မဒီသမ္မာလနှင့်
နေတိုး၊စိုးမြတ်နန္ဒာ၊ချစ်သုဝေ

### ၂၆.၁.၂၀၁၇ (ကြာသပတေးနေ့)

4HD 2 06:55 PM Kung Fu Hustle




5 Series 08:00 PM ခေါက်ဆွဲဘုရင်၏ ရာဇဝင်သွေးကြွေး




For CINEMA 2
4:07 PM အချစ်ထိပ်တန်းလျှို့ဝှက်ချက်
မောင်၊မင်းဦး၊ဖွေးဖွေး
7:46 PM မဝေးချင်တဲ့သူ
ပြေတီဦး၊ထူး၊သက်မွန်မြင့်


5 သုခမ
3:26 PM နှင် ဆိုတဲ့ ငါ
ဟိန်းဝေယံ၊စိုးမြတ်နန္ဒာ၊
စံရတီမိုးမြင့်၊ရွှေပိုးအိမ်

### ၂၇.၁.၂၀၁၇ (သောကြာနေ့)

4HD 07:00 PM The Monkey King




5 Movies 06:05 PM Resident Evil




For CINEMA 2
9:42 AM ချစ်ခွင့်
နေတိုး၊သက်မွန်မြင့်
3:34 PM အချစ်ဖြင့်ကမ္ဘာတည်သော
ကောင်လေး
အောင်ရဲလင်း၊မိုးဟေကို

5 သုခမ
8:54 PM မတော်တဆ အချစ်
အောင်ရဲလင်း၊ဝတ်မှုံရွှေရည်

4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

# 4TV ၏ တစ်ပတ်တာကြည့်စရာအစီအစဉ်ကောင်းများ

( ၂၁ - ၁ - ၂၀၁၇ မှ ၂၇ - ၁ - ၂၀၁၇ အထိ)

## အားကစားရုပ်သံလိုင်းများ

Fox Sports 3 — 8:50 PM — Bundesliga 2016-17 Bremen vs Dortmund (LIVE)



Fox Sports — 6:30 AM — Australian Open Tennis 2017 Round 4 (LIVE)




Fight Sports — 11:30 AM — MEGA Fights Adrian Broner vs.Jason Litzau / Saul (Canelo) Alvarez vs. Ryan Rhodes



Fox Sports 3 — 1:30 PM — AMA Pro Motocross 2016 : Hangtown Classic 1




Fox Sports 2 — 7:30 AM — College Basketball 2016-17 Villanova vs Marquette (LIVE)



Fight Sports — 7:30 PM — World Championship Kickboxing Sergei Morari vs. Roman Zobin



Fox Sports — 10:30 AM — Australian Open Tennis 2017 Mixed Doubles Semifinals #37 (LIVE)




## သတင်းနှင့်ဗဟုသုတ ရုပ်သံလိုင်းများ

fyi, — 6:30 PM — Flip This House (S5) Rudy In Charge



National Geographic Channel — 6:30 PM — Great Migrations : Race to Survive




Nat Geo People — 8:45 PM — Valentine Warner Eats Scandinavia




Animal Planet — 3:50 PM — Secret Life of Pets




History — 9:30 PM — Asia's Special Forces With T. Schappert Episode #1




Nat Geo Wild — 8:05 PM — Dr. Oakley Yukon Vet : No Bull




fyi, — 6:30 PM — Best New Restaurant Operated By Couples



## ဖျော်ဖြေရေး ရုပ်သံလိုင်းများ

AXN — 05:45 PM — CSI:Cyber



5 — 09:00 PM — Maleficent




ANIMAX — 09:30 PM — Gabriel Dropout



Star World — 04:35 PM — The Bachelor




4 for KIDS — 11:43 AM — Shaun The Sheep



5 — 09:00 PM — Mr. Peabody & Sherman




TLC — 08:30 AM — Amazing Eats



www.4tv.com.mm, www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

